

www.burmeseclassic.com
BURMESE CLASSIC .com
မယ်မင်းဘုံ
ဘာညာ သာရကာ
၂ လင်
www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ



## ဘာညာသာရကာ

စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## မိတ်ဆက်ခြင်း

အားလုံးပဲ မင်္ဂလာပါ။

ဒီမိတ်ဆက်ခြင်းဆိုတဲ့ ခေါင်းစဉ်အရ အရင်ဆုံး မိတ်ဆက်ပေးချင်တာကတော့ ကျွန်တော့်နာမည်"နေ"ပါ။ သူများကပြောပြမှ ကျွန်တော့်အကြောင်း သိတာထက် ကျွန်တော်က ပြောပြလို့ ကျွန်တော့်အကြောင်းသိတာက ပိုကောင်းမယ်လို့ ထင်တာပဲဗျာ။

OK ... ဒါဆို ကျွန်တော် ပြောပြမယ်။

"နေ"ဆိုတဲ့ ကျွန်တော်က သွားလေရာနေရာတိုင်းမှာ "ကင်း"လို့ သတ်မှတ်ခြင်းခံရတဲ့သူပါ။ ဒါ ကျွန်တော်အပိုပြောတာ မဟုတ်ပါဘူး။ ကျွန်တော့်ကို မြင်ဖူးတဲ့သူတိုင်းကို မေးကြည့်ရင် သိနိုင်ပါတယ်။ အဲဒါ ထားပါ။ ကျွန်တော် အဓိကမိတ်ဆက်ပေးချင်တာက ကျွန်တော့်ရဲ့ masterpiece တွေကိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပျော်ပျော်နေတယ်။ လူတစ်ယောက် နှစ်လိုဖွယ်ဖြစ်သွားအောင် ဖန်တီးနိုင်တဲ့ အစွမ်းအစရှိတယ်။ ပြီးတော့ ဆော်ကြည်တယ်။ ကောင်မလေးတွေကြိုက်တဲ့ ကျွန်တော်က ကောင်မလေးတွေကြိုက်အောင်နေတော့ ကျွန်တော့်ဆီမှာ ကောင်မလေးတွေ အများကြီးရှိလာတယ်။ အဲဒီတော့ ကောင်မလေးတွေကပဲ ကျွန်တော့်ကို ချစ်စနိုးနဲ့ နာမည်ပေးကြတယ်။

"ခပ်ရှုပ်ရှုပ် ကင်းစုတ်လေး"

တဲ့ ...။

ကြိုက်တဲ့အမည်နာမပေးပေး ကျွန်တော်ကကျွန်တော်ပဲလေ။ "ကင်း"က "ကင်း"ပါပဲဗျာ။ ဒါပေမဲ့ တစ်ခုတော့ ယုံပေးပါ။ ကျွန်တော်က ကောင်မလေးတွေ ပြောသလို "ခပ်ရှုပ်ရှုပ် ကင်းစုတ်"ပေမယ့် သစ္စာတရားကို မြတ်နိုးတဲ့သူပါ။ ဒါကြောင့် တစ်ယောက်နဲ့ပြတ်စဲမှ နောက်တစ်ယောက်ကိုတွဲတယ်။ တွဲနေသမျှ ကာလပတ်လုံးတော့ ကျွန်တော်ဟာ ရည်းစားကောင်းတစ်ယောက် ဖြစ်ခဲ့တာချည်းပါပဲ။

အဲဒါကတော့ လုံးဝယုံကြည်လို့ရတဲ့ အာမခံချက်ပါ။ မယုံရင် ကျွန်တော်နဲ့ပြတ်သွားပြီဖြစ်တဲ့ ကောင်မလေးတွေကို မေးကြည့်လိုက်ပါ။ ကျွန်တော့်ရဲ့သစ္စာတရားကို ကျွန်တော်ပြောပြတဲ့စကားနဲ့ သူတို့ ပြန်ပြောပြပါလိမ့်မယ်။





ကျွန်တော်ရည်းစားတိုင်းအတွက် သစ္စာတရားကတော့ ...

"ကောင်မလေးဆီက
ချစ်တယ်လို့ ကြားလိုက်ရတဲ့အခါ
ကျွန်တဲ့ရင်ခုန်သံအားလုံးဟာ
ဘာညာသာရကာတွေပါ"

တကယ်ပါ ...။ ကျွန်တဲ့ရင်ခုန်သံတွေက ... ဘာညာသာရကာတွေပါ။ ။

❣ ✦ ❣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၂ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Maeminbon"



www.burmeseclassic.com

www.burmeseclassic.com



# ၁

နေသည် မကြာခင်မှာ ရည်းစားဖြစ်တော့မည့် ချယ်ရီမေလင်းအတွက် သစ္စာစကားကို အဆင်သင့်ပြင်ထားစဉ်မှာ ချယ်က သူ့ကို အချစ်မျက်ဝန်းတွေဖြင့်ကြည့်၍ အင်မတန်မှ နားထောင်ကောင်းသည့် ရှမ်းသံဝဲဝဲလေးဖြင့် စကားဆိုလေသည်။

"ချယ့်ကို ဘယ်အချိန်မှာ အသည်းခွဲမယ်လို့ ရည်ရွယ်ထားလဲ နေ"

"ကိုယ်က ဘယ်သူ့အသည်းကိုမှ မခွဲရဲပါဘူး ချယ်ရယ်။ ချယ့်ကိုလည်း အသည်းခွဲဖို့ ဘယ်တုန်းကမှ မရည်ရွယ်ပါဘူး။ အခုချိန်မှာ ကိုယ်က ချယ့်ကိုချစ်တယ်။ ချယ်ကသာ အဖြေတစ်ခုပေးလိုက်ရင် ကိုယ်တို့ ချစ်သူတွေဖြစ်သွားမယ်။ ဒါပဲလေ"





သူ့ရဲ့ပေါ့ပါးစွာပြောလေတဲ့ စကားကို ချယ်ကမကျေနပ်သေးစွာ ထပ်ရစ်တော်မူလေသည်။

"ရည်းစားတွေ ဖြစ်သွားပြီပဲ ဆိုပါတော့။ ချယ့်ကို ဘယ်အချိန်ထိ ချစ်နိုင်မှာလဲ၊ ချယ်တို့ ဘယ်အချိန် ပြတ်မှာလဲ"

နေသည် ချစ်စရာကောင်းသော ရှမ်းပျိုမေလေးရဲ့ အရစ်တတ်တော်မူခြင်းကို အပြုံးမပျက်ဘဲ ပွင့်ပွင့်လင်းလင်း ဖြေလိုက်တော့သည်။

"ချယ့်နှလုံးလမ်းကြောင်းမှာ ကျွန်းခံတဲ့အချိန် ရောက်ရင်တော့ ချယ် အချစ်ရေးမှာ ညံ့သွားမှာပဲ။ အချစ်ဆိုတာ ကံနဲ့ဆိုင်တယ် ချယ်။ ဘယ်တော့ပြတ်မလဲ ဆိုတာတော့ ကိုယ်လည်း မသိဘူး"

"နေကလေ ... တကယ့်လူဆိုးပဲ သိလား။ ချယ်လေ အဲဒီလိုလူကိုမှ ဘာလို့ချစ်မိသွားတာလဲ မသိဘူး"

နူးနူးညံ့ညံ့စကားလုံးကိုသုံးပြီး တင်ပြရမယ်ဆိုရင်တော့ အချစ်ဆိုတဲ့ ပန်းသီးတစ်လုံးဟာ ပန်းသီးဝိုင်အဖြစ် သူ့ကိုရီဝေစွာ ညှို့ယူထားပါသည်။ အဲဒီ ညှို့ယူမှုအတွက် စိတ်ချရမယ့် သစ္စာစကားကို ချယ့်အား မျက်ဝန်းတွေဆုံပြီး ကတိပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကစပြီး ချယ်နဲ့ ကိုယ်က ချစ်သူတွေဖြစ်သွားပြီနော်။ ကိုယ့်ကိုယုံနိုင်ပါတယ် ချယ်။ ချယ့်ဆီက 'ချစ်တယ်' လို့ ကြားလိုက်ရတဲ့အခါ ကျန်တဲ့ရင်ခုန်သံတွေ အားလုံးဟာ ဘာညာသာရကာတွေ ဖြစ်သွားပြီ ချယ် ...

အဲဒါ ကိုယ့်ရဲ့သစ္စာတရားပါ ချယ်"

ချယ်က သူ့သစ္စာတရားအတွက် ခေါင်းတစ်ချက်ညိတ်ကာ သူ့ရင်ခွင်ထဲ တိုးဝင်လာခဲ့သည်။ ကျယ်ပြောသော သူ့ရင်ခွင်ဟာ အခုချိန်မှာ ချယ့်အတွက်ပဲ ဖြစ်ပါသည်။ ချယ်က သူ့ကိုရည်းစားဖြစ်သည့် အထိမ်းအမှတ်အဖြစ် သူ့ကို"ကို"ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ပြီးတော့ ရည်းစားတွေရဲ့ လုပ်ပိုင်ခွင့် ပေါ်လစီအရ သူ့ကို သူ့ရဲ့အချစ်ဆုံးသူငယ်ချင်း ဒီပနှင့်သော်ဇအား မိတ်ဆက်ပေးနိုင်းပါတော့သည်။ အဲဒီအတွက် သူဟာ ဘော်ဒါနှစ်ကောင်ရှိရာ ကန်တင်းဆီသို့ ချယ့်ကို ခေါ်သွားကာ မိတ်ဆက်ပေးလိုက်၏။

"ဒါ ကိုယ့်ရဲ့အချစ်ဆုံး ဘော်ဘော်တွေ ချယ်။ သူက သော်ဇနိုင်၊ သူက ဒီပမျိုးနောင် တဲ့။ ချယ် ကိုယ့်ကို check ချင်ရင် ဒီကောင်တွေဆီ မေးလို့ရတယ်နော်။ ဟေ့ကောင်တွေ ဒါ ငါ့ကောင်မလေး ... နာမည်ကတော့ မင်းတို့ သိပြီးသားနော်"





"ဟာ ... bravo ဟေ့။ သားကြီး ... မင်းကတော့ လုံးဝ ဂွတ်ထပဲ၊ အဟဲ ... တွေ့ရတာ ဝမ်းသာပါတယ် မချယ်ရီမေလင်း။ ကျွန်တော်တို့ကို ခင်မင်နိုင်ပါတယ်"

"ဟုတ်ကဲ့ ... ကျွန်မကလည်း ဝမ်းသာပါတယ်။ ကိုသော်ဇနဲ့ ကိုဒီပကို ချယ် ခင်ပါတယ်ရှင့်"

ချယ်နှင့် ဟိုကောင်တွေကို မိတ်ဆက်ပေးပြီးနောက်မှာတော့ သူက လက်မှနာရီကို တစ်ချက်ငုံ့ကြည့်လိုက်ရင်းက ချယ့်ရဲ့ လက်ဖဝါးတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ ...

"ကဲ ... ချယ် အတန်းချိန်နီးနေပြီ။ ကိုယ် လိုက်ပို့ပေးမယ်။ ချယ် အတန်းပြီးတဲ့အချိန်ဆို ကိုယ်က နောက်တစ်ချိန်စမှာဆိုတော့ လာကြိုဖြစ်မယ် မထင်ဘူး။ ဖြစ်ပါ့မလား ... ဟင် ? "

"အင် ... ရပါတယ် ကိုကလည်း ချယ် နားလည်ပါတယ်။ ကို့ကို ညကျမှ ဖုန်းဆက်မယ်လေ"

"အိုခေ ... အဲဒါဆိုလည်း ပြီးရော။ လာ ... ချယ့်ကို အတန်းလိုက်ပို့ပေးမယ်"

သူက ချယ့်လက်ကိုဆွဲကာ သူ့စတိုင်လ်နှင့်သူ ခပ်ကော့ကော့ဖြင့် ချစ်သူလက်တွဲထွက်ပေမယ့် ကော်ရစ်တာ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသူအချို့ကတော့ သူနှင့် ချယ့်ကို ကွက်ကြည့် ကွက်ကြည့် ကြည့်ကာ တိုးတိုး,တိုးတိုး ပြောနေကြသည်။ အဲဒီလို တိုးတိုး ပြောလည်း ဂရုမစိုက်တတ်သော သူဟာ လက်ရှိချစ်သူ ချယ့်လက်တွဲကာ ချယ့်ရဲ့အတန်းဝထိ လိုက်ပို့ပေးခဲ့ပါသည်။

❣ ✦ ❣





ချယ်ရီမေလင်းဆိုတဲ့ ချစ်စရာကောင်မလေးနဲ့သူဟာ ရည်းစားတွေ ဖြစ်သွားကြပြီးနောက်မှာတော့ သူတို့ကျောင်းက ကောင်မလေးတွေရဲ့ပါးစပ်ဖျားမှာ ချယ်ရီမေလင်းဟာ အမြင်ကတ်စရာ ကြည့်မရတဲ့ ဆောတစ်ဖွဲ့ဖြစ်လို့ သွားပါသည်။ နေနဲ့မတန်ဘူး၊ ပြီးတော့ နေက ဘာထကြောင်တာလဲ စသဖြင့် မေးခွန်းပေါင်းများစွာကို သူက လုံးဝအုံးမစားဘဲ ချယ်နှင့် မြဲမြဲစွာတွဲနေတာကြောင့် သူ့ဘော်ဒါဘော်ကြွပ်တွေကပါ ဝေဖန်နေကြပါသည်၊

"ဘာလဲ နေ။ မင်း ချယ်ရီ့ကို အချစ်ဆုံးအဖြစ် သတ်မှတ်လိုက်ပြီလား။ ဖယားထပ်မရွှေ့တော့ဘူးပေါ့"

"ဟုတ်တယ်ကွ နေ။ သင်တန်းတစ်ဝန်းလုံး မင်းနဲ့ ချယ်ရီမေလင်းအကြောင်းကို စိတ်ဝင်စားနေကြတာနော်။ မင်း old flame လေး အကြင်နာကတောင် ငါ့ကိုလာမေးနေတယ်။ နေ ဘာဖြစ်သွားတာလဲတဲ့။ ဟေ့ကောင် ... မင်း စတန့်ထွင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သော်ဇနှင့် ဒီပက တစ်ယောက်တစ်ပေါက်ပြောနေကြတာကို သူက အေးဆေးနားထောင်ပြီးမှ တဟားဟားအော်ရယ်ရင်းက ပြန်လည်ဖြေရှင်းဖို့အတွက် ရေအေးအေးလေး တစ်ငုံကို မော့သောက်လိုက်ပြီးမှ ...

"ဟား ဟား ... ဘာကြီးလဲကွာ။ question တွေကလည်း ဒိတ်အောက်လိုက်တာ။ ချယ်နဲ့ ငါတွဲတာ ဒီလောက်ထိ ဟော့ဖြစ်သွားလား။ အဲဒီ ဘာညာသာရကာ အရေးမပါတဲ့ သူတွေကလေ ဇယားကို လာကပ်တယ်။ ချယ်နဲ့ငါတွဲနေသရွေ့ မပြတ်သေးဘူးပေါ့။ အရင်ဆော်တွေလည်း ဒီလိုပဲ ဟာ အခုမှ ဘာထကြောင်တာလဲ"

"ဟား ... အရင်ဆော်တွေနဲ့ မင်းက အေးဆေးလေ။ တစ်လကျော် နှစ်လလောက်ဆို ရင်ခုန်သံတွေ အေးခဲသွားပြီ။ အခုဟာက မင်းနဲ့သူ တွဲနေတာ နှစ်လတောင်ပြည့်ပြီမှလား။ မပြတ်ကြသေးဘူးလား"

"ချယ်ရီက အေးဆေးတယ်ကွ။ သူ့ type က ငါ့ကိုဘာမှ အနှောင့်ယှက်မရှိဘူး။ အဲဒီတော့ ငါနဲ့သူ ဆက်တွဲဖြစ်တယ်။ ဒီသဘောပါပဲ။ သူက ငါ့ကို သိပ်ပြီးအုံးမစားတော့ အေးဆေးပဲ။ လောလောဆယ်တော့ မပြတ်လောက်သေးပါဘူး"





သူက အေးအေးဆေးဆေးပင် ပြောနေလိုက်လျှင် သူ့ဘော်ဒါတွေက သူ့အကြောင်းကို နှောကြေစွာဖြင့် ခေါင်းညိတ်ပြသည်။

သူတို့သုံးယောက်ဟာ တက္ကသိုလ်ရောက်မှ တွဲဖြစ်တယ်ဆိုပေမယ့်လည်း တစ်ယောက်နဲ့တစ်ယောက် စိတ်တူဝါသနာတူကြ၍ အရမ်းပေါင်းရသင်းရ ကောင်းလှပေသည်။ သော်ဇနှင့်ဒီပကလည်း သူတို့စတိုင်လ်နှင့်သူတို့ အမိုက်စားတွေမို့ သူတို့အဖွဲ့ဆိုကောင်မလေးတွေကြား အရမ်းစတားဖြစ်ပါသည်။

"ဩော် ... ဟော့ကောင်၊ ဒါနဲ့ မင်း မနက်ဖြန်အတန်းလစ်မယ်ဆိုတာ ဘာကိစ္စလဲ"

"ဟိုဟာပါ ... ချယ်က သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့တဲ့၊ ပြီးတော့ မုန့်လေးဘာလေး သွားစားကြမလားလို့။ အဲဒါကြောင့် အတန်းလစ်မှာ။ မင်းတို့ကော လိုက်ဦးမလား"

"နေပါကွာ။ ငါတို့က အကိတ်မှကြိုက်တာကွ။ မင်းဆော်က ပိန်းတိန်းတိန်းဆိုတော့ သူ့ဘော်ဒါတွေကလည်း လန်းမှာမဟုတ်ပါဘူး။ ရင်မခုန်ဘူး ဟော့ကောင်။ ငါတို့က မိတ်ကပ်မလိမ်းရင် မကြိုက်ဘူးကွ ဟဲ ... ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အချင်းချင်း နောက်ပြောင်ကာ စကားစမြည်ပြောဆိုကြခြင်းဖြင့် ဒီနေ့ အချိန်တွေ ကုန်စေတာဖြစ်သည်။ အဲဒီလိုပဲ သူတို့တွေဟာ တစ်နေ့ တစ်နေ့ စကားပြောလိုက်၊ ဆော်နဲ့ချိန်းထားရင် သွားတွေ့လိုက်နှင့် အရမ်းကို ပျော်ရွှင်စရာကောင်းသော Life style ဖြင့် ဘဝကို ဖြတ်သန်းနေကြသော လူငယ်လေးများဖြစ်ပါသည်။

❣ ✦ ❣





## ၂

"ကို ... ဒါက ချယ့်ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေလေ။ သူက စန္ဒီ၊ သူက အိပိုပိုမြင့်၊ သူက ရွှေပုံတိုးဝေတဲ့။ ချယ်တို့က သိပ်ခင်ကြတာ ကိုရဲ့ ...

သူငယ်ချင်းတို့ ဒါက နေလေ။ ငါ့ချစ်သူ"

ချယ့်ရဲ့သူငယ်ချင်းတွေဟာ ဟိုကောင်တွေပြောသလို တစ်ယောက်မှတော့ အလန်းတွေ မပါ,ပါ။ ချယ့်လိုပဲ ခပ်ရိုးရိုးတွေပဲဖြစ်သည်။ စန္ဒီဆိုတဲ့ ကောင်မလေးကတော့ ဝတုတ်ကလေးဖြစ်သည်။ အင်း ... မျက်နှာလေးကတော့ မဆိုးပါဘူး။ ပြီးတော့ အိပိုပိုမြင့် ... သူကတော့ ကလန်ကလားနှင့် ပြောင်ချော်ချော်မျက်နှာမျိုး။ အင်း ... နောက်တစ်ယောက် ရွှေပုံတိုးဝေကတော့ ဒိဒိုင်းလေးက တစ်မျိုးပါလား။ သူများထက် မျက်လုံးနှစ်လုံးပိုနေတဲ့ လေးလုံးမှန်ကြောင်ဖြစ်ပြီး ပိန်းဉလေးနှင့်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေသည် ချယ့်ရဲ့သူငယ်ချင်းတွေကို တစ်ယောက်
အကဲခတ်ပြီးနောက် အသိမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်
ကာ ...

"ဝမ်းသာပါတယ် ... တွေ့ရတာ"

"ဟုတ် ... ဒီတို့ကလည်း ကိုနေနဲ့ အခုလို ခင်မင်ရတာ ဝမ်းသာပါတယ်။ ချယ်က အရမ်းကဲကောင်းတာပဲ။ ဒီတို့ကို သူငယ်ချင်းလို ခင်ပေးမယ်မှလား"

"ဩော် ... အင်း"

သူက စိတ်မပါလက်မပါ လေသံကြီးဖြင့် "ဩော် ... အင်း"ဟု ပြောလိုက်ပေမယ့် တကယ့်တကယ်က ခင်ကိုမခင်ချင်ပါ။ ချယ်က သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပါရစေဆိုပြီး ခဏ ခဏ တောင်းဆိုနေတာကြောင့် အားနာလို့ မိတ်ဆက်ပွဲ လက်ခံလိုက်တာဖြစ်သည်။ သူ့ကောင်မလေးရဲ့ဘော်ဒါတွေဟာ ထူးပြီးစိတ်ဝင်စားစရာ ကောင်းတဲ့သူ တစ်ယောက်မှမပါပါ။

"ဟိ ... ဟိ ... ဟုတ်ပ၊ မိချယ်က တကယ်ကဲကောင်းတယ်။ ကိုနေ ... ကျွန်မရဲ့သူငယ်ချင်းက နည်းနည်းတော့ ဂျစ်ကျတယ်နော်"

"အင်း ... ရပါတယ်"





နေသည် ဖော်ရွေတဲ့ကောင်မလေးတွေရဲ့ ဖောတွေကို အလိုက်ထိုက် ပြန်ပြောနေရပေမယ့် စိတ်ကတော့ ညစ်လာပြီဖြစ်သည်။ ဘာလဲကွာ ... ကြောင်တောင်တောင်တွေ။ အတင်းကြီး ချယ့်ကို ကဲကောင်းတယ် မြှောက်ပြောပြီးတော့ သူ့နဲ့စကားရော ဖောရောလုပ် ဘာကြီးတွေမှန်းကို မသိပါ။ တော်သေးတာပေါ့။ ရွှေပုံတိုးစေဆိုတဲ့ ဟိုလေးလုံးက ဘာမှဝင်မပြောဘဲ ဖက်တီးမနဲ့ ကလန်ကလားကြားထိုင်ကာ သူတို့ပြောတာတွေပဲ ငုတ်တုတ်ထိုင် နားထောင်နေပေလို့။

"ကိုနေက သင်တန်းမှာ အရမ်း popular ဖြစ်တယ်နော်။ မင်းသားလုပ်ပါလား ကိုနေ။ ကိုနေသာ မင်းသားလုပ်ရင် အရမ်းမိုက်မှာ။ ဟဲ့ ... ဟုတ်တယ်မှလား မိချယ်"

စန္ဒီဆိုသော ဒေါ်ဖက်တီးက သွက်လက်တက်ကြွစွာ သူ့ကိုပြောလေလျှင် သူက ပြန်မဖြေချင်တော့ပေမယ့် ချယ့်မျက်နှာက ရှိသေးတာမို့ ခပ်မဲ့မဲ့တစ်ချက်ပြုံးကာ ပြန်ဖြေလိုက်တော့သည်။

"မလုပ်ပါဘူးဗျာ။ ကျွန်တော်က မင်းသားလုပ်တာ ဝါသနာမပါဘူးဗျ ...

ဩော် ... ချယ်၊ ကိုယ့်ဘော်ဒါတွေနဲ့ တစ်နေရာသွားဖို့ ချိန်းထားတာ မေ့နေတယ် ကြည့်စမ်း။ အဲဒါ ကိုယ်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုကလည်း ဒီနေ့ ရုပ်ရှင်လိုက်ကြည့်ပေးမယ် ဆို"

"ဟုတ်တယ်ကွာ၊ ဒါပေမဲ့ ဆောရီး။ ကိုယ် နောက်ရက်မှ လိုက်ကြည့်ပေးမယ်နော်။ ကဲ ... ကဲ အချိန်မရှိဘူး။ သွားမယ်နော်"

"ဟင် ... ချယ်ပါ လိုက်ရမလား ကို"

နေသည် စိတ်ရှုပ်လာပြီ ဖြစ်တာကြောင့် မျက်နှာကို တစ်ချက်မဲ့ကာ "မလိုက်နဲ့လေ"လို့ ခပ်ပြတ်ပြတ်ပြောကာ ထိုင်ရာမှထပြီးနောက်မှာ သူဟာ ချယ့်ရဲ့သူငယ်ချင်းသုံးယောက်ကို မျက်လုံးတစ်ချက် စွေကြည့်ကာ မကောင်းတတ်တာကြောင့် နှုတ်ဆက်ကာ ထွက်လာတော့သည်။

"သွားဦးမယ်ဗျ"

သိပ်ခင်စရာမကောင်းသော မိန်းကလေးသုံးယောက်နှင့် လက်ရှိသူ့ရည်းစား ချယ့်ကို ခေါက်ထားခဲ့ကာ တစ်လောကလုံးကို (...)ဂရုမစိုက်တဲ့ ဒီဇိုင်းဖြင့် ထွက်လာခဲ့တော့သည်။

❣ ✦ ❣





"ဟဲ့ ... နင့်ကောင်ကြီးကလည်း ဘဝင်က ထိပ်ရောက်နေတာ အမြင်ကတ်ဖို့ ကောင်းလိုက်တာဟာ"

ချယ်သည် ရွှေပုံရဲ့ဘဝင်မြင့်ကြောင်း ဝေဖန်မှုကို နားထောင်ကာ ကို့ကိုလည်း နည်းနည်းတော့ စိတ်ထဲတစ်မျိုးဖြစ်သွားသည်။ ချယ်က ကိုနှင့် ချစ်သူဖြစ်ခွင့်ရခဲ့သည့်အတွက် သိပ်ကံကောင်းသည်ဟု ယူဆထားသူဖြစ်သည်။ ကိုက ရည်းစားများတယ်ဆိုပေမယ့် လက်ရှိမှာ ချယ့်ကိုပဲချစ်ရှာသော ကို့ရဲ့သစ္စာကို ချယ်က ယုံကြည်လေသည်။ ဒါပေမဲ့ ကိုက တစ်ခါတစ်ခါမှာ ဘာမှန်းလဲမသိပါ။ ချယ့်သူငယ်ချင်းတွေကြားမှာ ချယ်ဟာ ကို့ရဲ့ မာကြွပ်ကြွပ်ဒီဇိုင်းကြောင့် နည်းနည်းတော့ ဂိုးသွားတာတော့ အမှန်ပဲဖြစ်သည်။

"အေးပါဟယ် ... ငါ တောင်းပန်ပါတယ်။ ကိုက ဒီနေ့ သွားစရာကိစ္စလေး ရှိနေတာ မေ့သွားလို့ပါဟဲ့။ နို့မို့ဆို အေးဆေးရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... သူ့ကိုယ်သူ ဘုရင့်သားတော်များ ထင်နေသလား မသိဘူး။ စန္ဒီနဲ့ အိပိုကလည်းလေ အလိုက်ကိုမသိဘူး။ ဟိုရုပ်က နင်တို့ကို Welcome လုပ်တဲ့ရုပ် ဟုတ်, မဟုတ် သဘောမပေါက်ဘူးလား။ တကယ်ပဲ အောက်လိုက်တာ"

ရွှေပုံက တောက်လျှောက် ပါးစပ်ပိတ်နေခဲ့သမျှ ခုမှအတိုးချပြီး အပြစ်ပြောနေလျှင် ချယ်သည် စိတ်တော့ညစ်သွားတာ အမှန်ပင်ဖြစ်သည်။ တစ်ယောက်နဲ့တစ်ယောက် ညီအစ်မတွေလိုချစ်ခင်ကာ ပြောမနာဆိုမနာ သွေးသောက်တွေထဲမှာ ချယ်က ကံထူးစွာဖြင့် သင်တန်းကျောင်းရဲ့ကင်းဖြစ်သော ရွှေမင်းသားလေးရဲ့ချစ်ခြင်းကို ခံယူရတော်မူလေသည်။

ချယ်တို့အုပ်စုဟာ နဂိုကတည်းက ကို့ကို ကျိတ်ကြွေနေကြသူတွေ ဖြစ်ပေသည်။ အခု ချယ်နှင့် ရည်းစားတွေဖြစ်ကုန်တော့ အားလုံးနှင့် ဘော်ဒါတွေဖြစ်ကုန်အောင် ချယ်က မိတ်ဆက်ပေးတာဖြစ်သည်။

"မှားတာရှိရင် တောင်းပန်ပါတယ် အချစ်ရယ်။ ငါ့မှာ ဒါလေးပဲ ရှားရှားပါးပါး ရှိတာမို့ စိတ်ကလေးကိုရှည်ပြီး သဘောတူပေးပါနော်"





ချယ်က ရွှေပုံကို ချွဲနွဲ့စွာ ချော့ပြောလိုက်လျှင် ရွှေပုံက မျက်စောင်းကြီးခဲကာ ...

"ဟွန်း ... ထားပါတော့။ ငါ့သူငယ်ချင်းက တကယ့် Star နဲ့ ရည်းစားဖြစ်နေတော့ သည်းခံရတာပေါ့ဟယ်။ ဒါပေမဲ့ ဟာ နင့်ဘဲက ငါတို့ကို မကြည်ဘူးဆိုလည်း ငါတို့ဆီ ခေါ်မလာနဲ့ဟာ။ တော်ကြာ နင် မျက်နှာပျက်မှာ စိုးရတယ်"

"အေး ... အဲဒါတော့ ဟုတ်တယ်ဟဲ့။ ချယ် ... နင့်လူက မာနခဲဆိုတော့ အစစအရာရာ သတိထားနော်။ ငါတို့အုပ်စုထဲမှာ နင် တကယ့်ကောင်လေးကိုမှ ရည်းစားရတာဆိုတော့ ငါတို့က နင့်အတွက် အရမ်းဂုဏ်ယူတာဟ"

"ဟုတ်တယ် ... ချယ်။ အခုဆို နင့်ကို ဒီတစ်ဝန်းလုံးက အမြင်ကတ်နေတာနော်။ တော်ကြာ နင်တို့ကြားထဲ ကတုံးကတိုက်လုပ်မှာ စိုးရတယ်။ ငါတို့က အရေးမကြီးဘူး။ နင့်ဘဲကို နင် အပိချုပ်နိုင်ဖို့ အရေးကြီးတယ်"

ချယ်သည် ချစ်သူငယ်ချင်းတွေရဲ့ ဆုံးမစကားကို ခေါင်းတညိတ်ညိတ်ဖြင့် နာခံကာ အဲဒီလိုလုပ်ရမယ်လို့ တေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟဲ့ ... ဟဲ့ ... ချယ် အိပ်ပိုပြောတဲ့ အပီချုပ်ဆိုတာ ရိုးရိုးပြောတာနော်။ ဟိုဟာ ဒီဟာ ပုံအပ်ဖို့မဟုတ်ဘူး ကြားလား"

"အေးပါဟယ် ... နင်တို့သူငယ်ချင်း ငါက အဲဒီလိုတန်ဖိုး မရှိတဲ့ မိန်းမလား"

"ယုံပါတယ် နင့်ကို။ ကဲ ... ကဲ ... ဒီနေ့ ငါ မဂ္ဂဇင်း တိုက်သွားပြီး စာမူပို့စရာရှိတယ်။ လိုက်ကြမလားဟေ့"

ချယ်တို့ထဲမှာ စာရေးဆရာမ ဖြစ်ချင်သော ကြိုးစားနေသူ ရွှေပုံ့ရဲ့ဆန္ဒကို အားလုံးက တညီတညွတ်တည်၊ ထောက်ခံပေးလိုက်ကြပါသည်။

"လိုက်ရမှာပေါ့ဟ။ ငါတို့က နင့်ရဲ့အမာခံပရိသတ်တွေပဲဟာ"

ချယ်တို့တွေဟာ အဲဒီလိုမျိုး အရမ်းချစ်ကြတဲ့ ချစ်သူငယ်ချင်းများ ဖြစ်ကြပါသည်။





နေသည် မနေ့ကမှ ဒီဇိုင်းပြောင်းလာသည့် hair style သစ်ကို မှန်ထဲမှာကြည့်ကာ ကိုယ့်ကိုယ်ကိုယ် အကျေနပ်ကြီး ကျေနပ်လို့ သွားပေသည်။ ဟဲ ... ဟဲ ... အရင်ကထက် ပိုမိုက်သွားသလိုပဲ။ ဒီကနေ့က ချယ်နဲ့ date လုပ်ထားတာမို့ အမိုက်စားဆင်နေတာ ဖြစ်ပေသည်။ နေသည် အခုဝတ်ထားတဲ့ ရှပ်ကို သိပ်မကြိုက်တာကြောင့် ပြန်ချွတ်လိုက်ကာ bodyfit စွပ်ကျယ်အဖြူစွတ်စွတ်ကို ဝတ်ဆင်လိုက်သည်။ ပြီးရင် ရင်ဘတ်အပြဲ ကုတ်လက်ရှည်ကို ထပ်ဝတ်ကာ Azzaro ရေမွှေး ကောက်ဆွတ်လိုက်သည်။ ဘောင်းဘီကတော့ TBY ဂျင်းပဲဖြစ်သည်။ အားလုံး လတ်ဆတ်လန်းဆန်းသွားသောအခါ သူဟာ ရက်ပ်ပါ ကက်ဦးထုပ်ကို ဘေးတစောင်းဆောင်း၍ လွယ်အိတ်ကောက်လွယ်ကာ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... breakfast တော့ မစားတော့ပါဘူး။ တော်ကြာ ဖခင်ကြီးနဲ့ တိုးနေရင် လက်ဖက်ခြောက်ခတ်နေဦးမယ်။ နေသည် ခြေဖွဖွနင်း၍ ညှော်ခန်းက ဖြတ်လာလျှင် ဖခင်ရဲ့ ထည်ဝါခန့်ညားသောအသံကို ကြားရသောကြောင့် ခြေလှမ်းတို့က တုံ့ခနဲရပ်သွားတော့သည်။

"ဟိတ်ကောင် ... ဒီကိုလာစမ်း"

နေသည် လေပူတစ်ချက်မှုတ်ကာ အဖေ့ဆီသို့တည့်တည့်လျှောက်လာကာ လက်ပိုက်၍ အပိုးကျိုးသော သားလိမ္မာလေး အထာဖမ်းကာ ...

"မောနင်း ... မင်္ဂလာနံနက်ခင်းပါ ဖေဖေ။ သားကို ဘာခိုင်းစရာရှိလို့လဲဟင်"

"ဟေ့ကောင် ... ဘာမှ အပိုတွေလာပြောမနေနဲ့။ ဖိုးနေ ... မင်း မိုးလင်းကမိုးချုပ် ကားတစ်စီးနဲ့ လျှောက်ပတ်နေတာ ဘယ်တော့မှ ပြီးမလဲ ဟေ။ အဖေ့အလုပ်ကို တစ်ချက်ကလေးမှ ကူဖော်လောင်ဖက် မရဘူး။ မင်း ဘာကောင်လဲ ဟေ့ကောင်"

အီး ... သွားပြီဟေ့။ နေသည် မေမေ့ကို စစ်ကူတောင်းဖို့ ရှာဖွေရေးလုပ်နေတာကို ဖေဖေက တွေ့သွားလျှင် အသံခန့်ခန့်ကြီးဖြင့် ပိတ်ဟောက်လေသည်။





"ဟိတ် ... ဘာမှရှာမနေနဲ့။ မင်းအမေ ဈေးသွားတယ်။ ကဲ ... ပြောစမ်း၊ အခုကော ဘယ်သွားမလို့လဲ"

"အဟဲ ... ဟိုဟာ ... သား သင်တန်းသွားမလို့"

ဖေဖေက လက်ကပတ်ထားသောနာရီကို တစ်ချက်ငုံ့ကြည့်လိုက်ကာ ...

"ထိုင်ဦး ... မင်းကို ငါပြောစရာရှိတယ်"

"ဟာ ... အဖေ၊ သား နောက်ကျ ..."

"တိတ်စမ်း ... ထိုင်ဆိုထိုင်။ မင်း သင်တန်းမတက်ရလို့ ဘာမှမဖြစ်ဘူး"

နေသည် မျက်နှာကို ရှုံ့မဲ့လိုက်ရင်း ဆိုဖာပေါ်ထိုင်ချလိုက်သည်။

ဒီနေ့တော့ ဖေဖေ့ရဲ့ရေနွေးဇယားက စလေပြီဖြစ်သည်။

"မင်း ဘာလုပ်မှာလဲ ဖိုးနေ၊ ပြောစမ်း"

"ဟာ ... အဖေကလည်း သားက ဘွဲ့လည်းမရသေးဘူး၊ ကျောင်းသားပဲ ရှိသေးတဲ့ဟာကိုဗျာ။ ကိုယ့်သားလေးကို ပညာတွေ အပြည့်အဝ ပေးသင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ငါ့ကို မရွဲ့နဲ့။ မင်းကို ငါက တခြားမှာ အလုပ်လုပ်ခိုင်းနေတာ မဟုတ်ဘူး။ ငါ့အလုပ်မှာပဲ ဝင်ကူခိုင်းတာ။ စစ်ထဲဝင်ဆိုတော့လည်း မင်းကမဝင်ဘူးလေ။ မင်း ဘာကောင်လဲ"

ဟား ... စိတ်ညစ်လိုက်တာဗျာ။ နေသည် ကျစ်ခနဲ စုပ်သပ်ကာ ဘာမှမပြောသေးဘဲ ပေကပ်ပြီး ငြိမ်နေရသည်။ ဖေဖေကတော့ အဲဒီလိုပဲဖြစ်သည်။ သူ့မျက်လုံးထဲမှာ ထောင့်မကျိုးတော့ဘူး၊ မျက်စိစပါးမွေးစူးပြီ ဆိုတာနဲ့ သူ စစ်ထဲမဝင်တာကိုပဲ အပြစ်တင်ကာ ပြောလို့မပြီးတော့ချေ။ သူကလည်း foreign going သွားဖို့ပဲ စိတ်ကူးထားတာ ဖြစ်တာကြောင့် အဖေ့အလုပ်ကို စိတ်လည်းမဝင်စားပေ။

"ဖေရာ... သားမှ အဖေ့အလုပ် ဝါသနာမပါတာ။ စာဖတ်ရတာလည်း ဝါသနာမပါဘူး။ proof စစ်ပေးဖို့လည်း စိတ်မဝင်စားဘူး။ Design ရွေးဖို့လည်း ပျင်းတယ်ဗျ။ သားက အဲဒါကြီးတွေ မကြိုက်ဘူး။ ကိုယ့်စိတ်ကြိုက် ကိုယ်လုပ်ချင်တာ"

"ခွေးကောင် ... တစ်သက်လုံး ဒီအလုပ်ကရတဲ့ပိုက်ဆံနဲ့ စားလာလို့ ဒီအရွယ်ရောက်လာတဲ့ ကောင်ကများ"





"ဟား ... အဖေကဗျာ ရစ်တယ်။ ကဲ ... သားနောက်ရက်အားတဲ့နေ့ကျရင် အဖေ့စာအုပ်တိုက်လာပြီး အကုန်ကူလုပ်ပေးမယ်ဗျာ။ ဟဲ ဟဲ ... အခုတော့ သားသားသင်တန်းသွားပြီ ဖေဖေကြီးရေ ... တာ့တာ"

နေသည် ဖေဖေ့ကို နောက်ရွှတ်ရွှတ်ပြောကာ အသားကုန် ပြေးထွက်လာခဲ့တော့သည်။ ဖားသားကြီးကတော့ ဆွေ့ဆွေ့ခုန်နေတော့မှာ ဖြစ်ပေ၏။ ထားပါ ... မနက်ဖြန်ကျမှ စာအုပ်တိုက်သွားပြီး ဘာညာသာရကာ နှမ်းဖြူးလိုက်ရင် ဖေဖေကြီးက ကြည်လောက်ပါပြီ။ သူက ကားကို တစ်ရှိန်ထိုးမောင်းချလာကာ သင်တန်းပရဝုဏ်ကြီးဆီသို့ ဦးတည်လာခဲ့သည်။ ဒီအချိန်ဆို ချယ်တော့ ရောက်နေလောက်ပြီ။

နေသည် ချယ်နှင့်ချိန်းထားရာ ကန်တင်းဆီသို့ လျှောက်လာခဲ့တော့သည်။ class မစသေးချိန်မို့ လူကတော့ ကန်တင်းမှာ အပြည့်ပဲဖြစ်သည်။ သူက မျက်လုံးကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်ရင် ချယ့်ကိုတော့မတွေ့။ ချယ့်ဘော်ဒါ ဟိုလေးလုံးကို သွားမြင်လေသည်။ ဟား ... ချယ်က ဘယ်ပျောက်နေပါလိမ့်။ သူဟာ အဲဒီမှန်ကြောင်မရှိရာကို ခပ်တည်တည်နှင့် လျှောက်လာကာ ထိုင်ခုံဆွဲဝင်ထိုင်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ချယ် မလာသေးဘူးလား"

မှန်ကြောင်က စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေရာက သူ့ကို မျက်လုံးလှန်ကြည့်ကာ ...

"မလာသေးဘူး၊ ခဏနေရင်တော့ ရောက်လာတော့မှာပါ"

ဟား ... ဒီဆော်က ဘာအထာလဲဟ။ သူ့လိုကင်းကိုတောင် မေးတစ်ခွန်း ဖြေတစ်ခွန်းနဲ့ ရင့်လှချည်လား။ နေသည်အမြင်ကတ်ချင်ချင်ဖြင့် ဒီဝိုင်းမှာပဲ ထိုင်ဖို့ဆုံးဖြတ်ကာ အစားအသောက် လှမ်းမှာလိုက်သည်။

"ဟော့ ... ဒီကို ရှမ်းခေါက်ဆွဲတစ်ပွဲ ကိုလာတစ်လုံးချပေးဟော့၊ မြန်မြန်လေးနော်"

သူတို့ဝိုင်းကို ကန်တင်းထဲမှာ ထိုင်နေသည့် ကောင်မလေးတွေက ကွက်ကြည့်, ကွက်ကြည့် ကြည့်နေကြသည်။ သူ့ကိုဆို သိပ်ပြီးစိတ်ဝင်စားကြသော မဒီပျိုမေ အစုံစုံကြားမှာ သူကလည်း တစ်ယောက်ကိုမှ ဂရုမစိုက်တဲ့အထာကြီး ဖမ်းထားတာကြောင့် သူနှင့်ဆိုအီချင်ကြတာတွေက ဒုနဲ့ဒေး။ ဘယ်သူမှ ဂရုစိုက်ပေမယ့် ကောင်မလေးတွေ အားလုံးနဲ့တော့ သူက ကြည်ပြီးသားဖြစ်သည်။

"ဟော့ ... ဒါနဲ့ မင်းနာမည်က ဘာ ? "





သူမက ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ကာ သူ့ကို စိုက်ကြည့်၍ ပြန်ပြောလေသည်။

"ရွှေပုံတိုးဝေပါ"

နာမည်ပြောပြီးသွားတာနှင့် သူမက စာအုပ်ပြန်ဖွင့်ကာ ဆက်ဖတ်နေလေလျှင် သူ့စိတ်ထဲ နည်းနည်းတော့ ဖုသွားသည်။ ဘာလဲ ... ဒီမိန်းမက ? ။ နေသည် ဒီဆော် ဘာစာအုပ်များ ဖြစ်နေလဲ ကြည့်လိုက်လျှင် ဝတ္ထုစာအုပ်ဖတ်နေတာဖြစ်သည်။ ဘာစာအုပ်လဲတော့ သူလည်းမသိချေ။ သူက ဘာမှဆက်မပြောတော့ဘဲ လာချပေးသည့် ရှမ်းခေါက်ဆွဲကို တူဖြင့်သမအောင်ရောနယ်ကာ ညှပ်ယူ၍ ပါးစပ်ထဲသွင်းခါနီးမှ သူမကို သတိရသွားပြီး ...

"ဟော့ ... စားမလား"

"မစားတော့ပါဘူး"

"ပြီးတာပဲ"

သူက ဗိုက်ကလည်း ဆာနေပြီဖြစ်တာကြောင့် ရှမ်းခေါက်ဆွဲကို အားရပါးရစားကာ ကုန်ခါနီးအချိန်လောက်မှ ချယ်က သူတို့ဝိုင်းကို အူယားဖားယား ရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆော ... ဆောရီးပါ ကို။ ချယ် အိမ်ကထွက်ခါနီး
အမေက ကိစ္စတစ်ခုခိုင်းနေလို့ နောက်ကျသွားတာပါ
ကို့ကို ဖုန်းခေါ်တာ ဧရိယာပြင်ပ ရောက်နေတယ်ချည်း
အော်နေတယ်"

"ထားလိုက်ပါတော့။ ရှင်းလည်း ရှင်းပြမနေနဲ့တော့
ထိုင်လေ ... တစ်ခုခုစား။ ဒီမှာ မင်းသူငယ်ချင်းက ကိုယ့်
ကိုမပျင်းရအောင် ဧည့်ခံနေတာ။ စကားတစ်ခွန်းမပြောဘူး"

"ကျွန်မက ဒီလိုပဲ နေတတ်တယ်ရှင့်"

သူက စိတ်မဝင်စားသည့်အထာဖြင့် ပခုံးတစ်ချက်
တွန့်ကာ ရှမ်းခေါက်ဆွဲ ဆက်စားနေလိုက်သည်။ ချယ်ကတော့
သူ့ဘေးကခုံမှာထိုင်ကာ မတုန်မလှုပ် ငုတ်တုတ်ထိုင်နေရင်းက
သူ့သူငယ်ချင်းမကို စကားလှမ်းပြောလေသည်။

"ရွှေပုံ ... ဒီဒီနဲ့ အိပို မလာသေးဘူးလား"

"အေး ... သူတို့တွေ ဒီနေ့မှ နောက်ကျနေတယ်ဟ။ နင်
တစ်ခုခုစားလေ"

"တော်ပြီ ... ငါမစားတော့ဘူး။ စားလာခဲ့တယ်"

နေသည် သူမတို့စကားပြောနေပုံကို နားထောင်ကာ
စိတ်ထဲမှာ ပျင်းသလို ရှိလာသည်။ တော်ပါပြီ။ သူ့ဘော်ဒါတွေ





ပဲ လေသွားဖောက်တာ ကောင်းပါတယ်။ အဲဒီအတွေးကြောင့်
နေသည် ပိုက်ဆံထုတ်ရှင်းပြီးနောက်မှာ ချယ့်ဘက်လှည့်၍ ...

"ချယ် အတန်းတက်ရမှာမလား။ ကိုယ် အရင်သွားနှင့်
တော့မယ်၊ သိပ်လည်း အချိန်မရတော့လို့"

"ဩော် ... ဟုတ်။ ကို စိတ်ဆိုးသွားလို့လားဟင်"

"Noproblem ပါကွာ။ အခုဟာက ဟိုကောင်တွေဆီသွား
မှ ဖြစ်မှာမို့။ ကိုယ် သွားပြီနော် bye bye"


နေသည် ပြောပြီးတာနှင့် ထွက်လာကာ ဟိုကောင်
တွေဆီသို့ သွားလိုက်တော့သည်။ ဟူး ... ပျင်းလာပြီထင်တယ်။
ချယ့်ကိုချစ်ရတာဟာ တဖြည်းဖြည်းနဲ့အေးဆေးလာပြီ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com







ဘာဖြစ်လို့ ချစ်တယ်

ဘာဖြစ်လို့ ပစ်ပယ်

အချစ် ... အသစ် ... အပြစ်


အားလုံးကင်းရင်

မင်းကိုချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com







# ၄

ရွှေပုံသည် ကိုယ့်ရဲ့ရှေ့မှာ တရှုံ့ရှုံ့ငိုနေလေသော ချယ့်ကိုကြည့်ကာ သနားလည်း သနားသလို ဟိုကောင့်ရဲ့မျက်နှာကို မြင်ယောင်ကာ ဒေါသတွေလည်း ထွက်လာမိပေသည်။ လုပ်ရက်လိုက်တာ။ ချယ် ဒီလောက်ချစ်မှန်းသိလို့ တမင်ချိုးတာ။ အခုတော့ အသည်းကွဲသူ ဒေါ်ချယ်ရီဟာ ရွှေပုံတို့ဆီမှာ ရင်ဖွင့်ပြောပြ၍ ငိုနေတာ နာရီတွေကြာပြီဖြစ်သည်။

"တောက် ... မိုက်ရိုင်းလိုက်တာဟာယ်။ ဘာ ... သင်းကများ ငါ့သူငယ်ချင်းကို။ ချယ့်ထက်ချစ်ဖို့ကောင်းတဲ့ ရင်ခုန်သံကိုတွေ့လို့ ချယ်က ကိုယ့်ရဲ့ဘာညာသာရကာ ဖြစ်သွားပြီ။ ဒါကြောင့် မေ့လိုက်ပါတော့။ ဟုတ်လား ... ဒီစာတွေ



www.burmeseclassic.com

www.burmeseclassic.com



စောင်နဲ့ ပြတ်ပြီတဲ့လား။ မိချယ် နင်က ဒီတိုင်း သူဖြတ်တာကို ငြိမ်ခံလာရလားဟဲ့”

ရွှေပုံက ဒေါ်တွေခွီးကာ ချယ့်ကို အားမလိုအားမရစွာဖြင့် လှုပ်ယမ်းကာ မေးလေလျှင် ချယ်က ငိုသံပါကြီးဖြင့် ပြန်ဖြေလေ၏။

“ဟဲ့ … သူက ငါ့ကို အတည်ကြီးပြောပြီး ဖြတ်သွားတာကိုး ငါက သူ့ဘောင်းဘီစဆွဲပြီး တောင်းပန်ရမှာလားဟဲ့။ အီး … ဟီး ဟီး၊ သူ အရမ်းရက်စက်တယ်။ ငါ့ကိုမချစ်တော့ဘူးတဲ့”

“အေး … သူ ရည်းစားများတယ်ဆိုတာလည်း နင်သိရဲ့သားနဲ့ သူ့ကောင်းမွေဆိုးမွေ အားလုံးကို ခံနိုင်တယ်ဆိုပြီး ခေါင်းညိတ်ခဲ့တာ နင်ပဲလေ။ ငါတို့မှာတော့ နင်တစ်ယောက်တော့ ကံထပြီဟဲ့ဆိုပြီး ဝမ်းသာနေတာ။ အခုတော့ ဟင်း … စိတ်ညစ်ပါတယ်။ နေ့ကို အလှကြည့်ဖို့ပဲ ကောင်းတယ်။ ချစ်ဖို့မကောင်းဘူး”

ဒီဒီက စိတ်ပျက်သံကြီးဖြင့် ဝင်ပြောကာ အာလူးကြော်တွေ တကြွပ်ကြွပ်ဝါးနေလျှင် ရွှေပုံသည် ဒီဒီမရဲ့လက်ကို ဖြုန်းခနဲ ဆောင့်ဆွဲကာ မတ်တတ်ထရပ်ပြီး …





“လာ … ဒီဒီ ဟဲ့၊ အိပို … ငါနဲ့လိုက်ခဲ့”

ရွှေပုံ့စကားကြောင့် အားလုံးက အံ့ဩမှင်တက်ဟန်ကြီးဖြင့် ရွှေပုံ့ကို ပြူးကြည့်ကာ …

“ဟဲ့ … ဘယ်သွားမလို့လဲ”

“ဟဲ့ … အရူးမတွေ ဘယ်သွားရမှာလဲ။ ငါတို့သူငယ်ချင်းကို ဒီလိုမျိုး မျက်ရည်နဲ့မျက်ခွက်ဖြစ်အောင် လုပ်သွားတဲ့ ဒီလိုအကောင်ကို စာရင်းသွားရှင်းရမှာပေါ့ဟဲ့။ ငါတို့ဘက်က ငြိမ်ခံနေလို့ မဖြစ်ဘူး။ ဒီကောင် တစ်ရှူးလုပ်တိုင်း ငါတို့က အမှိုက်ပုံးထဲ ဝင်နေရတော့မှာလား … ဟမ် ?”

“ဟဲ့ … ရွှေပုံ၊ ငါ အသည်းကွဲနေတာပါဟယ်။ ငါ့ကိုနားရှုပ်အောင် မပြောစမ်းပါနဲ့။ နင်ပြောတာ ဘာတွေလဲ။ သူ ငါ့ကိုဖြတ်တာနဲ့ တစ်ရှူးတွေ အမှိုက်ပုံးတွေက ဘယ်က ပါလာတာလဲ။ ရှုးချင်အောင် မလုပ်ပါနဲ့ဟာ … အီး … ဟင့် … ဟင့်”

“ဟား … နင်တို့ကလည်းလေ .သိပ်ပိန်းတာပဲ။ မိချယ်ကို ဟိုကောင်နေက တစ်ရှူးလုပ်သွားတာလေ။ တစ်ရှူးဆိုတာ တစ်ခါသုံး အပေါစားအဆင့်ဟဲ့။ သူလိုတာသုံးပြီးတာနဲ့ ရှော့ … ဟယ် ဆိုပြီး အမှိုက်ပုံးထဲ ပစ်လိုက်တာကို ဒီတိုင်း ငြိမ်ခံစရာလား။ စာရင်းသွားရှင်းမယ်လို့ပြောတာ”



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံက ကိုယ့်စကားကိုယ် ဘာသာပြန်ပြီးသွားသည့်နောက်မှာတော့ မရွှေချယ်က ပိုဆိုးကာ ဖြဲဖြဲစင် ငိုကြွေးပါတော့သည်။

"အမယ်လေး ... ငါ့ဘဝက တစ်ခါသုံး တစ်ရှူးဘဝတောင်ရောက်သွားပြီလား။ ဟင့် ... ဟင့် ... ကံဆိုးလိုက်တာ။ ကိုရယ် ချယ့်ကို တကယ်ရက်စက်ရက်တယ်"

အရေးထဲမှာ လာနုပြနေသော မိန်းမကို ရွှေပုံက မျက်စောင်းကြီးထိုးကာ အိပိုကို ထားခဲ့ဖို့ စဉ်းစားမိသွားသည်။ မတော်. ရွှေပုံတို့က ဟိုကောင်နဲ့ စာရင်းသွားရှင်းနေတုန်း ဒီမှာ သူ့ကိုယ်သူ တစ်ခုခုလုပ်လိုက်မှဖြင့်ဒုက္ခ။

"အိပို ... နင် ချယ်နဲ့နေခဲ့ဟာ။ သူ့ကိုနှစ်သိမ့်လိုက်။ ငါနဲ့ဒီဒီ ဟိုကောင့်ကို သွားချဲမယ်။ ဟဲ့ ... ချယ် ငိုမနေနဲ့တော့နော်။ နင် စိတ်ချ၊ ငါ ပိုးစိုးပက်စက် သွားကောပစ်မယ်။ ဟဲ့ ... လာ သွားမယ်"

ရွှေပုံက ဒီဒီ့လက်ဆွဲကာ လှည့်ထွက်လိုက်လျှင်တော့ ချယ်က အနောက်ကနေ လမ်းအော်ပြော၏။

"ဟဲ့ ... ဟဲ့ ... ရွှေပုံ ... ဒီဒီ နေ့ကို အရမ်းကြီးလည်း စွတ်ပြီးမပြောနဲ့နော် သိလား"





"နေ"ဆိုသော အကောင်ကို အခုထိ သံယောဇဉ်မပြတ်ဘူး လုပ်နိုင်သေးသည့် မိန်းမ မိချယ်ကို အမြင်ကတ်တာနှင့်ပါ ရောနှပေါင်းပြီး ဟိုအကောင့်ကို အသေကောရမည်။ ရွှေပုံသည် အဲဒီကောင်ကို အမုန်းဆွဲဖို့ နှာခေါင်းနားသို့ လျှောကျလာသည့် မျက်မှန်ကို ဆတ်ခနဲပင့်တင်ကာ ခြေလှမ်းကျဲကြီးများဖြင့် ဟိုကောင့်ဆီ ထွက်လာခဲ့တော့သည်။

သူတို့ဟာ ရုပါစတားအုပ်စုမို့ တပင်တပန်းကြီး ရှာစရာမလိုပါ။ ကောင်မလေးတချို့ကို ဇာစ်ချက် သတင်းတောက်လိုက်တာနဲ့ သူတို့ဘယ်မှာရှိတယ် ဆိုတာက သိရပြီဖြစ်သည်။ ကော်ရစ်တာရဲ့ပြတင်းပေါက်ပေါင်မှာ ဘောတစောင်းထိုင်ကာ မျက်မှန်အမည်းကြီးတပ်ကာ နေကြာစေ့ တဖြောက်ဖြောက်ကိုက်၍ လေပေးဖြောင့်နေသော ဟိုအကောင်နှင့် အပေါင်းအပါအုပ်စုကို မြင်တွေ့လိုက်ရလျှင် နဂိုကတည်းက တင်းနေသော စိတ်တို့ဟာ မီးကုန်ယမ်းကုန် ပေါက်ကွဲ၍ အဲဒီကောင်တွေဆီသွားကာ...

"ဟဲ့ ... ဒီမှာ၊ နင် ငါ့သူငယ်ချင်းကို ဘာအချိုး ချိုးသွားတာလဲ"

ဆောင့်ကြီးအောင့်ကြီး အော်သံကြောင့် သူနှင့် သူ့သူငယ်ချင်းတွေဟာ လန့်သွားပုံရပါသည်။ ပြီးတော့မှ သူက



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားတဲ့ မျက်မှန်အမည်းကြီးကို နဖူးပေါ်ပင့်တင်ကာ ရွှေပုံနှင့် ဒီဒီ့ကို မှုန်တေတေစိုက်ကြည့်၍ ...

"ဘာလဲ ... ဘာကိစ္စလဲ"

ကြည့်စမ်း ... ပြောပုံကိုက ဒီအကောင်ဟာ သိပ်ကို မိုက်ရိုင်းပါလား။ ရွှေပုံက ဒေါကြီးမောကြီးဖြင့် သူ့ကို စာရင်းရှင်းလိုက်ပါသည်။

"ဒီမှာ ... နင် ချယ်ရီ့ကို ဘာအချိုးချိုးသွားတာလဲ။ မိန်းကလေးတစ်ယောက်ကို ဒီလိုပုံစံမျိုးနဲ့ ဖြတ်စာပေးတာဟာ သိပ်အောက်တန်းကျလွန်းတယ်"

"ဘာ ... ဟော့ ... ဒီမှာ ... မင်းနဲ့ဘာမှမဆိုင်တဲ့ကိစ္စကို လာပြောမနေနဲ့။ မင်းသူငယ်ချင်း ကိုယ်တိုင်က ကျေနပ်ကြည်ဖြူစွာနဲ့ လမ်းခွဲတာ။ မင်းက ဘာလာ hero လုပ်နေတာလဲ ? "

ရွှေပုံသည် မြင်ပြင်းကတ်စရာကောင်းသော အဲဒီအစုတ်ပလုတ်ကင်းစုတ်ကို တလိမ့်လိမ့် ဒေါသတွေကြီးကာ သတ်တောင်သတ်ပစ်ချင်မိပေမယ့် ဘာမှ ပြန်မပြောနိုင်တာကတော့ ဝမ်းနည်းစရာပဲဖြစ်သည်။ အဲဒီလိုမပြောနိုင်တာ ဟိုမိန်းမ မိချယ်ကြောင့်။ သူသာ အဖြတ်မခံဘူး ဘာညာဆို ရွှေပုံတို့က အသာ





စီးက ကောလို့ရသေးသည်။ အခုတော့ မိချယ်သည် နေရဲ့ဖြတ်စာကို ကျေနပ်ကြည်ဖြူစွာ လက်ခံပြီးသွားတော့မှ အခုမှ "Baby you should break my heart" လုပ်ပြီး ထိုင်ငိုနေတော့ ဘာမှမတတ်နိုင်ပါပေ။ ဒါပေမဲ့လည်း ရွှေပုံက ကောတော့ကောရပါဦးမည်။

"ဟဲ့ ... ဒီမှာ ဘာပဲဖြစ်ဖြစ် နင့်ဘက်က ..."

ရွှေပုံသည် ဘာပြောရမှန်း မသိတော့စွာဖြင့် ဘေးက ဒီဒီ့ကို စစ်ကူတောင်းရလေတော့သည်။

"ဟဲ့ ... ဒီဒီ ပြောဦးလေ"

ချစ်စရာကောင်းသော မဒီဒီသည် အစားအသောက်မှာသာ လက်မနှေးပေမယ့် ပါးစပ်ကတော့ နှေးကွေးတုံ့ဆိုင်းလေသည်။ ရွှေပုံရဲ့လက်ကို အသာကုတ်ကာ ...

"ဟဲ့ ... ငါ ... ငါက ဘာပြောရမှာလဲ"

ဩော် ... သေပါတော့ဟယ်။ ဒီဒီ့ရဲ့အူတူအတပုံစံကြောင့် ရွှေပုံက အိမ်မြှောင်အမြီးညှပ်နေသလို ဆန့်ငင် ဆန့်ငင်ဖြစ်နေသောအခါ ဟိုအုပ်စုက ဟာသလုပ်ကာ ခွက်ထိုးခွက်လန်ရယ်မော၍ ...

"ဟား ဟား ... ဒီမှာ ရွှေပုံတိုးဝေ၊ မင်းသူငယ်ချင်းနဲ့ငါ့ဇာတ်လမ်းက ပြီးသွားပြီ။ ဘာမှဆက်ရန်မရှိဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ သူများအတွက် hero လုပ်ချင်တယ်ဆိုလည်း ပြောဖို့ စကားလုံးလေး ဘာလေး ကြိုကျက်လာခဲ့ ... ကြားလား။ အခုတော့ မင်း တော်လ်ကီတွေ နားထောင်ဖို့ အချိန်မရှိသေးဘူးကွာ။ ယောကောင်တွေ ... သွားရအောင် ဟေ့"

နေဆိုသောအကောင်ဟာ နဖူးပေါ်ပင့်တင်ထားတဲ့ မျက်မှန်ကို ပြန်တပ်လိုက်ကာ ရွှေပုံ့ရှေ့ကနေ လုပ်ရယ်ကြီးရယ် ကာ သူ့ဘော်ဒါတွေကို ပခုံးဖက်၍ ကော့ကော့ကြော့ကြော့နှင့် ထွက်သွားလေတော့သည်။ ကြိတ်မနိုင်ခဲမရ ဒေါသတွေထွက်ကာ ကျန်နေခဲ့လေသော ရွှေပုံဟာ မကျေမနပ်နှင့် တောက်ခေါက်ရုံက လွဲ၍ ဘာမှမတတ်နိုင်တော့ချေ။ သူ့ကိုယ်သူ မိုးထိအောင် ဘဝင် တွေမြင့်လျက် မိန်းကလေးတွေကို အရပ်လို လိုရင်သုံး မလိုရင် လွှင့်ပစ်တတ်တဲ့ ဒီအကောင် တစ်နေ့တော့ ရွှေပုံတိုးဝေအကြောင်း သိကိုသိစေရမည်ဟု တေးထားလိုက်သည်။

❣ ✦ ❣





အဲဒီလိုနှင့် ချယ်ကလည်း အသည်းကွဲရင်း၊ ရွှေပုံက လည်း ဟိုအကောင့်ကို မုန်းတီးစွာ ဖြတ်သန်းနေရင်းနှင့် တစ်နေ့ မှာတော့ ချယ်က ရွှေပုံတို့အုပ်စုကို ကြေညာမောင်းတစ်ခု တီးလေ တော့သည်။

"ဟဲ ဟဲ ... သူငယ်ချင်းတို့ကို ငါ တစ်ခုလောက်ခွင့် တောင်းချင်တယ်။ ဟိုတ် ... တစ်ခုတော့ request နော်။ ငါ့ကို မအော်ရဘူး"

"ဟင်း ... စပြီ ... စပြီ ... မအော်ရဘူးဆိုကတည်းက အော်စရာအကြောင်းတစ်ခုတော့ ရှိရမယ်။ ဟဲ့ ... ဘာလဲ"

အိပိုက ချယ့်ရဲ့အထာကိုနပ်စွာဖြင့် မေးဆတ်မေး လေလျှင် ချယ်သည် သွားအဖြဲသားဖြင့် ဟီးခနဲပြုံးရယ်ကာ ပြော မလိုလို မပြောလိုလို ချင့်ချိန်ပြီးမှ ရှက်ရိပ်စွန်းမျက်နှာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟိုဟာပေါ့နော်။ ငါ ... ငါလေ သူရကို အဖြေပေးလိုက်တော့မယ်"

"ဘာ ... ဘာဖြစ်တာယ်"

ချယ့်ရဲ့စကားကြောင့် ရွှေပုံ၊ အိပို့နဲ့ ဒီဒီဟာ မျက်လုံးက လင်ကွင်းအလား ပြူးကျယ်ထွက်လာကာ ဘာပြောရမှန်းတောင် မသိတော့ချေ။ ဘုရားရေ ... ဘာတွေဖြစ်ကုန်တာမှန်းတောင် နားမလည်တော့ချေ။ မနေ့ကထိ မျက်ရည်နဲ့မျက်ခွက် အသည်းကွဲနေပါတယ်ဆိုတဲ့ မရွှေချယ်ဟာ ဒီကနေ့မှာတော သူရကိုအဖြေပေးတော့မယ် ဆိုပါလား။

"ချယ် ... ဘာ ... ဘာတွေဖြစ်ကုန်ပြီလဲ။

ရွှေပုံက အံ့အားသင့်စွာမေးတာကို ချယ်သည်အချစ်ဖြင့် နူးညံ့နေသည့် မျက်ဝန်းတွေကို မျက်လွှာချ၍ ရှက်စနိုးပြုံးကာ ...

"သူရက ငါ့ကို ကြိုက်နေတာ ကြာပြီလေဟာ။ ငါကသာ နေ့ကို စိတ်ယိုင်သွားပြီး သူနဲ့တွဲခဲ့ပေမယ့် ငါ့ကို သူရက ချစ်ဆဲဘဲဟာ။ မနေ့က လမ်းထိပ်မှာတွေ့တော့ ငါနဲ့ သူ စကားပြောဖြစ်ကြတယ်။ ငါ့အပေါ် သိပ်ချစ်နိုင်မယ့် ရည်းစားတစ်ယောက် ဖြစ်လိမ့်မယ်လို့ ငါ့ဘက်က ယုံကြည်လို့ အဖြေပေးဖို့ ဆုံးဖြတ်လိုက်တာ"





"ဟယ် ... ဒါဆို နေကကော ? "

"နေ့ကို ငါ ရင်ခုန်ပါတယ်။ ငါ့လိုပဲ မိန်းကလေးတိုင်းလည်း နေ့ကို ရင်ခုန်ကြမှာပါဟာ။ အများနဲ့ယှဉ်ပြီး မချစ်ချင်တော့ဘူး။ ဒါကြောင့် ငါ သူရကို ချစ်ဖို့ဆုံးဖြတ်လိုက်တာဟ။ သူရကို ချစ်တယ်လို့ ငါ့ကိုယ်ငါထင်မိသွားကတည်းက နေ့ကိုမေ့သွားတယ်ဟ။ အဟဲ ... အဲဒါ ငါ့ကို သူရနဲ့ နင်တို့ သဘောတူပေးမှာပေါ့နော်"

ရွှေပုံသည် ဘာမှဆက်ပြောချင်စိတ် မရှိတော့ပါ။ ကာယကံရှင်ကိုက ရောင်းသူဝယ်သူ အသံတူကာ အဆင်ပြေပြီဆိုမှတော့ ရွှေပုံတို့က ဘာမှဆက်လုပ်လို့လည်း မရတော့ချေ။ အေး ... OK ဆိုပြီး သဘောတူပေးဖို့ပဲ ရှိပါတော့သည်။

"ဟင်း ... အစကတည်းက ပြောပါတယ်။ သူရဇော်က နင်နဲ့ အသင့်တော်ဆုံးပါလို့။ အခုတော့ ကြားထဲက ငါတို့တွေမှာ နေ့ကို ဒေါ်တွေကန်ရတယ်။ ရွှေပုံ ... နင်လည်း နေ့ကို နှာကစ်မနေနဲ့တော့။ ချယ်ကတောင် နေ့ကိုမေ့နိုင်ပြီပဲဟာ ထားတော့ ... သိလား"

စန္ဒီက ရွှေပုံ့ကို ရွှေပြည်အေးတရားဟောကာ နားချပေမယ့်လည်း ရွှေပုံကတော့ ကျေကိုမကျေနပ်နိုင်ပါချေ။ ရွှေပုံ့ကို



www.burmeseclassic.com

www.burmeseclassic.com



အပီဖွဲ့သွားသော ဒီကောင့်ကို ရွှေပုံ လက်စားချေရမှ ကျေနပ်နိုင်မည် ဖြစ်ပါသည်။ ရွှေပုံရဲ့ သုန်မှုန်နေတဲ့မျက်နှာကို ချယ်က သတိထားမိလေလျှင် ချယ်သည် ရွှေပုံ့ရဲ့ပခုံးကို သိုင်းဖက်ကာ...

"အသည်းလေးရယ် ... နေ့ကို ဒေါသမဖြစ်ပါနဲ့တော့ဟာ။ အားလုံးက peace ဖြစ်သွားသင့်ပါပြီ။ ဘာပဲဖြစ်ဖြစ် ငါကတော့ နေ့ကို စိတ်မဆိုးဘူးဟာ။ သူ့ကြောင့် အချစ်ဆိုတာကို ဘာဆိုတာ ငါသဘောပေါက်သွားပြီ။ နင့်ကိုလည်း ကျေးဇူးတင်ပါတယ်ဟာ။ ငါ့အတွက် သူ့ကို သွားကောပေးတာတွေအတွက် တကယ် thz ပါဟာ။ ငါ့ကို သူရနဲ့လည်း သဘောတူတယ်မှုလားဟင်"

"ချယ် ... နင့်ဘက်က သေကော သေချာလို့လားဟာ။ နေ့ကို နင်ပဲ ချစ်တယ်ဆို။ ခဏလေးနဲ့ မေ့လို့ရလို့လား"

"ရတာပေါ့ဟာ။ အချစ်မစစ်ရင် မေ့နိုင်တယ်။ ငါ့ဘက်က နေ့ကို တကယ်မေ့လို့ရတယ် ဘုရားစူး"

အချစ်ဖြင့် တစ်ဖန် ပြန်လည်တက်ကြွလာသော ချယ့်ကို ရွှေပုံသည် နားလည်ရခက်စွာဖြင့် နားလည်ပေးလိုက်ကာ...

"အေးပါ ... နင့်ဘက်က သူရကို ချစ်တယ်ဆိုလည်း ငါတို့သဘောတူပေးတာပေါ့ဟာ"





"ဟဲ ... ဟဲ ... အဲဒီလိုမှပေါ့ဟ။ သြော် ... ဒါနဲ့ ရွှေပုံ၊ နင် စာတွေကော ရေးသေးလား"

"ရေးတာပေါ့ဟ။ စာရေးတာက ငါ့ဝါသနာပဲဟာကို။ သူ့ဘာသာ ထုတ်ဖြစ်တာ မဖြစ်တာ နောက်ထား ငါကတော့ ရေးဆဲရေးမြဲပဲ"

အဲဒီလို ထုတ်ဖြစ်တာ မထုတ်ဖြစ်တာ နောက်ထားဟု ပြောလိုက်ရပေမယ့် ရွှေပုံရဲ့ရင်ထဲမှာတော့ ရွှေပုံ့စာမူလေးတွေကို ပုံနှိပ်စာလုံးဖြင့် မြင်ချင်လှပြီဖြစ်သည်။ ဒါပေမဲ့ ကိုယ်မျှော်လင့်သော နေရာတစ်ခုကိုရောက်ဖို့ တစ်ဆင့်ချင်း လှေကားထစ်နင်းတက်ရမယ်ဆိုတာ နားလည်လက်ခံပါသည်။

တစ်ချိန်မှာ အချစ်ဝတ္ထုရေးတဲ့ စာရေးဆရာမ နာမည်ကြီးတစ်ယောက် ဖြစ်ချင်သော ရွှေပုံဟာ "အချစ်"ဆိုတာနဲ့ ကုန်ကြမ်းလိုသဘောထားကာ အေးပတ်ဝန်းကျင်တွေမှာ ရှာဖွေလေ့လာရင်း သူငယ်ချင်းများရဲ့အချစ်ရေးကို ကူညီပေးတတ်သော မိန်းကလေးပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

ဒီနေ့က စနေနေ့ ဖြစ်တာကြောင့် ဘာကျူရှင် ဘာသင်တန်းမှမရှိသဖြင့် အေးအေးဆေးဆေး နားနားနေနေပဲဖြစ်ပါသည်။ ညက ခေါင်းကိုက်နေတာကြောင့် ဆေးသောက်ပြီး စောစောအိပ်ပစ်လိုက်တာကြောင့် မနက်ကျတော့ စောစောစီးစီး လန်းလန်းဆန်းဆန်း နိုးနေတော့သည်။ အဲဒါကြောင့် မျက်နှာသစ် သွားတိုက် ကိုယ်လက်သန့်စင်ပြီး သွားသည့်နောက်မှာ မျက်နှာကို Toner ပွတ်သုတ်ပြီး Arty Cream Puff နည်းနည်းရိုက်ကာ ဆံပင်တွေကို ခေါင်းစည်းကွင်းတစ်ခုနှင့် ဖြစ်သလို စုစည်းကာ လက်ပြတ်စွပ်ကျယ် အနက်ရောစ်ထည် ကောက်ဝတ်ကာ အပေါ်က တရက်ဆုတ်စ်အဖြူလေး ထပ်ဝတ်လိုက်သည်။ ပြီးတော့ ထရက်





ဆုတ်စ်ကွာတား အနက်ဝတ်ပြီးသည့်နောက်မှာ ဟန်းဖုန်းဘောင်းဘီ အိတ်ထဲထည့်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"နေပါဦး ... တစ်ခုလိုနေသလားလို့"

ရွှေပုံက ဘာလိုနေပါလိမ့်ဟု ရေရွတ်ရင်းက မျက်နှာကို စမ်းကြည့်ရင် မျက်မှန်မပါတာကို သွားသတိရသွားသည်။ ဩော် ... ငါ့နှယ် မေ့တတ်ရန်ကော။ ဒါကြောင့်မို့ ဒီကနေ့ မြင်ကွင်းတွေ မကြည်ပါဘူးလို့ ထင်နေတာ။ ရွှေပုံသည် အခန်းထဲ ပြန်ဝင်လာကာ စားပွဲပေါ်က မျက်မှန်ကိုင်းကြီးကို ယူတပ်လိုက်သည်။ အိုကေ ... မြင်ကွင်းတွေအားလုံးသည် ကြည်လင်သွားပြီ ဆိုတော့ စက်ဘီးစီးထွက်ဖို့ အကောင်းဆုံးပဲပေါ့။

ရွှေပုံသည် မေမေ့ဆီက ပါမစ်ယူပြီးသည့်နောက်မှာတော့ ရွှေပုံရဲ့ bicycle လေးကို ခြံထဲကနေ တွန်းထုတ်လာကာ ခြံဝရောက်မှ ခပ်ဖြည်းဖြည်းချင်း နင်းလာခဲ့သည်။ လေကိုခွင်း၍ နင်းလာရသောဖီလင်သည် အရမ်းကို မိုက်ပါသည်။ လေထဲမှာ ဆံပင်တွေ တလွင့်လွင့်ဖြင့် နံနက်ခင်းရဲ့ပတ်ဝန်းကျင်ကို ငေးရတာ အရမ်းအေးချမ်းလှသည်။ ဒီလိုအချိန်မျိုး စက်ဘီးစီးရတာဟာ မျက်စိပွင့် နားပွင့်၍ ကုန်ကြမ်းလေးတွေ ရတတ်သည်။ ရွှေပုံသည် အတွေးသစ်တွေ ကွန့်မြူးလန်းဆန်းစွာဖြင့် စက်ဘီးနင်းလာတုန်း



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ကနေ ဝုန်းခနဲဝင်ချလာသော ကိုးလိုးကန့်လန့် လူကိုမြင်လျှင် ရွှေပုံသည် လန့်ဖျပ်သွားကာ စက်ဘီးလက်ကိုင်ကို ဆွဲချိုးဆွဲရာ ဆွဲလိုက်ကာမှ ပိုဆိုးတော့ကာ လူကိုဝင်တိုက်မိသွားတော့သည်။ လူကို တိုးမိသွားသောကြောင့် စက်ဘီးရော ရွှေပုံပါ ပြိုလဲကျကာ အားလုံး ကမောက်ကမတွေ ဖြစ်ကုန်တော့၏။ ရွှေပုံသည် ခြေထောက်က ဆစ်ခနဲနာကျင်သွားသည့် နာကျင်မှုကို ဂရုမထားနိုင်သေး၊ ဟိုမှာလဲကျသွားတဲ့လူကို အပြေးတစ်ပိုင်းပွေ့ကာကြည့်လိုက်လျှင် ဟိုအစုတ်ပလုပ်ကောင် "နေ"ဖြစ်လို့နေသည်။

"ဟင် ... ရှင် ... ရှင်"

ဟိုလူသည် သူ့ခြေထောက်ကို အသည်းအသန်ဖိထားကာ လူးလိမ့်၍ ...

"အား ... သေပါပြီ။ ခြေထောက်ကျိုးပြီထင်တယ် ... အား"

အော်သံက စွတ်ဆက်အော်နေတာကြောင့် ရွှေပုံက ဒီလူ တမင်တကာ အိုဗာလုပ်နေတာဆိုပြီး သဘောပေါက်လာကာ မျက်နှာကို ရှုံ့မဲ့လိုက်ပြီး ...

"ဟဲ့ ... ဒီမှာ စက်ဘီးလေးနဲ့ ဝင်တိုးမိတာ ဘာခြေထောက်မှမကျိုးဘူး။ ဒီလောက် ခန္ဓာကိုယ်အကြီးကြီးက ဘာမှဖြစ်နိုင်ဘူး"





"ဟား ... မင်း ဒီလိုပြောလို့ ရမလားကွ။ အား ... သေပါပြီ။ မင်း ဘာလဲ။ ငါ့ကို တမင်တကာ လုပ်ကြံတာလား"

"ရှင် ... ရှင်နော် မတရားမစွပ်စွဲနဲ့။ ကျွန်မက ဘာကိစ္စလုပ်ကြံရမှာလဲ။ နေစမ်းပါဦး ... ရှင် ဘာကိစ္စ ကျွန်မစက်ဘီးရှေ့ကနေ ဖြတ်ဝင်လာတာလဲ"

"ဟာ ... ဒါ ငါ့ right ပဲလေ။ ကဲ ... မင်း ငါ့ကိုဘယ်လိုတာဝန်ယူမှာလဲ ... ပြော !"

အီး ... သေချင်တယ်။ ဒီနေ့တော့ ပြဿဒါးကိန်းဝင်နေပြီ ထင်ပါတယ်။ ရွှေပုံသည် မပတ်သက်ချင်ပါဘူးဆိုမှ လာပတ်သက်နေရတာကြောင့် အရမ်းကြီးကို စိတ်ညစ်ရပါသည်။

"ဟော့ ... ဘယ်လိုတာဝန်ယူမှာလဲဆို။ အား ... ခြေထောက်က အရမ်းနာတယ်"

"ကဲ ... ခဏစောင့်ဦး။ ကျွန်မ Taxi တားလိုက်ဦးမယ်"

"ဟင် ... ဘာလုပ်ဖို့လဲ"

"တောက် ... ဘာလုပ်ရမှာလဲ။ ရှင် ဒီလောက်ဖြစ်ပျက်နေတာ ဆေးရုံပို့ဖို့ပေါ့။ ခဏလေး ... Taxi တားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံက ထိုင်နေရာမှ ဆတ်ခနဲ ကောက်ထလိုက်လျှင် ခြေကျင်းဝတ်က ဆစ်ခနဲ နာကျင်သွားတာကြောင့် လူက ယိုင်ခနဲဖြစ်သွားသောအခါ သူက ထိုင်ရက်အနေအထားဖြင့်ပင် ရွှေပုံ့ရဲ့လက်မောင်းကို ဖမ်းကိုင်ဆွဲ၍ ...

"ဟား ... မင်းခြေထောက်လည်း နာနေတာပဲကွ။ ဘယ်လိုလုပ်မလဲ။ အာ ... ရှုပ်တယ်ကွာ။ ငါပဲ Taxi တားပေးမယ်"

သူက ဆတ်ခနဲကောက်ထကာ ရွှေပုံ့စက်ဘီးကိုပါ ထောင်မတ်ပေးပြီး ဖုတ်ဖက်ခါထလေလျှင် ရွှေပုံသည် ခြေထောက်နာတာကိုမေ့ပြီး သူ့လုပ်ပုံတွေကို မျက်လုံးအပြူးသားကြောင့်ကြည့်နေမိတော့သည်။ မြတ်စွာဘုရား ... ခြေထောက်ကျိုးပါပြီဟု တအော်တည်း အော်နေပါသည့် ကိုယ်တော်ချောက အခုကျတော့လည်း သူ ဘာမှမဖြစ်တဲ့အတိုင်းပါပဲလား။ ရွှေပုံသည် Taxi စောင့်နေသည့် သူ့ကိုကြည့်ရင်းက ဒေါသတွေ ထွက်လာကာ သူ့ပခုံးကို ဆတ်ခနဲ လှမ်းပုတ်ကာ ...

"ဟဲ့ ... ဒီမှာ ရှင်ပြောတော့ ခြေထောက်က ကျိုးပါပြီဆို။ ခုတော့ ဘယ်လိုဖြစ်သွားတာလဲ"

သူက ရွှေပုံ့စကားကြောင့် မျက်ခုံးတစ်ချက်ပင့်တက်သွားပြီးမှ ချက်ချင်းပင် အိုက်တင်ပြောင်းသွားကာ ...





"ဟ ... ငါက ယောက်ျားလေးကွ။ ခြေထောက်နာတာကို ကြိတ်မှိတ်ခံပြီး တက္ကစီတားနေတာကွ။ တက္ကစီကလည်း ကြာတယ်ကွာ"

"ဒီမှာ ဘာမှလာပြီး အိုဗာတွေလုပ်မနေနဲ့။ ရှင့်ခြေထောက်လည်း ဘာမှဖြစ်တာ မဟုတ်ဘူး။ ဘာမှလုပ်ဇာတ်ခင်းမနေနဲ့။ ကိုယ့်လမ်းကိုယ်သွားတော့။ ကျွန်မလည်း ကျွန်မလမ်း ကျွန်မသွားပြီ"

ရွှေပုံက ခြေထောက်နာတာကို နည်းနည်းညှာညှာပြီး ခြေဖော့နင်းကာ စက်ဘီးကို အမှီသဟဲပြု၍ တွန်းလျှောက်လိုက်လျှင် ဆိုးတော့မဆိုး။ လျှောက်လို့ရသော အနေအထားမှာရှိသည်။ ရွှေပုံသည် သူ့ကိုထားခဲ့ကာ ခပ်ဖွဖွလျှောက်လာလျှင် သူက အနောက်ကနေ လိုက်လာ၍ လှမ်းခေါ်ကာ ...

"ဟေ့ ... မင်းခြေထောက်က တော်တော်နာနေတယ်ထင်တယ်။ မင်းအိမ်က ဘယ်နားမှာလဲ။ အဝေးကြီးဆိုရင် ငါ လိုက်ပို့ပေးမယ်"

"ဟင်း ... မလိုပါဘူး။ အခုလို စက်ဘီးမှောက်လို့ ခြေထောက်နာသွားတဲ့အတွက် ကျွန်မက ကျွန်မရဲ့ခြေထောက်ကိုတောင် ကျေးဇူးတင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာလဲ ... ငါနဲ့ အခုလို အေးဆေးစကားပြောခွင့်ရလို့ လား"၊

ရွှေပုံသည် သူ့ရဲလုပ်သံကြီးဖြင့် တမင်တကာမေး ဟန်ကြောင့် မျက်နှာကို မဲ့ရှုံ့လိုက်ကာ လုံးဝကို ထိမထင်သော ဒီဇိုင်းဖမ်း၍ ...

"ဟင်း ... ဒီမှာ အဲလောက် ကိုယ့်ကိုယ်ကိုယ် ဘဝင်လေ ဟပ်မနေနဲ့။ ကျွန်မက ခြေထောက်ရှိနေလို့ နာကျင်တာ ခံစားရတဲ့အတွက် ခြေထောက်ကို ကျေးဇူးတင်တာ"

"ဟား ဟား ... positive thinking သမားကြီးနဲ့ လာတွေ့ နေပါလား။ မဆိုးပါဘူး မင်းအတွေးအခေါ်လေးက၊ ဒါနဲ့ မင်းနာမည် ရွှေပုံတိုးဝေနော်။ ဟုတ်တယ်မှလား"

ရွှေပုံက သူ့ကို မကြည့်ကြည့်ကြည့်ကာ မှုန်တေတေ ဒီဇိုင်းဖြင့် ပြန်မပြောလေတာကို သူက သဘောကျစွာ ရယ်လေ သည်။ ဟွန်း ... သိပ်မှန်းဖို့ကောင်းတာပဲ။

"မပြေလည်းနေပေါ့။ မင်းကို ငါကလည်း ချယ်ရဲ့သူငယ် ချင်းမို့ အလိုက်သင့် ဆက်ဆံနေတာ"

"ဒီမှာ ... နင်နဲ့ ချယ်က ဘာမှမဆိုင်တော့ဘူး။ လာပြော မနေနဲ့"





"ဟ ... အေး ... ပြီးရောနော်။ ပြီးတော့မှ နေက ဘာ ဖြစ်တယ် ညာဖြစ်တယ်နဲ့ အတင်းမချနဲ့။ မင်း အခုတကယ် သွားနိုင်တယ်နော်"

"သွားနိုင်တယ်"

"အိုခေ ... ဒါဆို တာ့တာ။ သွားပြီ"

သူက ရွှေပုံကို ကျောခိုင်းကာ ဘောက်ဆတ်ဘောက် ဆတ်ဖြင့် ထွက်သွားလေလျှင် ရွှေပုံသည် အလိုမကျစွာဖြင့် မျက် စောင်းထိုးလိုက်ပြီးနောက် နာနေသောခြေထောက်ကိုညှာ၍ ထော့ ထော့နင်းကာ စက်ဘီးကိုတွန်း၍ အိမ်သို့ပြန်လာခဲ့ရတော့သည်။

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပုံက talent ရှိပါတယ်။ အရေးအသားလေးတွေကလည်း သစ်တယ်။ ဖြစ်နိုင်ပါတယ်"

ရွှေပုံသည် အယ်ဒီတာကြီးရဲ့မှတ်ချက်ချမှုအတွက် ခေါင်မိုးပွင့်မတတ် မြောက်တက်ပျော်ရွှင်သွားရပါသည်။ ဖြစ်နိုင်ပါတယ်ဆိုတဲ့ မှတ်ချက်ကပဲ ရွှေပုံ့အတွက် အတော်အားတက်စရာ ဖြစ်ပါသည်။

"ရွှေပုံ ရေးပြီးသား လုံးချင်းဘယ်နှအုပ်ရှိပြီလဲ"

"ငါးအုပ် ရှိသွားပြီ ဦး။ ဆက်ပြီးတော့လည်း ရေးနေပါတယ်"

"အင်း ... မဆိုးပါဘူး။ အဲဒါဆိုလည်း စာအုပ်ထုတ်ဖို့ စဉ်းစားတော့လေ။ စာရေးဆရာမဖြစ်ချင်တယ်ဆိုရင် စာဖတ်ပရိသတ်ရှိမှ စာရေးဆရာမဖြစ်တာ။ စာဖတ်ပရိသတ်ရှိဖို့ ပရိသတ်ရှေ့ကို ချပြဖို့ လိုတယ်လေ သမီးရဲ့"





"သူက ဆိုက်ကိုတစ်မျိုး ကိုမိုးရေ။ ကိုမိုးတို့မက ကောင်းကင်ဘုံတိုက်ကပဲ ထုတ်ချင်တာတဲ့။ တစ်နေ့ တစ်နေ့အိမ်လာသမျှလူတိုင်းကို အဲဒီတိုက်နဲ့သိသလားကြီးပဲ မေးနေတာ"

မေမေက အအေးဗန်းယူလာကာ အယ်ဒီတာကြီးကို ဧည့်ခံရင်းက ရွှေပုံ့အကြောင်း ပြောလျှင် ရွှေပုံက အသာပြုံး၍ ငြိမ်နေလိုက်သည်။ ဟုတ်လည်း ဟုတ်တာပဲလေ။ ရွှေပုံက တစ်ဦးတည်းသောသမီးမို့လို့လားတော့ မသိ။ နည်းနည်းတော့ အစွဲကြီးသလို တစ်ကိုယ်ကောင်းဆန်သည်။ ဆယ်တန်းဖြေပြီးကတည်းက လုံးချင်းဝတ္ထုတွေ၊ ဝတ္ထုတိုတွေကို စိတ်ကူးရှိသမျှ ရေးဖွဲ့လာခဲ့ပြီး တစ်ဖက်မှလည်း ငါသာ တစ်နေ့စာအုပ်ထုတ်ဖြစ်ခဲ့ရင် ငါ သိပ် crazy ဖြစ်ရတဲ့ စာရေးဆရာမတွေထုတ်တဲ့ ကောင်းကင်ဘုံစာအုပ်တိုက်ကပဲ ထုတ်မယ်ဆိုပြီး တေးထားခဲ့တာဖြစ်သည်။

အခုလည်း မေမေ့မိတ်ဆွေ အယ်ဒီတာဟောင်းကြီး အိမ်ကို အလည်လာတုန်း ရွှေပုံက စာတွေ ဘာတွေရေးတယ်ဆို၍ စကားစပ် ပြောမိကြတာဖြစ်သည်။

"ကောင်းကင်ဘုံစာအုပ်တိုက်ကတော့ နာမည်ကြီးတိုက်ပဲ။ တကယ့်ကို အရည်အချင်းပြည့်ဝတဲ့ စာရေးသူတွေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တင်ပေးနေတဲ့ တိုက်လေ။ ဦးနဲ့တော့ အဲဒီ publisher က သိပ်မရင်းနှီးဘူး သမီးရဲ့။ ဒါပေမဲ့ သမီးဘက်က ရေးစရာရှိတာကိုသာ အားသွန်ခွန်စိုက်ရေး။ စိတ်မှာ တန်ခိုးရှိတယ် သမီးရဲ့။ အဲဒီတိုက်ကပဲ ကိုယ့်စာအုပ်တွေ ထုတ်ဝေချင်တဲ့ စိတ်ဆန္ဒတွေ အရမ်းပြင်းပြလာတဲ့ တစ်နေ့မှာ ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာတတ်တယ်။ ကြိုးစား ... ကြိုးစား"

ရွှေပုံသည် အယ်ဒီတာဦးကြီးရဲ့စကားကို လက်ခံထားသူဖြစ်ရာ တစ်နေ့တော့ ရွှေပုံဖြစ်ချင်တာ ဖြစ်ရမယ်ဆိုတဲ့စိတ်ဖြင့် စာတွေကို မာန်တင်းရေးဖွဲ့နေသူ ဖြစ်ပေသည်။ distance ယူကာ သင်တန်းတွေပဲ ဟိုဟိုဒီဒီတက်နေသော ရွှေပုံ့အဖို့ အားလပ်ချိန်တွေဆို စာတွေပဲ ဖိရေးဖြစ်ပါသည်။ ဒီခေတ်က တိုးတက်နေတဲ့ခေတ် ဖြစ်တာကြောင့် ရွှေပုံ့ရဲ့ဝတ္ထုတိုလေးတွေကို Internet ကတစ်ဆင့် forum တွေ blogger တွေမှာ ဝင်ရေးကာ ဒီလိုပဲ ကြိုးစားနေသူလေး ဖြစ်ပါသည်။ တစ်နေ့မှာတော့ ရွှေပုံသည် professional စာရေးဆရာမတစ်ယောက်တော့ ဖြစ်မှာပါဆိုတဲ့ စိတ် ဈာန်သွင်း၍ အားစိုက်နေရတာဖြစ်သည်။

"ဟဲ့ ... ရွှေပုံ ... ရွှေပုံရေ"





ခြံရှေ့က အော်ကြီးဟစ်ကျယ်အသံတွေ ကြားရလျှင် ရွှေပုံသည် ဟိုမိန်းမတွေ လာတယ်လို့ သဘောပေါက်ကာ ထွက်လာလိုက်လျှင် တကယ်ပဲ ခြံဝမှာ ဗရုတ်သုတ်ခသုံးကောင်ကို တွေ့လိုက်ရလေသည်။ သူတို့ကို ခြံတံခါးဖွင့်ပေးကာ ဝင်စေပြီး...

"ဟဲ့ ... အရှုပ်ထုပ်တွေ ဘာလာလုပ်တာလဲ။ ဖုန်းလေး ဘာလေးတောင် မဆက်ဘူး"

"ဟဲ ... ဟဲ ... ဒါကတော့ Surprise check ဝင်တာလေ ဟယ်။ တော်ကြာ တစ်ကိုယ်တော် စက်ဘီးစီးလွှင့်ရင်းနဲ့ ဇာတ်လမ်းတွေ ရေးနေမှာစိုးလို့ဟဲ့"

ချယ်က ဘာကိုဆိုလိုပြီး ပြောတယ်ဆိုတာ ရွှေပုံက သဘောပေါက်စွာဖြင့် မျက်စောင်းကြီးကဲကြည့်ကာ ဟန့်ရသည်။ အဲဒီမိန်းမ ချယ်ရီဟာ ဘယ်လိုဟာလေးမှန်းကို မသိပါ။ မနေ့တစ်နေ့ကပဲ နေ့ကြောင့် အသည်းကွဲရပါတယ်ဆိုပြီး မျက်ရည်မျက်ခွက်ဖြစ်ကာ စိတ်ဆင်းရဲရတဲ့ ချယ်ဟာ အခုများကျတော့ ရွှေပုံရဲ့ခြေထောက်ဒဏ်ရာဖြစ်အင်ကို ကြားသိလေသောအခါ ချယ်က ရွှေပုံ့ကိုတောင် အဟာမ်းတွေ အပျင်းတွေလုပ်ကာ အဲဒီကောင်နှင့် စ,နေနောက်နေနိုင်သေးသည်။ ဘယ်လိုဟာလေးမှန်း ရွှေပုံလည်း မပြောတတ်တော့ပါ။ အချစ်ကို ပါးစပ်ဖျားလေးထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်လေတဲ့ ဒေါ်ချယ်ရီကိုတော့ တကယ်ပဲ လက်ဖျားခါရလေသည်။ အခုတလောမှာတော့ ချယ်ရီ့ဆီက ရည်းစားသစ်လေးအသံပဲ ကြားနေရပြန်ပါသည်။

"ဟဲ့ ... ဧည့်သည်ရောက်နေတာလား ရွှေပုံ"

"အင်း ... ဟုတ်သားပဲ။ ရပါတယ် ... အေးဆေးပါ။ ငါ့အခန်းထဲမှာ စကားသွားပြောကြမယ်လေ။ လာ... နင်တို့ဘာစားကြမလဲ"

"စားတာကနောက်ဟော့။ နင့်ကို ငါတို့ အရမ်းအရေးကြီးတဲ့ ကိစ္စလေးရှိလို့။ ဒါကြောင့် ငါတို့ လာစုံတာ"

ရွှေပုံသည် ဒီဒီ့စကားကြောင့် ဘာလဲဆိုပြီး မေးဆတ်ပြကာ အိမ်ထဲဝင်လာလျှင် လီမွှာရေးခြားရှိလေသော မိန်းမတွေဟာ ရွှေပုံ့အမေးကို ဆက်မဖြေနိုင်သေးဘဲ မေမေ့ကို နှုတ်ခွန်းဆက်သနေလေ၏။

"ဟာ ... အန်တီ နေကောင်းလား။ သမီးတို့က ရွှေပုံ့ဆီမှာ မုန့်လာကပ်စားကြမလို့ ... ဟဲ ဟဲ"

"အေး ... အေး ... သမီးတို့ လွတ်လွတ်လပ်လပ် နေကြနော်။ စားချင်တာကို မအေးကို ပြောလိုက်။ သူ အားလုံးစီစဉ်ပေးလိမ့်မယ်"





"ဟဲ ဟဲ ... ဟုတ်ကဲ့ အန်တီ။ အဲဒါဆို သမီးတို့ အပေါ်တက်လိုက်ဦးမယ်"

"မေမေ ... သမီး သူငယ်ချင်းတွေကို သွားစကားပြောလိုက်ဦးမယ်နော်။ ဦး ... အေးဆေးထိုင်ဦးနော်။ သမီးသူငယ်ချင်းတွေကို သွားဧည့်ခံလိုက်ဦးမယ်"

ရွှေပုံက သူငယ်ချင်းတွေကို ခေါ်လာကာ အခန်းထဲမှာ ထိုင်စေပြီးမှ အခုနက မေးခွန်းကို ပြန်စရလေသည်။

"ဟဲ့ ... ဘာအရေးကြီးကိစ္စလဲ ပြောစမ်းပါဦး"

"ပြောမယ် ... ပြောချင်လွန်းလို့ကို လာတာ။ ဟဲ့ ... ဒီဒီ တံခါးလော့ခ်သွားချလိုက်"

ဒီဒီက သူ့ခန္ဓာကိုယ်ပုံ့ပုံ့ကြီးကို သယ်ဆောင်ကာ ပုံ့ပုံ့၊ ပုံ့ပုံ့ဖြင့်လျှောက်၍ အခန်းတံခါးလော့ခ်သွားချလေသည်။ ရွှေပုံက ဘာတွေမှန်း နားမလည်စွာဖြင့် ခေါင်းတစ်ချက်ကုတ်လိုက်ကာ ...

"ဟဲ့ ... ဘာတွေတုံးဟာ၊ လျှို့ဝှက်ခန်းတွေနဲ့။ နင်တို့ကလည်း ရင်ခုန်အောင် လာလုပ်နေကြတာလား"

"အေး ... ခုန်ရမယ်ဟော့ ခုန်ကိုခုန်ရမယ်။ ဟဲ့ ... ရွှေပုံ နင် အင်မတန်မှ ထုတ်ချင်လုပါချည်ရဲ့ဆိုတဲ့ ကောင်းကင်ဘုံစာအုပ်တိုက်က ဘယ်သူ့တိုက်လဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... နင်တို့ကလည်း၊ ဝတ္ထုထဲမှာ ရေးထားတယ်လေ။ ထုတ်ဝေသူ ဦးနေကျော်တဲ့။ ဘာလို့လဲ ... နင်နဲ့ သိလို့လား"

"ဦးနေကျော်နဲ့တော့ မသိဘူးဟ။ သူ့ရဲ့တစ်ဦးတည်းသောသားလေး နေနဲ့တော့ သိပ်ရင်းနှီးတယ်လေ"

"ဟမ်"

ရွှေပုံသည် အိပိုစကားကြောင့် ဟမ်ခနဲတော်င်ဖြစ်သွားရလေသည်။ တကယ်လား ... ဟယ် ... နေ ... နေက ရွှေပုံ သိပ်ထုတ်ဝေခွင့်ရချင်တဲ့ ကောင်းကင်ဘုံ စာအုပ်တိုက်ပိုင်ရှင်ရဲ့ သား။

မြတ်စွာဘုရား။ နီးချင်တော့လည်း တကယ့်နီးနီးလေးပါပဲလား။

"နင် ... နင်တို့ဟာက သေချာလို့လားဟယ်"

"သြော် ... သေချာတာပေါ့ဟယ်။ ငါ့ကို သူ့သူငယ်ချင်း မိုးသက်က ပြောတာ။ မိုးသက်နဲ့ သော်ဇာတို့က သိပ်တွဲကြတာလေဟယ်။ မိုးသက်နဲ့ ငါက ဖုန်းပြောရင်းက ဝတ္ထုတွေအကြောင်း ရောက်သွားတော့ စကားစပ်မိရင်းက နေက ကောင်းကင်ဘုံရဲ့ထုတ်ဝေသူသားမှန်း သိတာဟ ...





အဲဒီတော့ နင့်အတွက် အခွင့်အရေးပဲ ရွှေပုံ။ နင် အဲဒီတိုက်နဲ့ နင့်စာအုပ် ထွက်ခွင့်ရဖို့ ချိတ်နေတာမှလား။ အဲဒါ နင် နေ့ကို အကူညီတောင်းလိုက်ပြီးပြီလေဟာ"

အိပိုရဲ့ထူးဆန်းလှလေသော စကားကြောင့် ရွှေပုံသည် မျက်လုံးအပြူးသားဖြင့် ကြောင်ကြည့်နေမိသည်။ ကဲ ... ကြည့်ပါဦး။

ကံများကောင်းချင်တော့ ရွှေပုံ အင်မတန်မှ ဆက်သွယ်ချင်လှသည့် စာအုပ်တိုက်နဲ့ contat မိပြီ။ ဟော ... ကံဆိုးချင်တော့ အဲဒီစာအုပ်တိုက်ပိုင်ရှင်ရဲ့သားဟာ "နေ"တဲ့။ ကံကပြန်ကောင်းပြန်တော့ "နေ"ဟာ ချယ်ရီ့ရည်းစား ရွှေပုံတို့နှင့် သင်တန်းတစ်ခုတည်းမှာ တက်နေသူ။ ကံကပြန်ဆိုးပြန်တော့ ချယ်ရီနဲ့ နေ ရည်းစားဖြစ်တုန်းက ဒီကိစ္စမသိဘဲ အခု သူတို့နှစ်ယောက်ပြတ်မှ ဒါကြီးကသိတော့ ဘာသွားလုပ်တော့မှာလဲ။ သေပြီပေါ့။ အခုချိန်မှာ နေနှင့် ရွှေပုံဟာ တကယ့်ဘုဘောက်။ တွေ့တာနဲ့ ခနဲ့မယ် ဖဲ့မယ် ဆိုတာချည်းပဲဖြစ်သည်။ အဲဒါဘယ်လိုလုပ် ရွှေပုံက သွားဆက်ရတော့မှာလဲ ? ။

"ဟား ... စိတ်ညစ်ပါတယ်ဟယ်။ ငါနဲ့ နေက အကြောတည့်တာ မဟုတ်ဘူးဟ။ ပြီးတော့ နင့်ကိစ္စလည်း ရှော့



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ထားသေးတယ်လေ။ အဲဒါကို ငါက ဘာမျက်နှာနဲ့ သွားပြီး နေရယ် ကျွန်မရဲ့စာမူလေးတွေကို ရှင်တို့စာအုပ်တိုက်မှာ ထုတ်ချင်ပါတယ်။ ဖြစ်နိုင်ရဲ့လားဆိုတာ ရှင့်ဖေဖေကို ပေးဖတ်ခိုင်းပါနော် ဆိုပြီး ပြောရမှာလား ...

အောက်တယ်ဟာ။ သင်းက သူ့ကိုယ်သူ ဘဝင်မြင့်ပြီး သိပ်ဖင်ခေါင်းကျယ်တာဟဲ့"

"ဟဲ့ ... ဘာပဲဖြစ်ဖြစ်လေ။ နေက သဘောကောင်းပါတယ်။ ဆက်ဆံရေးကလည်း Good Better Best ပါဟဲ့။ သူ့ဆီ အကူအညီတောင်းရင် သူက ငြင်းမှာမဟုတ်ပါဘူးဟာ။ နင်က အောက်ကျခံပြီး ပြောရမှာလည်း မဟုတ်ပါဘူး။ ဟဲ့ ... ငါကတော့ စာရေးဆရာမ ဖြစ်ချင်တာ။ ဒီလို ဒီအကြောင်းရှိတယ်။ အဲဒါ ငါ့ကို ထုတ်ဝေခွင့်ရအောင် နင့်အဖေနဲ့ အမေကို တိုက်တွန်းပေးပါ ဘာညာပေါ့ဟယ်။ ဒါ သူ့အတွက် အပမ်းကြီးတာမှ မဟုတ်တာ။ နင့်ကို သူ့မိဘနဲ့ မိတ်ဆက်ပေးမှာပေါ့ဟဲ့"

ဒီဒီက နေ့ဘက်က အပြည့်အဝ ထောက်ခံပေးပေမယ့် ရွှေပုံသည် ခေါင်းသာတွင်တွင်ယမ်းနေမိသည်။ မဖြစ်ပါဘူး။ လုံးဝကို မဖြစ်နိုင်ဘူး။





"ရွှေပုံ ... နင် ဘာမှ တောင်တွေ မြောက်တွေး တွေးမနေနဲ့။ နေက အရမ်းဆက်ဆံရေးကောင်းတဲ့သူဟဲ့။ နင်ပဲ အဲဒီစာအုပ်တိုက်နဲ့မှ ထုတ်ခွင့်မရရင် စာမရေးတော့ဘူးဆို။ အခု အဲဒီတိုက်နဲ့ ဆက်သွယ်လို့ရတဲ့ လမ်းစပေါ်ပြီလေဟယ် ...

နေက ကောင်းကင်ဘုံစာအုပ်တိုက်ပိုင်ရှင့် သားဆိုပေမယ့် သူ့ကို ငါတို့ကလည်း အတင်းကာရော စာအုပ်ထုတ်ပေးပါဆိုပြီး ပြောတာမှမဟုတ်တာဟဲ့။ နင့်စာမူလေးတွေကို သူ့အဖေဖတ်ပြီး စိတ်တိုင်းကျတယ်၊ အရည်အချင်းမီတယ်ဆိုမှ ထုတ်ခွင့်ရမှာလေ။ နင် သူ့ကို အကူအညီတောင်းရမှာက သူ့မိဘနဲ့ join ပေးဖို့ပဲလေ။ ဘာတွေများ ဒီလောက် ခက်ခဲနေလို့လဲ"

ဟား ... ပြောတာကတော့ လွယ်နေတာပဲ။ ဒါပေမဲ့ တကယ် ကာယကံရှင်က ရွှေပုံပဲဖြစ်သည်။ ရွှေပုံဟာ ဟိုကောင့်ကို အရမ်းကို အမြင်ကတ်နေတာဖြစ်သည်။ သူ့ကိုယ်သူ မြောက်တက်နေသောအကောင်ကို အကူညီသာ သွားတောင်းမိလို့ကတော့ ဘဝင်ကို ထိပ်ကပ်နေကာ ပြန်ဆွဲချလို့ကို ရမှာမဟုတ်တော့။ အလကားနေရင်း ကျေးဇူးအတင် မခံနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူးဟာ။ ငါ အဲဒီလိုမျိုးကြီးလည်း လုပ်ချင်ဘူး"

"ဘာလို့လဲ ရွှေပုံ"

ချယ်က ရွှေပုံ့လက်တွေကို ခပ်တင်းတင်းဆုပ်ကိုင်ကာ အတည်အတံ့ မေးခွန်းထုတ်လာလျှင် ရွှေပုံသည် ပခုံးကို အသာတွန့်ပြလိုက်ကာ ...

"မသိဘူး ... ဒါပေမဲ့ ငါမပြောချင်တာကတော့ အမှန်ပဲဟာ။ သူ့ကို ငါက စကားကို မပြောချင်ဘူး"

"ဟင်း ... ဖြစ်ရတယ်ဟယ်။ အဲဒါဆို ငါ သွားပြောရမလား"

"ဟာ ... မလုပ်နဲ့ မလုပ်နဲ့ ချယ်။ သွားမပြောပါနဲ့"

"ရွှေပုံ ... အခွင့်အရေးဆိုတာ နှစ်ခါပြန်မလာဘူး။ သတ္တိရှိရှိ ရှိတက်စမ်းပါဟာ။ ဆန္ဒပြင်းပြရင် အခက်အခဲဆိုတာ မရှိပါဘူး။ နင် စမ်းကြည့်သင့်တယ် ရွှေပုံ"

"ဟုတ်တယ်ဟ။ နင့်ဆန္ဒပြင်းပြလွန်းလို့ အခု နင်ထုတ်ချင်တဲ့ စာအုပ်တိုက်နဲ့ ဆက်လို့ရမယ့် join တစ်ခုကို ဘုရားက ဖန်ဆင်းပေးပြီလေ။ လုံးဝမငြင်းသင့်ဘူး။ နင်နဲ့ နေက ခွန်းကြီးခွန်းငယ် ရန်ဖြစ်ထားကြတာမှ မဟုတ်တာဘဲဟယ်၊ သူက သိပ်ဆက်ဆံရေးကောင်းတဲ့ ကင်းပါ။ နင့်ကို သူ ကူညီမှာ သေချာတယ်။ နင် လုပ်သင့်တယ်"





"ဟုတ်တယ် ... ရွှေပုံ။ ဘာမှမလုပ်ဘဲနဲ့တော့ လိုရာပန်းတိုင်ကို ရောက်မှာမဟုတ်ဘူး။ အောင်မြင်ဖို့အတွက် အောင်မြင်တာကို ထိုင်စောင့်နေလို့ မရဘူး။ အောင်မြင်မှုရှိမယ့် နေရာကို အရောက်သွားရမယ်။ နင် သူ့ကိုပဲ အကူညီတောင်းရမှာပဲ ရွှေပုံ"

ချယ်ရယ်၊ ဒီဒီရယ်၊ အိပိုရယ်က အတင်းကာရော တိုက်တွန်းနေပြီ ဆိုကတည်းက ရွှေပုံသည် လုပ်ရတော့မည်ဆိုတာကို သဘောပေါက်ပါသည်။ ဒါပေမဲ့ နေဆိုတဲ့အကောင်ကို ရွှေပုံက ဘာမျက်နှာနဲ့ အကူညီသွားတောင်းရမှာလဲ။

နေနဲ့မပတ်သက်ချင်ပေမယ့်လည်း ရွှေပုံ့အတွက် အိပ်မက်တွေ အသက်သွင်းနိုင်ဖို့ရာမှာ သူ့ကို အပူကပ်ဖို့ တစ်နည်းပဲရှိသည်။ စာရေးဆရာမတစ်ယောက် ဖြစ်လာဖို့အတွက် ရွှေပုံသည် အိပိုပြောသလို အောင်မြင်မှုရှိမယ့်နေရာကို အရောက်သွားဖို့တော့ လိုလာပြီ ထင်ပါသည်။

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဟင့်အင်း … ငါ မသွားချင်ဘူး၊ ဟင့်အင်း … ဟင့်အင်း"

ရွှေပုံသည် အသည်းအသန် အကြောက်အကန်ငြင်း နေလျှင် ချယ်သည် စိတ်ပေါက်ပေါက်ဖြင့်သာ ကုပ်ဆွဲပြီး နေ့ဆီ ခေါ်သာသွားလိုက်ချင်တော့သည်။ ဘာကြောင့်များ ရွှေပုံ တစ်ယောက် ဒီလောက် ပေတီပေကပ်နိုင်နေမှန်း မသိတော့ပါ။ အသည်းအသန် ငြင်းနေတဲ့ ရွှေပုံကို ချယ်နဲ့ ဒီဒီက သူ့နောက်ကျောကနေ အတင်းဆောင့်တွန်းလိုက်လျှင်တော့ ဒီဒီရဲ့အားက နည်းနည်းများသွားကာ ရွှေပုံက ကိုးရိုးကားရားဖြင့် နေ ထိုင်နေရာခုံတန်းဘေးသို့ ရောက်သွားလေတော့သည်။





ရွှေပုံရဲ့ ဗရုတ်သုတ်ခပုံစံကြောင့် သူက စာအုပ်ဖတ်နေရင်းကမှ ရွှေပုံ့ဆီ မျက်လုံးအကြည့်တွေ ရွှေ့လိုက်ကာ မှုန်တေတေ စိုက်ကြည့်ရင်း မေးဆတ်ပြကာ …

"ဘာလဲ"

တွေ့လား … မေးပေါက်ကိုက ရိုက်ချင်စရာဖြစ်သည်။ သူ့ရှေ့မှောက်လည်း ရောက်နေပြီ။ ရွှေပုံမှာ ဘာပြောရမှန်းလဲမသိပါ။ နောက်လှည့်ကြည့်ရင်လည်း ရွှေပုံရဲ့ချစ်သူငယ်ချင်းအစုတ်အပြတ်မတွေက ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ပြီဖြစ်သည်။ အခု သူက ဘာလဲ မေးလျှင် ရွှေပုံမှာ ဘာကိုလဲလို့လဲရမှန်းလည်း မသိတော့တဲ့အတွက် သွားတိုက်ဆေးကြော်ငြာသလို ဟီးခနဲ သွားဖြီးပြကာ ပြုံးပြလိုက်ရတော့သည်။

ရွှေပုံရဲ့ ဝေါက်တီးဝေါက်တောက်ပုံစံကို သူက အူကြောင်ကြောင်ကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြပြီးမှ တစ်ခုခုကို သတိရသွားဟန်ဖြင့် ရွှေပုံ့ခြေထောက်ကို ဆတ်ခနဲ ငုံ့ကြည့်ကာ …

"ဟော့ … မင်းခြေထောက် ကောင်းသွားပြီလား"

"ရှန် … ဟုတ် … ဟုတ်ကဲ့။ ဟို … ဟို … ဒီကခြေထောက်ကော ? "



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံရဲ့စကားတွေဟာ အထစ်ထစ်အငေါ့ငေါ့တွေဖြစ်၍ ကတုန်ကယင်ကြီး ဖြစ်နေတာကို သူက သတိထားမိသွားသည်ထင်သည်။ ပြီးတော့ ဘာကို ဒက်ပေါက်သွားတယ်မသိ။ ပြုံးစိစိဖြစ်သွားရင် ရွှေပုံဟာ နည်းနည်းတော့ ဒေါသထွက်သွားသည်။ အင်း ... ခုတ်ရာတခြား ရှရာတလွဲတော့ ဖြစ်ကုန်ပြီထင်တယ်။ ရွှေပုံက သူ့အဖေစာအုပ်တိုက်နဲ့ ချိတ်မိဖို့ သူ့ဆီချဉ်းကပ်လာတာကို သူက သူ့ကို ဇာတ်လမ်းလာလုပ်တယ် ထင်သွားပြီထင်သည်။

“ဒီကခြေထောက်လည်း ကောင်းသွားပါပြီ။ မင်း ဒီနေ့အရမ်းသဘောကောင်းနေပါလား။ ဘာလဲ ... ကေ့ ့တော့”

သူက ဘာစကားမှ ဆက်မပြောသေးဘဲ ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေလျှင် ရွှေပုံက ဒေါသက ထလာပြီဖြစ်သည်။ ကြည့်စမ်း ... ဘာကိုဆက်ဆံရေးကောင်းတာလဲ။ ဒီလောက်မိုက်ရိုင်းတဲ့အကောင်။ မိန်းကလေးတစ်ယောက်က သူ့နား ရောက်လာတာနဲ့ သူ့ကိုကြိုက်လို့ပဲလို့ နှိမ်ချတွေးလိုက်တာပဲလား။ ရွှေပုံသည် စာအုပ်တိုက်မျက်နှာကြောင့် စိတ်ကို အတော်ချုပ်တည်းထားတာ ဖြစ်ပေမယ့် ပါးစပ်ကတော့ ထိန်းထားပေမယ့် လွှတ်ခနဲ ထွက်သွားတော့သည်။





“ဟဲ့ ... ဒီမှာ ဘာမှ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်ထိ ဘဝင်ရူး ရူးမနေနဲ့။ နင့်ကို ဇာတ်လမ်းလုပ်နေတယ်များ ထင်နေသလား”

“ဟား ... စွာလှချည်လား။ ရွှေပုံတိုးဝေ ... ငါ့ရဲ့ရည်းစားဟောင်းစာရင်းဝင် ချယ်ရီ့မျက်နှာကြောင့် ငါက မင်းကို ခင်ခင်မင်မင် ဘော်ဒါဖွဲ့နေတာကို မင်းက ဘလိုင်းကြီး ကက်ကက်လန်နေတာနော်။ ငါက သဘောကောင်းတယ်နော်။ မင်းကသာ ရုပ်တည်ကြီးနဲ့ မုန့်တီစားနေတာ”

“ဘာ ... နင် ငါ့ကို ဘာပြောတယ်”

ပေါက်ကွဲလာတဲ့ ဒေါသတွေဟာ ပွက်ပွက်ဆူလာလျှင် အချိန်မီ ဝင်ရောက်လာသူတွေကတော့ ချယ်ရီမတို့ပင်ဖြစ်သည်။ အခုမှ ရွှေပုံတို့ဆီ အသည်းအသန်ပြေးချလာကာ ...

“ဟဲ့ ... ဟဲ့ ... ရွှေပုံ တော်တော့။ အဟဲ ... အားနာလိုက်တာ နေရယ်။ ရွှေပုံက အဲဒီလိုပဲ။ နည်းနည်းစိတ်ဆတ်တယ်”

“ဩော် ... ရပါတယ်။ ဩော် ... ဒါနဲ့ အရမ်းကြီးတော့ မဆတ်နဲ့နော်။ ကျိုးသွားဦးမယ် ... အဟဲ ဟဲ။ သွားပြီ ချယ်ရာ။ နင့်သူငယ်ချင်း မှန်ကြောင်နဲ့ စကားပြောရတာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းပေါင်းစားပြီး ပလွေမှုတ်ရသလိုပဲ။ မကောင်းဘူး ... တကယ့် ဘုကန့်လန့်”

သူက ပြောချင်ရာပြောပြီး ထထွက်သွားလျှင် ဆွေ့ဆွေ့ခုန် ကျန်ခဲ့ရသူကတော့ ရွှေပုံပင် ဖြစ်လေသည်။

“ကြည့်စမ်း ... ချယ်ရီ။ နင့်အကောင် ငါ့ကိုလုပ်သွားတာ။ တော်တော်ရိုင်းစိုင်း စုတ်ပဲ့တဲ့အကောင်။ ငါ့ကိုများ ဘုကန့်လန့် မှန်ကြောင်တဲ့။ (...)ကောင် ငါကို မိုက်ရိုင်းသွားတာ”

ဆွေ့ဆွေ့ခုန်နေတဲ့ ရွှေပုံကို ချယ်နဲ့ ဒီဒီက တစ်ယောက်တစ်ဖက်စီ ဆွဲခေါ်လာကာ ကန်တင်းသို့ ခေါ်လာပြီးမှ...

“စိတ်မဆိုးပါနဲ့ ရွှေပုံရယ်။ နင့်ကို သူက နောက်တာပါ၊ နေက ခင်ဖို့ကောင်းပါတယ်ဟဲ့”

“တိတ်စမ်း ... မိချယ်။ ဘာခင်ဖို့ကောင်းတာလဲ။ နင်က နင့်ဘဲဟောင်းဆိုတော့ တသသမနိုင်ပေမယ့် ငါကတော့ မခံနိုင်ဘူးဟဲ့။ တော်ပြီဟာ ... ဘာမှလာပြောမနေနဲ့။ သူ့ကိုတော့ ဘာအကူညီမှလဲ မတောင်းဘူး။ ပတ်လည်းမပတ်သက်ဘူး”





ရွှေပုံက တရှူးရှူးတရှဲရှဲ ဒေါသတွေထကာ ပွစိပွစိ ပေါက်ပေါက်ဖောက်နေတာကို ဒီဒီနဲ့ အိပိုက တဟားဟားရယ်မောကာ ...

“ရွှေပုံရယ် ... နင်နဲ့တော့ ခက်တာပဲ။ ဟိုးအရင်တုန်းကဆို ငါတို့ပဲ ကင်းလေး ကင်းလေးဆိုပြီး ငမ်းနေတာပဲမှလား။ နင်လည်း ပါတယ်လေ။ မိချယ်နဲ့ပြတ်မှ နင်က ဒေါသူပုန်တွေထပြီး တစ်သက်မကြေ လုပ်နေတာ ...

ချယ်နဲ့နေက အခုဆို peace ပဲ။ ဘော်ဒါတွေတောင် ဖြစ်နေပြီ ...

နင်ကသာ အခုထိ တင်းနေတာ”

“ဟဲ့ ... ဒီမှာ ကိစ္စတိုင်းမှာ အကျိုးအကြောင်းဆိုတာ ရှိပြီးသား။ ချယ့်ကိုဖြတ်လို့ သူ့ကို တင်းတာကသပ်သပ်။ ငါ့ဘာသာ သူ့ကို သောက်မြင်ကတ်တာကသပ်သပ်။ တစ်ကန့်စီ နင်တို့ကသာ သင်းကို အပြစ်မမြင်နေတာ”

ချယ်နဲ့ အိပိုက မနိုင်တော့ဘူးဆိုတဲ့ သဘောဖြင့် ပခုံးအသာတွန့်ပြလေသည်။ ရွှေပုံကတော့ ဒေါကန်နေတာပဲသိသည်။ နေဆိုသော သတ္တဝါဟာ ဘာမှန်းကိုမသိပါ။ ရွှေပုံနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ အစေးကပ်သူ မဟုတ်ပေ။ သူ့ကို အောက်ကျနောက်ကျ ခံပြီးတော့ နေရယ် ... ကျွန်မကို စာအုပ်တိုက်နဲ့ join ပေးပါနော် ဆိုပြီး ဟိုမိန်းမတွေ မြှောက်ပေးသလိုသာ သွားပြောကြည့်ပါလား။ ဟိုက ဟီးတိုက်ရယ်ကာ ရောင့်တက်တော့မှာဖြစ်သည်။

သူနဲ့တော့ မဖြစ်ပါဘူး။ ရွှေပုံ့ဘာသာ ကောင်းကင်ဘုံ စာအုပ်တိုက်နဲ့ ဆက်မိဖို့ တခြားနည်းလမ်းရှာတော့မယ်။

"ရွှေပုံ ... နင့်စိတ်လေးကို နည်းနည်းလေးလျှော့လိုက်။ နင်က နေ့ကို မကျေနပ်တာတွေနဲ့ ရောထွေးပြီး မြင်လိုက်တော့ စကားပြောရတာ အဆင်မပြေဖြစ်နေတာ။ နင့်စိတ်ကို ရှင်းအောင်ထားပြီး ဟိုတုန်းက ငါတို့ Star အဖြစ် သတ်မှတ်ထားတဲ့ ကင်းလို့ သဘောပြန်ထားလိုက်။ သူနဲ့ ဘော်ဒါဖွဲ့လိုက်၊ အဲဒါဆို Peace ပဲ"

ချယ်က ဖျောင်းဖျောင်းဖျဖျလေသံဖြင့် ရွှေပုံ့ကိုနား သွင်းနေသော်လည်း ရွှေပုံကတော့ မကျေနပ်နိုင်သေးပါ။ ရွှေပုံ့ ကိုများ မှန်ကြောင်တဲ့။ ဘုကန့်လန့်တဲ့။ ပြောသွားလိုက်တာဟာ ဒေါကန်စရာတွေချည်းပဲ။ ဘယ်လိုမှလဲ Peace ဖြစ်မှာ မဟုတ်ချေ။ ဒါပေမဲ့ ... ဒါပေမဲ့လည်း ...။





ရွှေပုံ အင်မတန်မှ ကြိုက်နှစ်သက် အားကျလေးစား ရပါသော စာရေးဆရာမတွေရဲ့ စာအုပ်တွေ ထုတ်ဝေရာနေရာကို သွားဖို့အတွက် အနီးဆုံးသော အခွင့်အရေးတွေဟာ နေ့လက်ထဲ မှာသာ ရှိနေမှန်း သိနေတာကြောင့် စိတ်ကို တော်တော်တော့ လျှော့ထားရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေသည် သော်ဇတို့နှင့် Class ထဲမှာ စကားများနေရင်းကမှ အတန်းထဲကို မှုန်ကုပ်ကုပ်ဖြင့် ဝင်လာလေသော ဟိုမှန်ကြောင်လေးကို မြင်လိုက်ရလျှင် အလိုလိုပြုံးမိသွားသည်။ ရွှေပုံတိုးဝေဆိုသော ကောင်မလေးဟာ တကယ့်ကို အူကြောင်ကြောင်နှင့် စွာစိလန်လေးဖြစ်သည်။ သူ့လိုကောင်ကိုတောင် မိုက်ကြေးလာခွဲရတာကတော့ နည်းတဲ့သတ္တိမဟုတ်ပေ။ သူ့သူငယ်ချင်းအတွက်တောင်' ရန်ဖြစ်ရဲတဲ့ ရွှေပုံတိုးဝေဟာ သူ့အတွက်တော့ဟာသပဲဖြစ်သည်။

"အင်း ... နေ ... မင်းလည်းနော် ချယ်ရီမေလင်းနဲ့ပြတ်ပြီးကတည်းက အလန်းတွေ စိတ်မဝင်စားတော့ဘူးထင်တယ်။ ဘာလဲ ပျော့ကောင်။ natural ကိုမှ beauty လို့ခေါ်တာလား"





ဒီပါက သူ့မျက်စိ ဘယ်ရောက်နေလဲဆိုတဲ့ အကြည့်ကို အကဲခတ်ရင်း သူ့ကိုလှမ်းနောက်လျှင် သူက ခေါင်းအသာယမ်းကာ ရယ်မောလိုက်ပြီး ...

"မင်းတို့ကလည်းကွာ ... ရွှေပုံတိုးဝေကို ငါ့ရဲ့ဆော်ဖြစ်လာမယ်လို့ ထင်ထားလို့လား။ ဝေးစွ ခြောက်ပါးပဲ ဟေ့ကောင်။ အဲဒီဂေါက်သီးလေးတော့ ဘာညာသာရကာပါကွာ"

"အေး ... ဘာညာသာရကာကနေ တစ်ကမ္ဘာစာဖြစ်သွားဦးမယ် ငနေ။ မင်းလည်းနော် ... အဲ့ဒီဟာလေးကို နောက်မယ်ဆိုတာချည်းပဲ"

"ဩော် ... ဘာညာသာရကာပါဆို။ တော်တော့ ... ဆရာလာနေပြီ"

ဆရာလာနေပြီ ဆိုတာနဲ့ ဟိုနှစ်ကောင်ပါးစပ်ကအော်တိုပိတ်သွားတော့တာဖြစ်သည်။ ဒီကျောင်းဝင်းကြီးထဲမှာသင်တန်းတက်နေရတာဟာ အရမ်းကို ပျော်စရာကောင်းတဲ့ Universtiy Life ကို ခံစားရပေသည်။ သူတို့လို တက္ကသိုလ်ရဲ့အရသာကို မခံစားရသော အဝေးသင်ကျောင်းသားတွေအနေဖြင့် ဒီသင်တန်း တက်ရတာဟာ တက္ကသိုလ်တက်ရသလိုပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာပို့ချတဲ့ သင်ခန်းစာတွေကို စိတ်ပါလက်ပါ နားထောင်နေရင်းကမှ သူ့ဆီကို သော်ဇက အသာလက်တို့ကာ စာရွက်အပိုင်းအစလေးတစ်ခု လှမ်းပေးလေလျှင် သူက အသာလှမ်းယူလိုက်ကာ စာဖတ်လိုက်လေသည်။

"နေ ...

နင်နဲ့ငါ ရန်သူမဖြစ်ချင်ဘူး။ သူငယ်ချင်း ဖြစ်ချင်တယ်ဆိုရင်တော့ ဒီတစ်ချိန်ပြီးရင် Smile ကန်တင်းကို လာခဲ့။

S.P "

နေသည် စာဖတ်လိုက်တာနဲ့ ဒါဘယ်သူဆိုတာ တန်းသိလေသည်။

သူဟာ ပြုံးလိုက်ရင်းက စာရွက်အနောက်က နေရာလွတ်မှာ စာပြန်ရေးပေးကာ လက်ဆင့်ကမ်းပြီး သူမဆီကို ပြန်ပေးလိုက်ပါသည်။

"S.P ...

OK ... ငါလာခဲ့မယ်။ နင်ဒကာခံရမှာနော်။ My fri ... တစ်ခုမေးမယ်နော်။

S.P ဆိုတော့ Saw Pout လားဟင် ? ? ဟဲ ... ဟဲ"





သူ့စာကိုဖတ်ပြီး ရွှေပုံတိုးဝေ တစ်ယောက် ဆွေ့ဆွေ့ခုန်နေပြီဆိုတာ သူ သိပါသည်။ အဲဒီမှန်ကြောင် ဂေါက်သီးလေးဟာ စဖို့တော့ တော်တော်ကောင်းပါသည်။ သူမကို တစ်ခုခုနောက်ပြောင်လိုက်တာနဲ့ ရှူးရှူးရှဲရှဲ ဒေါသတွေ ထွက်လာပုံမှာ မုန့်လုံးရေပေါ်ထဲက ငရုတ်သီးစိမ်းစားမိ၍ စပ်နေပုံမျိုးနှင့်တူပါသည်။

အင်း ... ဒီတစ်ချိန်ပြီးရင် ကန်တင်းမှာဆုံမယ်ချိန်းလိုက်ပြီဆိုတော့ နေသည် ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကိုထုတ်ကာ လက်ရှိ အိစီကလီလေးဆီ message လှမ်းပို့ရပါသည်။

"chit ko' ko ma wait nae' top.

Class ma p thay wo. c u 2mr.

mizz u ! mwah ❤

[ 2 mr = tomorrow]

သူနဲ့ရည်းစားသစ် ခင်မိုးသားတို့က ဒီနေ့ဒိတ်ထားတာမို့ အစီအစဉ်ကို ရွှေ့လိုက်တာဖြစ်သည်။ သူ့ကိုမစောင့်နိုင်းဘဲ ပြန်ခိုင်းလိုက်ပြီး သူက ဟိုဂေါက်သီးလေးနှင့် သွားတွေ့မှာဖြစ်သည်။ ခဏနေတော့ သူမဆီက ချစ်စဖွယ် နားလည်မှုရှိသော message ပြန်ဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ok ko. c u 2mr !
mizz u - love u Ah mwah ! ! "

နေသည် ဖုန်းကို Silent လုပ်ကာ အိတ်ထဲပြန်ထိုး ထည့်ကာ ဆရာသင်တဲ့ လက်ချာကို ပြန်အာရုံစိုက်လိုက်တော့ သည်။ အတန်းပြီးသွားသော အခါမှာတော့ ရွှေပုံတိုးဝေတို့အုပ်စု ဟာ ကန်တင်းကို ချီတက်သွားကြလေသည်။ သူကတော့ အညောင်း ဆန့်ရင်းက ဟိုကောင်တွေကိုပါ အဖော်ညှိလိုက်သေးသည်။

"ဟိတ်ကောင်တို့ ... ဒီနေ့ ဒကာတော်ရေမြွေရှင် ပေါ်တယ် ဟ။ ငါနဲ့ ကန်တင်းလိုက်ခဲ့မလား"

"နေစမ်းပါ ... မအားဘူး။ အချစ်နဲ့ ဒိတ်ထားတယ်"

"me 2 ။ ငါလည်း ဒီလိုပဲနော်"

ညှိမရတဲ့ နှစ်ကောင်ကို သူက ထားခဲ့ကာ သူ့ဘာ သာသူပဲ ကန်တင်းဘက် ထွက်လာခဲ့တော့သည်။ သူ အဲဒီကိုရောက် သောအခါ ချယ်ရီ၊ ပြီးတော့ ဟို ... စန္ဒီဆိုတဲ့ ဝတုတ်လေးရယ်၊ အိပိုရယ်၊ စူပုပ်မှုန်ကုပ်နေတဲ့ ရုပ်အသွင်နှင့် ထိုင်နေတဲ့ မှန်ကြောင် လေးလုံး ရွှေပုံတိုးဝေကို တွေ့လိုက်ရပေသည်။ ဒီလောက်စူပုပ်နေ တာဟာ သူ့ရဲ့ Saw Pout လားဆိုတဲ့ မေးခွန်းကြောင့် ဖြစ်ပါလိမ့် မည်။





နေသည် ခပ်ပြုံးပြုံးဒီဇိုင်းဖြင့် သူတို့ဆီ လျှောက်လာ ကာ ဝင်ထိုင်လိုက်ပြီး ...

"ဆောရီးနော် ... ဘော်ဒါတို့။ အချိန်နည်းနည်းနောက်ကျ သွားတယ်"

"ရပါတယ် ... နေရဲ့။ ဘာစားမလဲ ကြိုက်တာမှာပါ"

ချယ်က သူနဲ့ပတ်သက်ခဲ့ဖူးသူဆိုတော့ သူမကပဲ သူ့ကို ခညို့ဝတ်ကျေပွန်ကာ ဟိုမှန်ကြောင် ဂေါက်သီးလေးက ပါးစပ်ပိတ်နေတာကြောင့် သူက တစ်ချက်လှမ်းရှိုးလိုက်ရင်း ...

"မှာတာက ဟုတ်ပါပြီ။ ဘယ်သူက ဒကာခံမှာလဲ။ S.P အဲ ... အဲ ရွှေပုံတိုးဝေက စပွန်ဆာလား"

"ဟုတ်တယ် ... အားလုံး ကျေအေးတဲ့ peace ဖြစ်တဲ့ ပွဲလေးပေါ့။ ကျွန်မတို့ စားသမျှ အကုန် ရွှေပုံ ရှင်းမှာ။ မှာနော် ... နေ၊ ကြိုက်တာမှာ ... အဟဲ"

စန္ဒီက ဝင်ပြောလျှင် နေသည် ခေါင်းတစ်ချက်သာ ညိတ်ပြကာ မီနူးကတ်ဆွဲယူလိုက်ကာ ချာတိတ်ကို လှမ်းခေါ်၍ မှာလေတော့သည်။

"အင်း ... ယိုးဒယားကြက်ခြေထောက်သုပ်ကတစ်ပွဲ၊ ပြီးတော့ အာလုံးချောင်းအစပ်ကြော်၊ ပြီးတော့ ပြည်လုံး



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတစ်ပွဲကွာ၊ အမ်း ... ကိုက်လန်ခရုဆီတစ်ပွဲ နောက် ... ပုစွန်တမ်ပူရာလုပ်ပေး အအေးကတော့ နော ကလက်ရှိတ်ပေးကွာ ဂျယ်လီများများထည့်"

"ကော်ဖီပါ သောက်ပါဦးလား"

ဒီတော့မှ ရွှေပုံတိုးဝေဆီက အသံထွက်လာတော့ သည်။ သူကလည်း အမြင်ကတ်ကတ်နှင့် ဟင်းတွေ စွတ်မှာနေ တာကိုသိတဲ့ သူမကလည်း အခွင့်သာတာနှင့် ဝင်ဖွဲ့တော့တာဖြစ် သည်။ နေသည် သူမပြောတာကို ဂရုစိုက်ဟန်မပြဘဲ ဆက်မှာနေ လိုက်သည်။

"ဂျယ်လီများများထည့်ကွာ။ ပြီးတော့ ရေသန့်အေးအေး လေးတစ်ဘူး အရင်လာချပေး ... ဟုတ်ပြီ။ အဲဒါပဲ လို မှာ ထပ်မှာလိုက်မယ်"

ဝိတ်တာချာတိတ်က ထွက်သွားလေလျှင် သူက ချယ်၊ စန္ဒီနှင့် အိပိုတို့ကို တစ်ချက်ပြုံးပြကာ ...

"ဟို ... ချယ်တို့ စန္ဒီ အိပိုတို့ကော မှာပြီးပြီလား"

"ဟုတ်ကဲ့ ... မှာပြီးသွားပါပြီ။ ရပါတယ်"

"ဩော် ... ဟို ... ရွှေပုံတိုးဝေ ... မှာလေ။ ငါတို့စားတာ ကို မျှော်မနေနဲ့နော်"





"ဟဲ့ ... ဒီမှာ နင် သိပ်တရားလွန်နေပြီနော်။ တောက်"

ရွှေပုံက ထအော်လေမှ သူဟာ သဘောကျသလို ရှိသွားကာ အသာပြုံးမိသွားသည်။ သူမပုံစံကြည့်ရသည်မှာ သူ့ သူငယ်ချင်းမတွေက အတင်းကြည်စေအေးစေ ခိုင်းလို့သာ လုပ် နေရတာဖြစ်ပြီး စိတ်ကတော့ ပါပုံကိုမရပါ။ သူ့ကို မှုန်ကုပ်ကုပ် ကြည့်နေတဲ့ဒီမိုင်းဟာ တော်တော့်ကို နာကစ်နေတဲ့ဒီဖိုင်းဖြစ်သည်။

ဘေးကဝိုင်းတွေက ကောင်မလေးတွေကတော့ သို့လော သို့လော မျက်လုံးတွေနှင့် သူ့ကို အကဲခတ်နေပုံရပါ သည်။ အဲဒီအပြင်ဘက်က ဘာညာသာရကာတွေကိုသာ ခံစားနေ ရင် သူ cyko ဖောက်ဖို့ပဲရှိသည်။

"ဟို ... နေနဲ့ ချယ်တို့တွေက သူငယ်ချင်းဖြစ်သွားကြပြီ နော်။ အားလုံး တစ်ယောက်ကို တစ်ယောက် ခင်မင်စေချင် ပါတယ်။ ရွှေပုံနဲ့ နေ့ကိုလည်း အဆင်ပြေစေချင်တယ် လေ"

ချယ်က ကြားထဲက သံတမန်ဆက်ဆံရေးကိုသုံး လျှင် သူကလည်း နားလည်စွာ ခေါင်းတစ်ချက်ဆတ်ကာ ...

"အိုခေ ... အေးဆေးပဲ။ ချယ်နဲ့ကတော့ peace လေ။ စန္ဒီ အိပို ဒီနေ့ကစပြီး ငါတို့သူငယ်ချင်းတွေ ဖြစ်ပြီနော်



www.burmeseclassic.com

www.burmeseclassic.com



ဟိတ် ... ရွှေပုံတိုးဝေ ... ဘယ်လိုလဲ ? ငါနဲ့ ရန်မဖြစ်ဘဲ ဘော်ဒါလုပ်မလား။ လုပ်မယ်ဆို ရှိတ်ကမ်း"

သူက ရွှေပုံတိုးဝေနှင့် လက်ဆွဲနှုတ်ဆက်ဖို့ လက်တစ်ဖက်ကမ်းလိုက်လျှင် သူမက ခပ်တည်တည်မျက်နှာဖြင့် သူ့လက်ကို ဆတ်ခနဲသာ ပုတ်လိုက်ပြီး ဘာသိဘာသာ နေလေသည်။ ဟား ... ဘာမှန်းကို မသိပါဘူးကွာ။ ဒီဘာညာသာရကာကတော့ နားလည်ရခက်တဲ့ ဘာညာသာရကာပဲဖြစ်သည်။

သူတို့အချင်းချင်း Peace ယူပြီး နောက်မှာတော့ အစားအသောက်များ လာချသောအခါ ရွှေပုံတိုးဝေရဲ့မျက်နှာဟာ မထွေးနိုင်မအန်နိုင် အီလည်လည် မျက်နှာကြီးဖြစ်နေတာကြောင့် နေသည် တမင်တကာကို အားရပါးရ စားပစ်ခဲ့ပါသည်။

ရွှေပုံတိုးဝေတို့အုပ်စုဟာ ဗရုတ်သုတ်ခနှင့် အူကြောင်ကြောင်နိုင်လှသည့် ဂေါက်သီးလေးတွေမို့ အီစီကလီလုပ်ဖို့ရာ သူ့မှာ စိတ်ကူးကိုမရှိခဲ့ပါ။

❣ ✦ ❣





သူ့ရဲ့ ex . girlfriend ချယ်ရီမေလင်းတို့အုပ်စုနဲ့ သူက ဘော်ဒါဖွဲ့ကာ ရေလိုက်ငါးလိုက်နေတာကို မြင်နေကြသော သူ့ရဲ့ကောင်မလေးတွေက ဘာလဲဆိုတဲ့အကြည့်တွေဖြင့် အမျိုးမျိုးစာဖတ်နေကြတာ ဖြစ်သည်။ သူကတော့ သူ့ရဲ့ထုံးစံအတိုင်း Don'tcare အထာဖြင့် အေးဆေးလုပ်နေတာကို ကျိုင်ရှာလာသူကတော့ လက်ရှိ သူ့ဆော်ပဲဖြစ်သည်။

"ဘာတွေလဲကွာ ... ကို၊ ကိုနဲ့ ချယ်ရီမေလင်းက ဘာလဲ၊ ပြန်ပေါင်းထုပ်ဖို့ စီစဉ်နေတာလား"

"အာ ... ရှုပ်တယ်ကွာ၊ ဘာတွေလဲ ... ဒီမှာ မိုး အေးဆေးအထာပဲ၊ ကိုယ်နဲ့ ကိုယ့် ex. girlfriend တွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



က ဒီလိုပဲ Warmly ပဲ၊ ဘာမှလာပြီးတော့ ကိုယ့်ကို ချုပ်ဖို့မစဉ်းစားနဲ့၊ တစ်ယောက်နဲ့တစ်ယောက်က နားလည်မှုနဲ့တွဲနေကြတာပဲ၊ မင်းမကျေနပ်ရင် နားမလည်ပေးရင် ပြတ်လို့ရတယ်နော်"

သူကစိတ်ပေါက်ပေါက်ဖြင့် ထဝုန်းလိုက်လျှင် သူမဘက် နည်းနည်းတော့တင်းသွားပုံရပါသည်။ ဒါပေမဲ့လည်း သူ့ကိုချစ်ရှာသော ကလေးနှမလေးဟာ ဟင်းခနဲ သက်ပြင်းချကာ ...

"ကို့ကိုတော့ မနိုင်တော့ဘူး၊ သဘောပဲ ကိုရာ၊ ကို့ရဲ့သစ္စာစကားကိုတော့ ချစ် ယုံကြည်နေပါရစေနော်"

အခြေအနေတွေက လေပြည်တွေလို အေးခဲလာသောအခါ သူဟာ သမီးရည်းစားအဘိဓာန်တွေထဲက စာသားအတိုင်းပင် လက်ကလေးကတစ်ဆင့် ပခုံးလေးကိုပါ အသာဖက်ထားလိုက်ပြီး ...

"ယုံပါ ... ယုံကြည်ပါ ချစ်ရာ၊ ချစ်ဆီက ချစ်တယ်လို့ကြားလိုက်ပြီးကတည်းက ကျန်တဲ့ရင်ခုန်သံအားလုံးက ဘာညာသာရကာတွေ၊ အဟဲ ဟဲ ... ချယ်ရီတို့ကလည်း အခုချိန်မှာ ကိုယ့်အတွက် ဘာညာသာရကာပဲ၊ ချစ်ကသာ ကိုယ့်ရဲ့ ..."





"ဟင် ... ကိုနော် ... ဘာမှန်းလဲမသိဘူး"

"ဟာ ... ကိုယ်က သဘောရိုးပြောတာပါ၊ ချစ်နဲ့ကိုယ်က ရည်းစားတွေလို့ ပြောတာပါ အဟဲ ... ဟဲ ဟဲ ဟဲ"

သူက အပီအပြင် Feel အပြည့်ဖြင့်ဖြေလိုက်လျှင် မိုးသားကတော့ ကျေနပ်နှစ်သိမ့်စွာဖြင့် သူ့ရင်ခွင်ထဲမှာ ဝင်နေလိုက်တော့သည်။ ချစ်တာတွေ မေတ္တာတွေဟာ အခုချိန်မှာ သူမဆီပဲ ပုံအောပေးထားတာဖြစ်သည်။ ကောင်မလေးတွေက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီလေးအဖြစ် သတ်မှတ်ထားတဲ့ နေဟာ အဲဒီအပေါ်ကို သာယာလျက် အချစ်ကို လွင့်မျောလွတ်လပ်စွာ ခံစားနေသူဖြစ်သည်။

"ကို ... ဒီတစ်ပတ်စနေ တော်ဝင်မှာ ရှေ့ပြေးထွက်ရင်းရုပ်ရှင်ပါကြည့်ရအောင်လေ၊ ကို အားတယ်မှုလား"

"အမ် ... အားတော့ အားတယ်၊ ဒါပေမဲ့ မအားဘူးချစ်ရ"

"ဟင် ... ဘာလို့လဲ"

"ဖားသားကြီးက သူ့အလုပ်ကို လာကူပါဆိုလို့ အဲဒါသွားရမယ်၊ အပြင်တော့ ဒီတစ်ပတ်မထွက်နဲ့တော့နော် ချစ်"

"ဟွန်း... ပြီးတာပဲကွာ၊ ကဲ ... အတန်းချိန်နီးနေပြီ၊ ကိုယ် အတန်းလိုက်တော့ပို့ပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



နေသည် သက်ပြင်းရှည်တစ်ခု ကျိတ်ချကာ ခေါင်းတဆတ်ဆတ်ပြ၍ ...

"Ok လိုက်ပို့ပေးမယ်၊ လာ ... သွားစို့ ချစ်"

နေသည် မိုးသားရဲ့လက်ကို ဆွဲကိုင်လာကာ ခပ်ကော့ကော့လျှောက်လာ၍ သူမကို အတန်းဝထိ လိုက်ပို့ပေးခဲ့ပါသည်။ ဘေဘီ တာ့တာလုပ်ပြီး တစ်ကိုယ်တော်လွင့်လာလေလျှင် အနောက်ကနေ သူ့နာမည်ခေါ်သံကြား၍ လှည့်ကြည့်လိုက်လျှင် သိုင်းကွက်နင်းပြေးလာသူမှာ လေးလုံးမှန်ကြောင် ရွှေပုံတိုးဝေဖြစ်လို့နေသည်။ နေသည် သူမကို ရပ်စောင့်နေကာ သူ့ရှေ့သို့ရောက်လာလေသော သူမကို မေးဆတ်ပြကာ ...

"ဘာလဲ ... ဘာကိစ္စရှိလို့လဲ ရွှေပုံတိုးဝေ"

"ဟို ... ဟိုဟာလေ"

ရွှေပုံတိုးဝေဟာ သူ့ရှေ့မှာ ဘာပြောရမှန်းမသိစွာဖြင့် ဟိုတွေဒီတွေလုပ်ကာ နောက်ကိုပဲ တကြည့်ကြည့်လှည့်နေလျှင် သူက သူမရဲ့ လေးလုံးပါဝါအားဖြင့် ဘယ်ကိုရှိုးနေသလဲ ဆိုတာ ကြည့်ရင်းက ...

"ဘာတွေကြည့်နေတာလဲ ရွှေပုံတိုးဝေ၊ မင်းကို ဘယ်သူက နှောင့်ယှက်နေလို့လဲ"





"အင်း ... မဟုတ် ... မဟုတ်ပါဘူး၊ အနောက်က ခေါ်သံများကြားသလားလို့၊ လှည့်ပြီးကြည့်လိုက်တာ ... အဟဲ"

နေက အူတိအူကြောင် ရွှေပုံတိုးဝေကို ပြုံးချင်စရာကောင်းသော ကောင်မလေးအဖြစ် သဘောထားတာမို့ အသာပြုံးလိုက်ရင်းကမှ ...

"ဪ ... ဪ ... ဟုတ်ပါပြီ၊ အိုခေ ... အဲဒါဆို သွားပြီနော်"

သူက လက်ပြကာ လှည့်ထွက်သွားလေလျှင် ရွှေပုံတိုးဝေက အနောက်ကနေ သူ့လွယ်အိတ်ကြိုးကို မဆွဲရုံတမယ်လှမ်းတာတာကြောင့် သူက စိတ်မရှည်တော့စွာဖြင့် နောက်တစ်ခါထပ်မေးဆတ်ပြ၍ ...

"ဘာလဲ ... ဘာပြောစရာရှိလို့လဲဟင်"

"ဟို ... ဟို ... နင် ဘယ်သွားမလို့လဲ"

"ဪ ... ငါက ငါ့ဆော်ကို အတန်းလိုက်ပို့ပေးတာ၊ အခု ဟိုကောင်တွေဆီ သွားမလို့"

"ဪ ... ဟုတ်လား"

ရွှေပုံတိုးဝေက သူ့မျက်မှန်ကြီးပင့်တင်ကာ ခပ်လေးလေး ခေါင်းဆတ်ပြလျှင် သူ့ကို ပြောစရာရှိနေတယ် ဆိုတာ သဘောပေါက်ရကာ စကားထောက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ပြောစရာတစ်ခုခုရှိနေတယ်ထင်တယ်၊ ပြောပါ၊ ဘာလဲ ... ငါ့ဆီက ပိုက်ဆံချေးမလို့လား"

"အာ ... ဟုတ်ပါဘူး၊ ဟို ... ဟိုဟာလေ ပြောစရာတော့ ရှိတယ်၊ နင့်မှာ အချိန်ရှိလားဟင်"

"နာရီတော့ရှိတယ် ... ဒီမှာလေ"

နေက တမင်တကာ နောက်ချင်တဲ့စိတ်ကြောင့် သူ့လက်မှာပတ်ထားတဲ့နာရီကို မြှောက်ပြလျှင် ရွှေပုံတိုးဝေက တင်းနေတဲ့ အရိပ်တွေပါလာကာ အသံက နည်းနည်းမာလာပါသည်။

"ဒီမှာ ... လာနောက်မနေနဲ့၊ ငါ အတည်ပြောတာ"

"ဩော် ... အေးပါ ... အေးပါ၊ ဘာလဲ ... ပြော"

သူမက ပြောသင့်မပြောသင့်ကို ချိန်ထိုးစဉ်းစားနေဟန်ဖြင့် မျက်စိမျက်နှာပျက်နေလျှင် သူတောင် နည်းနည်းတော့ တွေးမိသွားသည်။ ဘာတုံးဟပေါ့။ ခဏကြာမှ ရွှေပုံတိုးဝေသည် သူ့ကို အူသလိုလို ထူသလိုလို မဝံ့မရဲလေသံဖြင့် ခပ်တိုးတိုး မေးလေသည်။

"ဟိုဟာပါ ... ကောင်းကင်ဘုံစာအုပ်တိုက်က နင်တို့ပိုင်တာဆို"





သူက အခြေအနေကို ဘာမှန်း မသိသေးတဲ့အတွက် ဟုတ်တယ်မဟုတ်ဘူး ငြင်းနေရှင်းမနေဘဲ လက်ပိုက်၍ ရှုတည်တည် စိုက်ကြည့်ကာ ...

"အဲဒီတော့ ဘာဖြစ်လဲ ဆက်ပါဦး"

"ဟို ... ဟို ... ဒီ ... ဒီလိုပါ၊ ငါက စာရေးဆရာမဖြစ်ချင်တာပါ၊ စာရေးတာကိုလည်း အရမ်းဝါသနာပါပါတယ်၊ ဟို ..."

ရွှေပုံတိုးဝေရဲ့ တစ်လုံးချင်းစီကာပတ်ကုံး စကားတွေကို အစမှအဆုံး နားထောင်ဖို့မလိုတော့ပါ။ ဒီလောက်ဆို သူက သဘောပေါက်သွားပြီဖြစ်သည်။ အမိက သူ့ဆီချဉ်းကပ်တာဟာ ကောင်းကင်ဘုံစာအုပ်တိုက်နဲ့ ဆက်ချင်လို့ဆိုတာပါ နားလည်၍ တစ်ဆက်တည်းမှာပဲ ရယ်ချင်သွားပါသည်။

ဟား ဟ ... ရွှေပုံတိုးဝေက စာရေးဆရာမဖြစ်ချင်တာတဲ့။ သူ တကယ်ကို မထင်ထားပါပေ။ ရွှေပုံတိုးဝေရဲ့ပုံစံဟာ ဘယ်လိုမှကို စာရေးဝါသနာထုံတဲ့ရုပ်လည်း မပေါက်ပေ။ သူ့အဖေတိုက်က စာရေးဆရာ ဆရာမဒဇနျို့ကို သူ မြင်ဖူးပါသည်။ အေးရာအေးကြောင်းနေတတ်တဲ့သူရှိသည်။ ပြီးတော့ ခပ်လန်းလန်း ဒီဇိုင်းဖြင့် Freestyle နေတဲ့သူတွေရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံတိုးဝေကတော့ တကယ့်ကို အူကြောင်ကျား ပုံစံ။ မျက်မှန်ကြီးတပ်ကာ ဇွာလိုက်တာကလည်း ကက်ကက်လန်။ ဝတ်ပုံစားပုံကတော့ အလန်းကြီးတော့ မဟုတ်ပါ။ အခုလည်း ရှပ်ရောင်စုံအကွက်ဆန်းကို လက်ခေါက်ဝတ်၍ ဂျင်းဘောင်းဘီနှင့် ပိန်းတိန်းတိန်းဒီဇိုင်းမျိုးပါ။ ဒီလို ပိန္နဲသီးလေးက သူ့ကို အကူညီ တောင်းတယ်ဆိုတော့ သူက အသာပြုံးလိုက်ရင်းက ...

"သဘောကတော့ အဖေ့ကိုပြောပြပြီး မိတ်ဆက်ပေးရမယ် ပေါ့"

သူ့စကားကြောင့် ရွှေပုံတိုးဝေရဲ့မျက်လုံးတွေဟာ ဖျတ်ခနဲ လက်ခနဲ အရောင်လက်သွားကာ ခေါင်းကြီးတစ်ခုလုံး ပြုတ်ကျမတတ် ညိတ်ပြ၍ သူက စာရေးဆရာမရှူးလေးကို တစ် ချက်အကဲခတ်လိုက်ပြီးမှ ...

"မင်းမှာ ရေးထားတာ ဘယ်နှအုပ်လောက် ရှိသွားပြီလဲ"

"ဟို ... ခြောက်အုပ်ရှိသွားပြီ"

"ဩော် ... အင်း ... အင်း ... ဘယ်လိုပြောမလဲ၊ ကိုယ် တို့တိုက်က တကယ့်ကို အရည်ချင်းရှိပြီး ပရိသတ်အတွက် စာကောင်းပေကောင်းတွေကိုပဲ ထုတ်ဝေတာဆိုတာ မင်း သိမှာပါ၊ အဲ ... ဆိုတော့ကား ဒီတိုက်ရဲ့ စင်တင်ကလောင် ရှင်ဖြစ်ဖို့အတွက် အရည်အချင်းပြည့်ဖို့တော့ လိုမယ် ...





အမ်း ... ငါကတော့ စာဖတ်ရတာကို ဝါသနာပါ တယ်ကွ၊ အဖေ့ရဲ့တိုက်ကထွက်တဲ့ စာအုပ်တွေတင်မကဘူး စာဆို အစုံဖတ်တော့ စာဖတ်နာတယ်၊ old service ဆို တော့ စာတစ်ပုဒ်ကို ဖတ်လိုက်တာနဲ့ အိုခေမခေ တစ်ခါ တည်းပြောနိုင်တယ်၊ ဆိုလိုတာကတော့ ဝေဖန်နိုင်တယ်ပေါ့ ကွာ"

နေသည် ဇွတ်တင်ပြီး ကိုယ့်ဟာကိုယ် မြှောက်နေ တာကို အဟုတ်ကြီးမှတ်နေသော ရွှေပုံတိုးဝေက အားတက်သွား အားတက်သွားဟန်ဖြင့် သူမကျောပိုးအိတ်ထဲက ဗလာစာအုပ်သုံး အုပ်ကိုထုတ်ကာ သူ့ကို ပေး၍ ...

"အဲဒါဆို ရွှေပုံရဲ့စာမူလေးကိုဖတ်ပြီး ဖြစ်နိုင်မဖြစ်နိုင် ဝေဖန်ပေးပါနော်၊ ဟို ... စာရေးတာကို အရမ်း Crazy ဖြစ်တော့ အရမ်းကိုဖြစ်ချင်တာပါ"

ဟား ဟ ... သူ့ကို ဝေဖန်ပေးပါတဲ့။ နေသည် စာဆို စာကလေးတောင် မကြည့်ချင်တဲ့အထဲမှာပါသည်။ ကျောင်း စာတွေတောင် မဖြစ်လို့ကြည့်နေရတာဖြစ်သည်။ ပြီးတော့ သူက ဝတ္ထုဖတ်ဖို့ထက် ရုပ်ရှင်ကြည့်ဖို့ကိုသာ ခုံမင်တတ်သူဖြစ်သည်။ အချိန်ပေးပြီး စာဖတ်ဖို့ ဆိုတာကတော့ ဝေလာဝေး ... ဟေး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူက ဂေါက်သီးလေးကို ကျပ်ချင်တာကြောင့် သူမရဲ့ စာအုပ်ကို လက်ခံယူလိုက်ကာ ...

"ကောင်းပြီလေ ငါ ဖတ်ကြည့်လိုက်မယ်၊ ဖတ်လို့အဆင် ပြေရင်တော့ ထုတ်ဖို့ကိစ္စတွေ ဘာတွေ ဆက်ပြောတာပေါ့ နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ နားလည်ပါတယ်၊ အခုလို နေက ကူညီပေးတာကိုပဲ ကျေးဇူးတင်ပါတယ်၊ ဖတ်ကြည့်လိုက်ပါ၊ ထုတ်ဖို့ ဘာညာကို မျှော်မှန်းပြီးတော့ စာရေးတာမဟုတ် ပါဘူး၊ ဒီအလုပ်ကို ဝါသနာကြီးလွန်းလို့ပါ၊ ပြီးတော့ ကျွန်မရဲ့ လိုအပ်ချက်လေးတွေကို ဝေဖန်ပြောပြပေးပါ နော်"

ကြည့်စမ်း ... ဒီမှန်ကြောင်လေးလုံးဟာ ဒီတစ်ခါပဲ သူ့ကို ယဉ်ယဉ်ကျေးကျေးပြောဖူးတယ်။ အင်း ... အဖေ့စာအုပ် တိုက် မျက်နှာတယ်ကြီးပါလား။ အိုခေ ... အဲဒါဟာ သူ့အတွက် တော့ နိုင်ကွက်ပေါ့။

"ကောင်းပြီလေ ... ဖတ်ကြည့်လိုက်မယ်နော်၊ ဒါပဲမှလား သွားပြီ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်နော်"





သူ့ကို ရှိသေရကောင်းမှန်း အခုမှသိတဲ့ အဲဒီ ရွှေပုံ တိုးဝေဟာ ဘာကို Crazy ဖြစ်တယ်ဆိုတာ အခုတော့ သူသိသွား သည်။ အင်း ... အူတိအူကြောင် စာရေးဆရာမရှူးလေးကို သူ က ပါးပါးလေးဟာသလုပ်မယ်လို့ တေးထားလိုက်သည်။

သူ ပျင်းနေတာကြာပြီဆိုတော့ ရွှေပုံတိုးဝေဟာ သူ့ရဲ့ဟာသမယ် ဘာညာသာရကာလေး ဖြစ်လာနိုင်ပါသည်။

❦ ✦ ❦



www.burmeseclassic.com

www.burmeseclassic.com



နေသည် ရွှင်မြူးနေသောစိတ်နှင့်အတူ လေလေး တချွန်ချွန်ဖြင့် အိမ်ထဲဝင်လာခဲ့တော့သည်။ မေမေက ခြံကို စကားပြောနေတာကြောင့်သူဟာ မေမေ့ကို သားပြန်လာပြီလို့ပဲ လှမ်းနှုတ်ဆက်ကာ သူ့အခန်းထဲ သူဝင်လာခဲ့လိုက်သည်။ မွေ့ရာ ပေါ်မှာ ကန့်လန့်ဖြတ်လှဲချလိုက်ရင်းကမှ နေ့ခင်းက ရွှေပုံတိုးဧ အကြောင်း ဖြုန်းခနဲ ဦးနှောက်ထဲရောက်လာလေလျှင် ဝေါက်ခနဲ ထထိုင်ကာ လွယ်အိတ်ထဲက စာမူကို ထုတ်လိုက်သည်။ အင်း... လုံးချင်းဝတ္ထုတစ်အုပ်ဖြစ်အောင် ရေးနိုင်တဲ့ ဒီကောင်မလေးက ဆိုးတော့မဆိုးပါဘူး။ သူဟာ ဝတ္ထုရဲ့ခေါင်းစဉ်ကို ဖတ်ကြည့် လိုက်လျှင်တော့ မျက်ခုံးတစ်ချက်မြင့်တက်သွားသည်။ "အကြင်နာ ကမ်းစပ်က လူပျို"တဲ့။ မဆိုးပါဘူး။ Attraction လေးကတော့ ရှိသည်။ နေသည် ဗလာစာအုပ်သုံးအုပ်ကို သေချာလေး ဖိုင်လ် ထဲညှပ်ပြီးနောက် သူ့စာကြည့်စားပွဲအံဆွဲထဲ ထည့်ထားလိုက်





တော့သည်။ ပြီးနောက်မှာ သူဟာ ရေမိုးချိုးသန့်စင်ပြီးနောက် တီရှပ်တစ်ထည်ကောက်စွပ်ကာ ရှမ်းဘောင်းဘီဝတ်လိုက်သည်။ ပြီးတော့ သူ့ဆံပင်တွေကို ထိပ်ကနေ စုစည်းလိုက်ပြီးတော့မှ သီချင်းလေးတညည်းညည်းဖြင့် အောက်ထပ်ပြန်ဆင်းလာလျှင် ဖေဖေက ရောက်နေပြီဖြစ်သည်။

"ဟာ ... ဖေဖေ ပြန်လာပြီလား"

"အေး ... ရေချိုးပြီးသွားပြီလား"

"ဟုတ် ... ဖေ၊ ဖေလည်း ခဏနားပြီး ရေချိုးလေ၊ သား မေမေနဲ့ ထမင်းပွဲပြင်ထားလိုက်မယ်"

"ဟုတ်ပြီ သား၊ ဖေဖေ ရေချိုးလိုက်ဦးမယ်"

နေသည် မေမေနှင့်အတူ ထမင်းပန်းကန်တွေ ဝိုင်း ချပေးပြီး ထမင်းဝိုင်းမှာ ဖေဖေ့ကို ထိုင်စောင့်နေလိုက်သည်။

"သားလေး ... သင်တန်းမှာ အဆင်ပြေလား"

"ပြေတယ် မေမေရဲ့၊ ဩော် ... မေ သားကို မုန့်ဖိုးပေးဦး နော်၊ ဖေဖေပေးတဲ့ မုန့်ဖိုးက ကုန်တော့မယ် ... အဟဲ ဟဲ"

"အင်း ... နေ မင်းကတော့နော်၊ ပိုက်ဆံတွေ စွတ်သုံးမနေ နဲ့၊ မင်းအဖေက မင်းကို မျက်စိစပါးမွေး စူးနေပြီနော်၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ အဆူခံနေရဦးမယ်၊ ငြိမ်ငြိမ်တိတ်တိတ်နေဦး ကြားလား ... မေမေ မနက်ကျမှ သားပိုက်ဆံအိတ်ထဲ ထည့်ပေးထားမယ်"

"ဟာ ... ဟုတ်ကဲ့ ချစ်မေမေ"

နေက မေမေ့ရဲ့ပခုံးကို သိုင်းဖက်ကာ ချွဲနွဲ့လိုက်လျှင် မနက်မုန့်ဖိုးကတော့ တစ်သိန်းလောက်တော့ အနည်းဆုံးပဲ။ ဖေဖေက ထမင်းစားခန်းထဲဝင်လာလျှင် ...

"ဟင် ... ဖိုးနေ အမေကို ကပ်ချွဲပြီး ဘာတွေ ပိုက်ဆံတောင်းနေတာလဲ"

ဖေဖေက သူ့အကြောင်းကို ဓာတ်ပေါက်သူပီပီ အပိုင်ပြောလိုက်လျှင် သူဟာ ဖေဖေ့ကို ကပ်ဖားယပ်ဖားလုပ်ပြီး ...

"အဟဲ ဟဲ ... ဘာမှမတောင်းပါဘူး ဖေရ၊ ဒီမှာ ထမင်းပွဲ အဆင်သင့်ပဲ၊ လာ ... စားကြစို့ ဖေ"

နေသည် မိသားစုနှင့် ထမင်းလက်ဆုံစားနေရင်းကမှ ကိုယ့်အတွေးနှင့်ကိုယ် ဖေဖေ့ကို မေးလိုက်သည်။

"ဖေဖေ ဒီအတောအတွင်း ကလောင်သစ်တွေ ဘာတွေများ တင်ဖို့ရှိသေးလား"





"အမယ် ... ထူးထူးခြားခြား အလုပ်အကြောင်း ဘာညာစိတ်ဝင်တစား မေးနေတယ်၊ ဘာလို့လဲ ဖိုးနေ၊ မင်းက တွေ့ထားလို့လား"

"အာ ... ဟုတ်ပါဘူး ဖေကလဲ၊ ကျွန်တော်က ဒီလိုပဲ မေးကြည့်တာပါ"

နေသည် စကားစကိုဖြတ်ကာ ထမင်းကိုသာ ငုံ့စားလိုက်တော့သည်။ ကလောင်သစ်ဖြစ်လာဖို့အတွက် သူ့ဘက်က Comment ပေးနိုင်ဖို့ ရွှေပုံတိုးဝေရဲ့စာမူတွေကို ဖတ်တော့ဖတ်ကြည့်ဦးမှပါ။

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဒီမှာ ရွှေပုံတိုးဝေ၊ မင်းကို အဓိကပြောချင်တာကတော့ နေနဲ့ မပတ်သက်ဖို့ပဲ၊ အခုလက်ရှိ ငါနဲ့ နေက ရည်းစားတွေ၊ နင့်ကြောင့် ငါ့ဘဲကို အဆုံးရှုံးမခံနိုင်ဘူး"

"ဘာ ... နင် ဘာစကားပြောတာလဲ"

ရွှေပုံသည် ဒေါသတွေထွက်လွန်း၍ မျက်လုံးတွေတောင် ပြာဝေသွားရလေသည်။ ဒီမိန်းမဟာ ရွှေပုံ့ရဲ့ဂုဏ်သိက္ခာတွေကို အသားလွှတ် လာစော်ကားနေတာ။ ဒါ ငါ့ဘဲဆိုတဲ့ လိုင်စင်ချည်းကိုင်ပြီး ရွှေပုံ့ကို လာဖဲ့တာဟာ အရမ်းစံပြင်းဖို့ကောင်းပါသည်။





"ဟဲ့ ... ဒီမှာ နင့်ဘဲကို ယောင်လို့တောင်မှ မပြစ်မှားဘူးဟဲ့၊ ဘာမှ လင်တရူးနေစရာမလိုဘူး၊ ဒီမယ် ခင်မိုးသား ... အကောင်းဆုံးအကြံတစ်ခုပေးလိုက်မယ်၊ နင် အဲဒီလောက် J ဝင်နေတယ်ဆိုရင် နင့်ဘဲနဲ့ အမြန်ဆုံးပြတ်မှာပဲ၊ နင်နဲ့တွဲနေတဲ့ကောင်က ငါနဲ့ ဘာမှ အရှုပ်အရှင်း မရှိဘူး၊ ငါ့ကို အသားလွှတ်လာမရမ်းနဲ့"

ရွှေပုံသည် ဒေါကန်ကန်နှင့်ပင် ခါးထောက်ကာ မိုက်ကြည့်ကြည့်၍ အပြတ်ကောလိုက်လေလျှင် ဟိုမွှန်နေသောမိန်းမသည် ရွှေပုံ့ကို စားတော့ဝါးတော့မည့်ဒီဇိုင်းဖြင့် မီးဝင်းဝင်းတောက်ကြည့်ကာ တောက်ခေါက်လိုက်ပြီးမှ ...

"နင် စကားပြောမရှိင်းနဲ့၊ အေး ... နင့်စကားနဲ့နင်နော်၊ ငါ့ဘဲကို ဘာအကြောင်းကြောင့်မှ လာမပတ်သက်ပါနဲ့၊ ရှင်းအောင်နေ ကင်းအောင်နေ"

"ဒါ ငါ Right ပါ၊ ရိုးသားရင် ပြီးရောမှလား၊ ပြောရရင် နင်က ချယ်ရီနဲ့ပြတ်ပြီးမှ နေ့ကို ရတာပါ၊ ဟဲ့ ... ဒီမှာ ငါပြောပြမယ် ခင်မိုးသား၊ ဒီလောက် ဆော်ရှပ်တဲ့လူတစ်ယောက်ကို ရည်းစားတော်ထားရင် သဝန်ကြောင်မနေနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘက်ကပြောနိုင်တာက နေနဲ့ငါ စကားပြောချင်ပြောနေမယ်၊ ဒါပေမဲ့ ရိုးသားတယ်၊ သူ့ကို ငါက တစ်စက်လေးမှ စိတ်မဝင်စားဘူး၊ နင်သိအောင် တစ်ခါတည်းပြောလိုက်မယ်၊ ငါက အဲဒီလိုရုပ်တဲ့လူမျိုးကို ဘယ်တော့မှ ရည်းစားထားမှာမဟုတ်ဘူး၊ နင်သာ ကိုယ့်ဘဲကိုယ် နိုင်အောင်ထိန်း၊ ငါ့ကို ဘာမှ စွပ်စွပ်စွဲစွဲ လာမပြောနဲ့"

"အေးလေ ... နင် ကိုယ့်စကားကိုယ် တည်အောင်ကြိုးစားနိုင်ပါစေ၊ ငါ့ဘဲနဲ့ လာမပတ်သက်နဲ့ ... သွားမယ်"

ခင်မိုးသားက ကော့ကော့ကော့ကော့နှင့် ထွက်သွားပြီးသောအခါ ရွှေပုံသည် တောက်တစ်ချက်ခေါက်ကာ ဟိုအကောင်နေကို စာရင်းရှင်းဖို့ လိုက်ရှာရလေသည်။ သိပ်ရှက်ဖို့ကောင်းတာပဲ။ ဒီလို အရှုပ်တော်ပုံကြောင့် ရွှေပုံမှာ သိက္ခာကျရသည်။ ငါ့ဘဲကို လာမပတ်သက်နဲ့ဆိုပြီး အကြိမ်းခံရတယ်ဆိုကတည်းက ရွှေပုံ့ဘက်က အရှမ်းအောက်ပါသည်။ ရွှေပုံသည် အတန်းဘက်ကို ဒေါကြီးမောကြီးဖြင့် လျှောက်လာလေလျှင် ...

"ဟော့ ... စာရေးဆရာမ ဘာတွေ ဒေါသကြီးနေတာလဲ၊ ဖြည်းဖြည်းလည်းလျှောက်၊ ဘယ်ကျားမှ လိုက်မလာဘူး"





အသံက အပေါ်ကလာတဲ့အသံဖြစ်တာကြောင့် ရွှေပုံသည် ဘယ်သူပါလိမ့်လို့ မော့ကြည့်လိုက်လျှင် အပေါ်ထပ်ကော်ရစ်တာရဲ့ ဝရန်တာလက်ရန်းကို လက်ထောက်၍ အောက်ကိုငုံ့ကြည့်ကာ ဆော်ငမ်းနေတဲ့ သင်းကို တွေ့ရလေသည်။ ရွှေပုံသည် ချက်ချင်းပင် လှေကားဆီပြေး၍ အပေါ်ထပ်သို့တက်လာကာ နေ့ဆီ အသည်းအသန်လျှောက်လာပြီး ...

"ဟဲ့ ... ဒီမှာ နေ ... နင့်ဆော် ခင်မိုးသားကို နင် ဘာတွေသွားပြောထားလို့လဲ၊ အမ် .... ဟဲ့ ... နင့်ဆော်ကို ပြောလိုက်၊ ငါ့ကို ဘာမှလာပြီး အသားလွှတ်လာပုတ်မခတ်နဲ့လို့၊ နောက်တစ်ခါဆို ငါ လုံးဝ သည်းခံမှာမဟုတ်ဘူး"

"ဩော် ... ဘာလဲ မိုးသားက နင့်ကို လာချဲလို့လား၊ အေးဟာ ... Sorry၊ မနေ့က သူနဲ့ငါ ကျိုင်တက်တော့ ငါက နည်းနည်း သူ့ကို ဘုတော့လိုက်လို့ဟ၊ နင့်ကို ဘာတွေပြောသွားလို့လဲ"

"နင်သိဖို့မလိုပါဘူး၊ အဲ ... အဓိကက နင် သူ့ကိုပြောပေးဖို့ပဲ၊ ငါ့ကို နောက်တစ်ခါ အဲဒီအချိုးမျိုးနဲ့ လာပြောလို့ကတော့ လုံးဝ ငြိမ်နေမှာမဟုတ်ဘူး၊ ကိုယ့်ဆော်ကိုယ် ကြည့်ပြောထား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံ့စကားကြောင့် သူက ထုံးစံအတိုင်း ထိမထိ ဒီဇိုင်းဖြင့် 'အေး ... အေး'ပဲပြောလေသည်။ ဟင်း ... ဘယ်လို ကောင်မှန်းကို မသိဘူး။ အရာရာတိုင်းကို ပေါ့ပေါ့တန်တန်လုပ် တတ်ပြောတတ်တဲ့သူပဲ။ အဲ ... ပေါ့ပေါ့တန်တန်ဆိုမှ ရွှေပုံသည် သူ့ကိုပေးထားတဲ့ စာမူကို သွားသတိရမိသည်။ စာအုပ်ပေးထား တာ လေးရက်ရှိသွားပြီဖြစ်သည်။ အခုချိန်ထိ ဘာမှ မမေးရသေး။

အဲဒါကြောင့် ရွှေပုံသည် ကြုံတုန်း တစ်ခါတည်း မေးဖြစ်သွားသည်။

"ဪ ... ဒါနဲ့ နေ ... နင် ငါ့စာအုပ်လေး ဖတ်ပြီးသွား ပြီလား၊ အခြေအနေ ဘယ်လိုနေလဲဟင်"

ဒီတော့မှ သူက မျက်ခုံးတစ်ချက်ပင့်တက်သွားကာ တစ်စုံတစ်ရာ ပြောတော့မည့်ဟန်ဖြင့် အဟင်းဆို ချောင်းဟန့်ပြီးမှ ဟန်ပါပါစတိုင်လ်ဖမ်းကာ ...

"ဖတ်ပြီးသွားပြီ၊ ဒါပေမဲ့ အပြီးထိတော့ မပြီးသေးဘူး၊ ဆိုးတော့မဆိုးပါဘူး၊ နင် ရေးနိုင်ပါတယ် ...

အဲ ... ဒါပေမဲ့ တစ်ခုတော့ရှိတယ်ဟ၊ စာရေးတဲ့ နေရာမှာ လိုတာလေးတွေ ရှိသေးတယ်၊ အဲဒီအချက်ကလေး တွေ ပြင်ပြီးသွားပြီဆိုရင်တော့ ဟား ... ပြီးပြီဟေ့"





သူ့စကားကြောင့် ရွှေပုံက အရမ်းအားတက်သွားရပါ သည်။ မျှော်လင့်ချက်တွေ အရောင်တောက်လာပြီ ထင်သည်။ ရွှေပုံရဲ့လိုအပ်ချက်တွေကို ပြင်ပြီးပြီဆိုရင် ပြီးပြီတဲ့။ အဲဒီအတွက် ရွှေပုံသည် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် မျက်မှန်ကို တစ်ချက်ပင့် တင်လိုက်ပြီး ...

"ဘာကို ပြင်ရမှာလဲဟင်"

နေသည် ပညာရှိဆန်စွာသော အပြုံးကို ပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...

"ပြောရမှာက နည်းနည်းတော့များတယ်ဟ၊ ဒီလိုလုပ် ... ဒီနေ့ည နင် ငါ့ကို ဖုန်းဆက်လိုက်လေ၊ ငါ့ဖုန်းနံပါတ် မှတ်ထားလိုက်"

"ဪ ... အင်း ... အင်း"

ရွှေပုံသည် ကျောပိုးအိတ်ထဲက ဖုန်းလေးကို ထုတ် လိုက်ကာ သူ့ဖုန်းနံပါတ်မှတ်ဖို့ အသင့်ပြင်ထားလိုက်သည်။ သူက နံပါတ်တစ်ခုကို ရေရွတ်လိုက်ကာ ပြောလျှင် ရွှေပုံက နံပါတ်ကို ဖုန်းထဲမှာ Save လုပ်လိုက်သည်။

"ဘယ်အချိန် ဆက်ရမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အမ် ... ကိုးနာရီလောက်ဆက်ပေါ့၊ ကဲ ကဲ ... ငါ သွား ပြီနော်၊ ဪ ... ဖုန်းဆက်ဖြစ်အောင်ဆက်နော်"

သူကပြောပြီးတာနှင့် ရွှေပုံကို ထားခဲ့ကာ ထွက်ခွာသွားလေတော့သည်။ သူထွက်သွားပြီးတော့မှ ရွှေပုံသည် သွားတွေပေါ်သွားသည်အထိ အားပါးတရကြီးကို မိန့်မိန့်ကြီး ပြုံးမိသွားသည်။ ကံတရားသည် ရွှေပုံ့ကို စာရေးဆရာမတစ်ယောက်ဖြစ်လာဖို့ အခွင့်အရေးပေးလာပြီထင်သည်။

ရွှေပုံ သိပ်အမြင်ကတ်တတ်သော သူက ရွှေပုံ့ကို စေတနာထားကာ အပြုသဘော ဝေဖန်ပေးတော့မည်။ ဒီလိုဆိုတော့လည်း နေဆိုသော ပုဂ္ဂိုလ်လေးသည် ရွှေပုံ့အမြင်တွင် စိတ်ထားကောင်းသော ကင်းစုတ်လေး ဖြစ်လို့သွားပါသည်။

❣ ✦ ❣





ညကိုးနာရီတိတိ ထိုးတဲ့အချိန်မှာ ရွှေပုံသည် အခန်းထဲသို့ ဝင်လာကာ Charging သွင်းထားသော ဖုန်းလေးကို ယူလိုက်ကာ မွေ့ရာပေါ်မှာ ခြေဆင်းထိုင်ရင်း ဖုန်းဆက်ဖို့ အားယူလိုက်သည်။ ပြီးတော့မှ စိတ်ကို တည်ငြိမ်အောင်ထားလိုက်ကာ ဟူးခနဲ လေပူတစ်ချက်မှုတ်ထုတ်၍ ဖုန်းထဲမှာ Save လုပ်ထားသော နေရဲ့ ဖုန်းနံပါတ်ကို ခေါ်လိုက်လေသည်။ ဖုန်းက ချက်ချင်းဆိုသလိုပင် လိုင်းဝင်သွားသောအခါ ရွှေပုံက မျက်နုံးတစ်ချက် ပင့်တက်မိသွားသည်။ ဒီလိုနာမည်ကြီးတစ်ယောက်ရဲ့ဖုန်းက ချက်ချင်း လိုင်းဝင်သွားတယ်။ သူက သူ့ဆော်နဲ့ မကြိုဘူးလား။

"ဟယ်လို"

တစ်ဖက်က ခပ်ရှရှအသံဖြင့် ဟယ်လိုလုပ်လေလျှင် ရွှေပုံသည် တည်ငြိမ်သောလေသံဖြင့် ...

"ဟို ... နေနဲ့ ပြောချင်လို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပါလဲ"

"ဟုတ်ကဲ့ … ရွှေပုံတိုးဝေပါရှင့်"

"သြော် … ခဏလေးကိုင်ထားပါနော်"

"ဟုတ်ကဲ့"

ရွှေပုံသည် ဖုန်းကို နားမှာကပ်ကာ နေ ဖုန်းကိုင်မည့် အချိန်ကို ထိုင်စောင့်နေရင်း စိတ်ထဲမှာ တွေးမိသွားတာက ခုနက ဖုန်းပြောတဲ့အသံဟာ နေ့အသံနှင့် ဆင်သလိုပဲ။ သူ့အဖေများလား။

"ဟယ်လို … ပြော ရွှေပုံတိုးဝေ"

ဟင် … ခုနက အသံမျိုးလိုပဲ။ ဒါပေမဲ့ ရွှေပုံသည် စိတ်ထဲမှာ တွေးလိုက်တဲ့အတိုင်းပဲ ထားလိုက်ကာ စကားဆက်ပြောလိုက်သည်။

"နေ … နင်က ဖုန်းဆက်ခိုင်းလို့ပါ"

"သြော် … ဟုတ်သားပဲ၊ ငါ ဆက်ခိုင်းတာပဲ … ဟဲ ဟဲ"

"ဒါနဲ့ … ခုနက ဖုန်းပြောတာက နင့်အဖေလားဟင်"

"အဟဲ … ဟုတ်ဘူး၊ ငါပဲ ပြောတာ"

ရွှေပုံသည် သူ့အပြောကြောင့် အသာပြုံးမိသွားသည်။ အိုး … သူက နောက်တတ်သားပဲ။





"အဟင်း ဟင်း … ထင်တော့ထင်သားပဲ၊ နင့်အသံနဲ့တူပါတယ်ထင်လို့ မေးလိုက်တာ၊ ကဲ … ဆိုပါဦး ငါ့စာအုပ်လေးက ဘာလိုအပ်လဲဟင်"

"အဟဲ … စာအုပ်မလိုပါဘူး၊ လိုနေတာက လူ"

"ဟင် … ဘာလဲ"

"ဟုတ်တယ် … နင့်စာလေးတွေက မဆိုးပါဘူး၊ ထုတ်မယ်ဆိုရင်တောင် ထုတ်လို့ရပါတယ်၊ ဒါပေမဲ့ ထုတ်တာက လွယ်တယ်၊ ဒါကြောင့် စာအုပ်မထုတ်ခင် နင် ပြောင်းလဲသင့်တာကို ပြောင်းလဲရမယ်၊ ဘာပြောင်းရမှာလဲ ဆိုတော့ ရုပ်ပိုင်းဆိုင်ရာကိုပေါ့"

ရွှေပုံသည် လိုက်မမီနိုင်တော့သော စကားအတွက် နားရှုပ်သွားကာ သူ့ကို 'ဘာပြောချင်တာလဲ'လို့ တည့်တည့်မေးလိုက်တော့မှ သူက ပွင့်လင်းတော်မူတော့သည်။

"ဒီလိုပါ … စာရေးဆရာမဆိုတာ လန်းနေရမယ်လို့ ငါက ယူဆတယ်၊ ဒါကြောင့် နင့်ရဲ့ ခပ်တုံးတုံးဒီဇိုင်းတွေကို ပြောင်းလိုက်၊ နင့်ရဲ့ ပုလင်းဖင်မျက်မှန်ကြီးကို ချွတ်ပြီး မျက်ကပ်မှန်တပ်လိုက်၊ အဲဒါတွေ Change ခိုင်းတာ"

"လိုအပ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... လိုတာပေါ့၊ သိပ်လိုတယ်၊ နင့်ရဲ့ဒီဇိုင်းတွေကို မြန်မြန် Change ပြီးသွားတာနဲ့ ငါက အမေနဲ့ စာအုပ်ထုတ်ဖို့ကိစ္စ နင့်ကို ပေးတွေ့ပေးတော့မှာ၊ အဲဒီလို ... အဲဒီလို"

"နင် တကယ်ပြောနေတာတော့ ဟုတ်ပါတယ်နော်"

"ဩော် ... တကယ်ပြောတာ၊ ဒီလိုလုပ်လေ ... မနက်ဖြန် ပိတ်ရက်ဆိုတော့ နင်နဲ့ငါ Shopping ပတ်ကြမယ်၊ နင့် ဒီဇိုင်းကို ငါ Change ပေးမယ်၊ နင်သာ ပိုက်ဆံ အလုံ အလောက်ထည့်ခဲ့လေ"

ရွှေပုံသည် သူ့စကားကြောင့် တွေခနဲဖြစ်သွားကာ စဉ်းတော့စဉ်းစားသွားရသည်။ ဘာသဘောတရားပါလိမ့်။ စာရေးဆရာမဖြစ်တာနဲ့ မျက်ကပ်မှန်တပ်နိုင်းတာ ဘာဆိုင်တုံး။ အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့။ လုပ်သင့်တယ်လို့ ရွှေပုံက ယူဆကာ ...

"ကောင်းပြီလေ ... သွားတာပေါ့၊ ဘယ်အချိန်လဲ"

"အမ် ... မနက်ဖြန် ဆယ်နာရီလောက် ဟို ... ရန်ကင်းစင်တာ လာခဲ့ဟာ၊ အဲဒီကမှ ဆက်သွားတာပေါ့၊ ဩော် ... ဒါနဲ့ မင်းကားယူမလာနဲ့၊ ငါ့မှာ ကားပါတယ် ကြားလား"

"အိုခေ ... ပြီးရော၊ အဲဒါဆို ဒါပဲလေ"

"အိုခေ ... အိုခေ"





ရွှေပုံသည် ဖုန်းပြောပြီးသွားသည့်နောက်တွင်တော့ ခေါင်းကုတ်ကာ အတွေးပွားလိုက်တော့သည်။ သွားသင့်ရဲ့လား။ သူကကော ဘာသဘောနဲ့ ရွှေပုံ့ကို ခေါ်တာမျိုးလဲ။ ရွှေပုံသည် မရှင်းမရှင်း ဖြစ်နေတဲ့ကိစ္စကို တိုင်ပင်ဖို့အတွက် ချက်ချင်းပင် စန္ဒီ့ဆီ ဖုန်းခေါ်လိုက်တော့သည်။

"အေး ... ဒေါ်ရွှေပုံ ဆို ... ဘာကိစ်"

"ဒီဒီ ... ငါ နင့်ကို ကိစ္စတစ်ခု ပြောစရာရှိလို့ လှမ်းဆက်လိုက်တာ"

"အေး ... ပြောလေ ဘာလဲ"

ရွှေပုံသည် ဖုန်းပြောရင်းက ဝရန်တာဘက်ထွက်လာကာ ဒန်းပေါ်မှာ ထိုင်လိုက်ပြီးမှ သေသေချာချာပြောပြလိုက်တော့သည်။

"ဒီနေ့ ငါနဲ့ နေ ကော်ရစ်တာဘက်မှာ တွေ့တယ်ဟာ၊ အဲဒါ ငါက သူ့ကို စာအုပ်ကိစ္စမေးတော့ သူက ဒီည ဖုန်းဆက်တဲ့၊ ဖုန်းထဲမှာမှ ငါလိုအပ်တာလေးတွေကို ပြောပြမယ်တဲ့၊ အဲလိုပြောပြီး ငါ့ကို ဖုန်းနံပါတ်ပေးလိုက်တယ်"

"ဟယ် ... အဲဒီ ... အဲဒီတော့ ဖုန်းဆက်လိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီက အရမ်းကို Tempo မြင့်လာသော အသံဖြင့် အလောတကော မေးလာတော့သည်။ ရွှေပုံသည် ဒီဒီ့ကို အားလုံး ပြောပြဖြစ်ခဲ့ပါသည်။

"အဲဒါ သူက မနက်ဖြန် ဒီဇိုင်းပြောင်းပေးမယ်တဲ့၊ မနက် ဆယ်နာရီ ရန်ကင်းစင်တာကို လာခဲ့ဖို့ချိန်းတယ်၊ ပြီးတော့ ကားလည်း ယူမလာခိုင်းဘူး"

"ဟယ် ... ဒါဆို သူက နင့်ကို ဒိတ်လုပ်တာပေါ့ ရွှေပုံရဲ့၊ ဟဲ့ ... သူ နင့်ကိုများ ကြိုက်နေပြီလား"

"အာ ... မဟုတ်ပါဘူးဟာ၊ ငါ့ကို စာအုပ်ထုတ်ဖို့ကိစ္စအတွက် ကူညီပေးရုံပုံစံမျိုးပါ၊ နင်ကလဲ ... ပြီးတော့ ချယ်နဲ့ သူက ဇာတ်လမ်းရှိခဲ့ဖူးတာပဲ၊ သူ ငါ့ကို ဆက်ဆံတာ ရိုးရိုးပါ"

"ပြောမရဘူးဟဲ့၊ အဲဒါ ထားပါဦး၊ အဲဒီတော့ နင်က သူချိန်းတာကို လက်ခံလိုက်လား"

ရွှေပုံသည် သက်ပြင်းချလိုက်ကာ စိတ်ကျဉ်းကျပ်စွာဖြင့် ခံစားရတဲ့အတိုင်း ဒီဒီ့ကို ရင်ဖွင့်လိုက်သည်။

"အဲဒါပြောမလို့ဟာ၊ ငါက သူချိန်းတာကို လက်ခံလိုက်မိတယ်၊ ပြီးတော့မှ ငါတွေးမိသွားတာ ငါ ချယ့်ကို အပြစ်လုပ်မိသလို ခံစားနေရတယ်၊ ဒီကိစ္စကို အဲဒါကြောင့် နင်နဲ့ အရင်ဆုံးတိုင်ပင်တာ"





"ဟာ ... နင်ကလဲ ချယ်နဲ့ ဘာဆိုင်တော့လို့လဲ၊ မိချယ်က သူ့ဘဲ သူရနဲ့ ချစ်နေတာ နေ့ကိုတောင် မေ့တာကြာပေါ့၊ ချယ့်ကို ဘာမှ ထည့်စဉ်းစားဖို့မလိုဘူးဟ၊ နင် စဉ်းစားရမှာက သူ မနက်ဖြန် ဘာလို့ချိန်းတာလဲဆိုတဲ့ အဓိကရည်ရွယ်ချက်ပဲ၊ တွေးကြည့်ရင် သိပ်တော့မဆိုင်သလိုပဲ၊ သူ့အဖေနဲ့ နင့်ကို မိတ်ဆက်ပေးမယ်ဆိုရင်လည်း သူ့အဖေက Publisher အနေနဲ့ နင်ကလည်း ဝါသနာရှင်စာရေးဆရာမအနေနဲ့လေ၊ ဘာမှ ပုံပြောင်းနိုင်းစရာ မလိုဘူးဟာ၊ အခုသူ့ပုံစံက ချွေးမက ယောက္ခထီးကို သွားတွေ့ရမယ့်ပုံမျိုးချည်းပဲ ... ဟဲ ဟဲ"

ဒီဒီမက အရွှန်းဝင်ဖောက်နေသေးလျှင် ရွှေပုံက ကြက်သီးတောင် ဖျန်းခနဲ ထမိသွားသည်။ အို ... အဲဒီလိုတော့ မဟုတ်ပါဘူး။ ရွှေပုံ့ကို သူက ရိုးရိုးကူညီတာပဲ နေမှာပါ။

"အာ ... မဖြစ်နိုင်ပါဘူး နင်ကလဲ၊ ဟို ... ဒီလိုလုပ်ဟာ မနက်ဖြန် နင် ငါနဲ့ လိုက်ခဲ့ပေးပါလား"

"အင်း ... ငါက ?၊ ဟဲ့ ... နေက ကြိုက်ပါ့မလား"

"ဟဲ့ ... ဘာဆိုင်လဲ၊ ရိုးရိုးသားသားတွေ့တဲ့ဥစ္စာပဲ၊ ငါ့ဟာ ငါ ဘယ်သူ့ခေါ်လာလာပေါ့၊ လုပ်ပါ ... ကူညီပါ ဒီဒီရ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါ၊ ဗြီးရော အဲဒါဆို မနက် ငါ နင့် အိမ်လာခဲ့မယ် အိုခေနော်"

"အေးပါ ... အေးပါ ... ကျေးဇူးပဲ ဒီဒီရာ"

"မလိုပါဘူးဟာ၊ ချစ်သူငယ်ချင်းကြီး တစ်ခုခုထူးခြားမယ့် ကိစ္စကို ငါက ပါရမီဖြည့်ပေးရမှာပေါ့ဟဲ့ ... အဟဲ ဟဲ၊ ကဲ ကဲ ... ဒါပဲဟာ၊ ငါ online သုံးတော့မယ် တာ့တာ"

ဒီဒီက ဖုန်းချသွားလေသည်။ ရွှေပုံကသာ ဖုန်းကြီး လက်မှာကိုင်၍ တစ်ခုခုကို တွေးနေမိသည်။ မနက်ဖြန်ဟာ ရွှေပုံ့ အတွက်တော့ ရင်ခုန်ဖို့ကောင်းနေတာတော့ အမှန်ပဲဖြစ်သည်။





## ၉

နေသည် ဆိုင်ထဲသို့ဝင်လာသော ဘာပုံပေါက်နေမှန်း မသိတဲ့ အူတိအူကြောင် မှန်ကြောင်ရယ်၊ လေဒီဖက်တီးရယ်ကို ကြည့်ကာ ရယ်ချင်မိသွားသည်။ အင်း ... ထင်တော့ထင်သားပဲ။ ဒီကို မှန်ကြောင်တစ်ယောက်တည်းတော့ လာမှာမဟုတ်ဘူးလို့။ အခုတော့ ထင်ထားသလိုပင် ဒီဒီဆိုသော ဖက်တီးကိုပါ အဖော် ခေါ်လာတာဖြစ်သည်။ ရွှေပုံတိုးဝေဆိုသော ချာတိတ်မကို သူက ဒီနေ့ ဒီလိုချိန်းတာဟာ နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့်ကိစ္စ ဆောင် ရွက်ဖို့ဖြစ်သည်။

ပုံမလာပန်းမလာ ရွှေပုံတိုးဝေကို သူက ဒီဇိုင်းပြောင်း ပေးလိုက်မှာဖြစ်သည်။ အဲဒီအတွက် ရွှေပုံတိုးဝေဟာ နဂိုရှိမယ်ဆို ရင်တော့ နဂိုင်းထွက်လာမှာဖြစ်သည်။ အဲဒါကတော့ ရွှေပုံတိုး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အကျိုးရှိမယ့်ကိစ္စဖြစ်သည်။ သူ့အတွက် အကျိုးရှိမယ့်ကိစ္စက တော့ တခြားမဟုတ်။ ပြီးခဲ့တဲ့တစ်ပတ်လောက်က သူက ဘော်ဒါတွေနှင့် ကလပ်မှာသွားကဲရင်း ဆော်လေးတစ်ယောက်နဲ့ အိစိက လီရိုက်လာခဲ့သည်။ ရုပ်ကလည်း အလန်းစားဖြစ်ကာ တော်လ်ကီကလည်း ငြိချင်စရာလေးမို့ သူက တွဲဖို့အတွက် နောက်ကြောင်းကို တစ်ချက်ထောက်ကြည့်တော့ ဆော်က ဇယားဖြစ်နေတာမို့ နောက်ဆုတ်လိုက်ပေမယ့် ဟိုဆော်က သူ့ကို တအီအီဖုန်းတွေဆက် လူကိုယ်တိုင်လာတွေ့တွေ့နေတာမို့ သူက အပြတ်ဖြတ်ရန်အတွက် ငါ့မှာ လူကြီးတွေ စီစဉ်ထားတဲ့ ကောင်မလေးရှိတယ်ဆိုတဲ့စကားသုံးကာ အဲဒီစကားအတွက် ရွှေပုံတိုးဝေကို အသုံးချရမှာဖြစ်သည်။

ဒါကြောင့်မို့ ဒီနေ့ သူက မှန်ကြောင်နှင့် ဒိတ်ထားတာဖြစ်ပေသည်။ ရွှေပုံတိုးဝေရဲ့စာအုပ်ကို တကယ်တမ်းက လှန်တောင်ဖတ်မကြည့်ရသေးပါ။ ဒီလိုပဲ စာအုပ်ထုတ်ဖို့ အဖေနဲ့မိတ်ဆက်ပေးမယ်လို့ မက်လုံးပေးပြီး သူမကို အပြင်ထွက်အောင် ဗွင်ဖန်ရတာဖြစ်သည်။

"နေ ... ငါရောက်ပြီ၊ ကဲ ... ဘယ်သွားမှာလဲ"

လာတာနှင့် စူပုပ်ပုပ်မျက်နှာထားဖြင့် မတ်တတ်ကြီးရပ်နေလျှင် နေသည် သူမကို မကြည့်သလို တစ်ချက်ကြည့်ကာ...





"ဩော် ... ဒီမှာ စားတုန်းသောက်တုန်းပဲ ရှိသေးတာ၊ ဘယ်လိုဖြစ်နေတာလဲ ဖြည်းဖြည်းပေါ့၊ ထိုင်ဦး ... ဟိုင်း ... ဒီဒီ ထိုင်လေ၊ ဟို ... ဘာစားကြမလဲ သွားမှာကြလေ"

"ရတယ် ... မစားတော့ဘူး၊ နင်သာ မြန်မြန်စား"

သူမတို့နှစ်ယောက်က သူစားတာကို ထိုင်စောင့်နေကြတာကို သူက သဘောကျသွားပါသည်။ ဟား ဟား ... ဒါအသစ်ပဲ။ သူ့ဘဝမှာ ဒီလို ပိန်းတိန်းတိန်း ပလေယာလေးတွေနှင့် တစ်ခါမှ တွဲမထိုင်ဘူး။ သူနှင့်တွဲထိုင်ခဲ့တဲ့ ဆော်တွေက အားလုံးက ဂရိတ်တွေချည်းပဲဖြစ်သည်။ ဒီလို ပိန်းတိန်းတိန်းပုံတုံးတွေနှင့် တွဲထိုင်တော့လည်း သူ လူကြည့်ပိုခံရတာပေါ့လေ။

"ကဲ ... မြန်မြန်စားဟာ၊ စိတ်မရှည်ချင်စရာ"

ရွှေပုံတိုးဝေက နည်းနည်းလေး ကြာလာသောအခါ စိတ်မရှည်တော့ဟန်ဖြင့် ထဖောက်လေလျှင် သူက ခေါင်းအသာညိတ်လိုက်ကာ လက်စသတ်လိုက်ပြီး ...

"အိုခေ ... ပြီးပါပြီ၊ ကဲ ... အခု မင်း အရင်ဆုံး ဈေးပတ်ရမယ်၊ မင်းနဲ့ လိုက်ဖက်မယ့် အဝတ်အစား ခေါင်းစခြေဆုံး၊ ငါ လိုက်ရွေးပေးမယ်၊ အားလုံးပြီးပြီဆိုရင် IQ Vision မှာ မင်း မျက်ကပ်မှန် လုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... တစ်ခုမေးပါရစေ၊ ကျွန်မက ဘာလို့ အဲဒါတွေ လုပ်ရတာလဲ"

သူ့ကို မေးခွန်းထုတ်လာလျှင် သူက ဟူးခနဲ လေပူတစ်ချက် မှုတ်တုတ်ကာ ...

"ဟား ... မင်းကို မနေ့ကတည်းက ပြောပြီးသားလေ၊ ငါက နင့်ကို စေတနာနဲ့ ကူညီနေတာနော်၊ ဘာလဲ ... ငါက နင့်ကို ဒုက္ခပေးတယ်များ ထင်နေလို့လား၊ စာရေးဆရာမဖြစ်ချင်ရင် ငါပြောသလိုနေ၊ နင် ဖြစ်ကိုဖြစ်ရမယ်"

သူက အညှာကိုဖမ်းကာ အမိအရ စကားဆိုလိုက်လျှင် ရွှေပုံတိုးဝေဟာ လုံးဝ ပါးစပ်ကို ပိတ်သွားကာ ဟုတ်ကဲ့ပဲ ပြန်ဖြစ်သွားတော့သည်။ သူ့ကို ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ သူ့နောက်ကနေ ဒီဒီနဲ့အတူ ခပ်ကုပ်ကုပ်လိုက်လာကာ သူက ဒါဝယ်ဆို ဝယ်လိုက်လေသည်။ သူ့စိတ်ကြိုက် ခြယ်လှယ်လို့ရတဲ့ အတွက် သူက ကျေနပ်ပျော်ရွှင်မိလေသည်။

"ဒီမှာ ... ဒီမှာ ... နေ ... ငါက မင်းသမီးလုပ်မှာ မဟုတ်ဘူးနော်၊ နင် မေ့နေမှာစိုးလို့ ပြောတာ၊ ပြီးတော့ ပိုက်ဆံက ငါစုထားတဲ့မုန့်ဖိုးပဲဟဲ့၊ မျက်ကပ်မုန်ဖိုးရှိသေးတယ်၊ ဝယ်တာတော်တော့"





သူ့ကို သတိပေးတားမြစ်လာသောအခါ သူက သတိထားကာ သူမတို့ကိုကြည့်လိုက်လျှင် လက်ထဲမှာ အိတ်ကြီးအိတ်ငယ်အသွယ်သွယ်ဖြင့် တော်တော်ကို များနေပြီဖြစ်သည်။ သူ့အနောက်ကနေ အထုပ်တွေအပိုးတွေ သယ်လာတဲ့ ခပ်ကုပ်ကုပ် နှစ်ယောက်ဟာ မသိရင် သူ့အလုပ်သမားတွေဒီဖိုင်း ဖြစ်နေသည်။

သူက ရှေ့ကနေ ဟန်နှင့် ပန်နှင့် စတိုင်လ်ကျကျ လမ်းလျှောက်နေပေမယ့် ဖက်တီးလေးနှင့် မုန်ကြောင်မှာ တော်တော်အသက်ထွက်ချင်နေပုံ ရပါသည်။

"Ok ... ကောင်းပြီလေ၊ ဒါဆို IQ Vision သွားတာပေါ့"

ရွှေပုံတိုးဝေနှင့် ဒီဒီဟာ ခေါင်းတစ်ချက်သာညိတ်ပြ၍ သူ့ကို ဘာမှ ထပ်အတွန့်မတက်ကြပါ။ သူ့ကားပေါ်ရောက်တော့လည်း ဘာမှ စကားမပြော။ သူက ဦးချစ်မောင်လမ်းပေါ်က IQ Vision ဆီ မောင်းချလာရင်းကမှ နာရီကို တစ်ချက်ကြည့်လိုက်လျှင် နှစ်နာရီခွဲတိတိသို့ ညွှန်ပြနေလေသည်။ သူက နားလည်သဘောပေါက်စွာဖြင့် ဘက်ခ်မှန်ကနေ ဟိုနှစ်ယောက်ကို ကြည့်လိုက်ရင်တော့ နွမ်းနယ်နေဟန်ဖြင့် မျောက်မှိုင်မှိုင်နေကြတာကို တွေ့ရလေသည်။ ဗိုက်ဆာနေတဲ့ပုံစံတွေကို နေသည့် သဘောကျစွာဖြင့် တစ်ယောက်တည်း ကျိတ်ပြုံးမိသွားလေသည်။ IQ Vision



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင်လည်း သူကပဲ ဦးစီးဦးဆောင်ကာ မျက်ကပ်မှန်ကာလာ ရွေးတာ ဘာညာ လုပ်ပေးရလေသည်။ မျက်စိစမ်း ဘာညာနှင့် အချိန်က သုံးနာရီခွဲခါနီးမှ အားလုံးပြီးစီးလေသည်။

"ကဲ ... မင်းတို့လည်း တော်တော်ဗိုက်ဆာနေပြီထင်တယ်၊ ငါ ထမင်းလိုက်ကျွေးမယ်၊ အမ်း ... ဟို Cafe Ballagio မှာ သွားစားမယ်၊ လာ"

"အမယ် ... နင်က ဒီလိုကျတော့လည်း ဘယ်ဆိုးလို့လဲ၊ ကဲ ... သွားကြစို့၊ ဟဲ့ ... နင် ကျွေးမှာနော်"

"ဩော် ... ကဲ ... ကားပေါ်တက်မှာသာ တက်စမ်းပါ"

သူကတော့ သူ့အတွေးနှင့်သူ စီစဉ်ထားကာ ဟို နှစ်ယောက်ကို ထမင်းလိုက်ကျွေးတာဖြစ်သည်။ ဒီဆိုင်မှာ သူက ချိန်းထားတာကြောင့်ဖြစ်ပါသည်။ အဲဒီဆိုင်ကိုရောက်တဲ့အခါ အစားအသောက်မီးလိုတောက်နေကြတဲ့ ရွှေပုံတိုးဝေနဲ့ စန္ဒီတို့ကတော့ သူကျွေးမယ်ဆိုတာနဲ့ အားမနာတမ်းကို မှာနေကြတာဖြစ်သည်။ သူကတော့ ဘယ်အချိန်များ ဟိုဆော်ရောက်လာမလဲ စောင့်နေတာဖြစ်၏။

"ပစ္စည်းတွေကတော့ စုံစီနေအောင် ဝယ်ပြီးသွားပါပြီ၊ အဲဒါတွေကို ငါက ဘာလုပ်ရဦးမှာလဲ"





"ဟား ... ဘာလုပ်ရမှာလဲ၊ အင်္ကျီ ဘောင်းဘီဆိုတာ ဝတ်ဖို့၊ ဖိနပ်ဆိုတာ စီးဖို့၊ အိတ်ဆိုတာ လွယ်ဖို့ပေါ့ဟ၊ နင်ကျောင်းပြန်တက်တဲ့ရက်တွေကျတော့ ငါပြောထားတဲ့ ဒီဇိုင်းအတိုင်း ဝတ်သာလာခဲ့ဟာ၊ ဟား ... လုံးဝ လန်ထွက်သွားမယ်၊ စာရေးဆရာမဆိုတာ အဲဒီလို လန်နေရမယ်"

"ဟုတ်တော့ဟုတ်ပါတယ်နော်၊ နင်ပြောတာကလွဲနေသလိုပဲ"

"တိတ်စမ်း ... ငါက ဒီလိုဝတ်ဆို ဝတ်လိုက်ပေါ့၊ နင့်ကို ငါက ကူညီပေးနေတဲ့သူနော်၊ ဒီနေ့ ငါ့အတွက် ဘာအကျိုးအမြတ်မှ ရှိတာမဟုတ်ဘူး"

"အေး ... အေးပါ"

"ဘာမှ မအေးပါနဲ့၊ စားစရာရှိတာစား"

သူက အခွင့်သာတုန်းလေး ခပ်တည်တည်ဖြင့် ပိတ်ဟောက်လိုက်လျှင် ပါးစပ်ပိတ်ကာ နှစ်ယောက်စလုံး ငြိမ်ငြိမ်ဆိမ်ဆိမ်ဖြင့် စားနေကြတုန်းမှာပဲ ဂျူ့ဆီသို့ ဟိုတစ်ယောက် ရောက်လာလေ၏။

"ဟယ်လို ... နေ ရောက်နေတာကြာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အခုလေးတင်ပါ၊ ထိုင်လေ မေရီ၊ ကိုယ် မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက ရွှေပုံတိုးဝေတဲ့၊ မင်းမှတ်ထားနော်၊ ဟိုဘက်ကတော့ စန္ဒီ၊ ရွှေပုံ့သူငယ်ချင်း ...

ကဲ ... မိတ်ဆက်ပေးပြီးပြီဆိုတော့ မင်းလိမ့်တော့ မေရီ၊ ကိုယ့်စကားနဲ့ ကိုယ်တည်ပါနော်"

သူ့ရဲ့ အပြတ်သားဆုံး စကားကြောင့် မေရီက ထိမထင်အပြုံးဖြင့် ပခုံးတွန့်ပြလေသည်။ အဲဒီလိုပဲ တစ်ဖက်မှာလည်း ရွှေပုံတိုးဝေနဲ့စန္ဒီက သူ့ကို ပြုံးပြီးကြည့်နေတာဖြစ်သည်။ သူမှန်းတာမလွဲဘူးဆို မေရီပြန်တာနဲ့ ဘာသဘောလဲဆိုပြီး သူ့ကို မေးခွန်းထုတ်တော့မှာဖြစ်သည်။ သူ မိတ်ဆက်ပေးတဲ့ပုံစံကိုက ဘာလိုလိုကြီးကိုး။

"နေရဲ့ရွှေပုံတိုးဝေက ဒီဇိုင်းတော့ ပိန်းတယ်နော်၊ ဘာလို့များ ဒီလို Old model ကြီးကို နေ ရွေးတာလဲ တို့ စဉ်းစားလို့မရဘူး"

"ဘာရှင့် ... ရှင် ဘာစကားပြောတာလဲ"

သူဟာ အခြေအနေမဟန်တော့ဘူးဆိုတာ အလိုလိုသဘောပေါက်ကာ ကြားထဲက ဝင်ရောက်ဖျန်ဖြေရတော့သည်။





"ဟော့ ... မေရီ ... မင်း သွားလိုက်တော့၊ မင်းမှာ ဝေဖန်စရာ အကန့်တစ်ကန့်မှ မရှိဘူး ...

မင်းအလုပ်က ငါနဲ့ နောက်ထပ် မပတ်သက်ဖို့ပဲ၊ မင်း သွားလိုက်တော့"

သူက စကားကုန်ပြောပြီးသွားသောအခါ မေရီက မကြည်တဲ့မျက်လုံးတွေဖြင့် စိုက်ကြည့်ကာ ထွက်သွားလေတော့သည်။ မေရီ ထွက်သွားတာနဲ့ သောင်းကျန်းလာတာကတော့ ရွှေပုံတိုးဝေပဲဖြစ်ပါသည်။ ကိုင်ထားတဲ့ ဇွန်းနဲ့ခက်ရင်းကို ဆောင့်ခနဲပစ်ချကာ ဒေါကြီးမောကြီးသံဖြင့် ...

"နေ ... နင် ဘာလုပ်ထားတာလဲ၊ နင့်ဟာမက ငါ့ကို ချိုးချိုးဖွဲ့ဖွဲ့ပြောသွားတာ၊ အဲဒါ နင် ဘာသဘောလဲ၊ နှ နဲ့ ငါ့ကို သူက ဘာအဓိပ္ပာယ်နဲ့ ပြောသွားတာလဲ"

"အာ ... သူက ငါ့ကို ကျိတ်ကြိုက်နေတဲ့ဆော်၊ နင့်ကိုတော့ ငါ့ရဲ့ဆော်လို့ ထင်သွားလို့နေမှာပေါ့၊ စိတ်လည်းဆိုးမနေနဲ့၊ ပတ်သက်စရာ ဘာအကန့်မှလဲ မရှိတော့ဘူး ..."

ပြီးတော့ နင်ကလည်း သူပြောချင်စရာကိုး၊ ဒီမှာ ရွှေပုံတိုးဝေ ... နင် ဘာမှ ဒေါသမဖြစ်နဲ့၊ တော်တော့ ... စားစရာရှိတာသာစား၊ ပြီးရင် ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နေက ခပ်တင်းတင်းပင် ကိုယ့်အပြစ်ကို လျှော့ချပစ်ဖို့ သူမကိုတောင် ခပ်တည်တည်ဖြင့် ဟောက်စားလုပ်နေလျှင် ရွှေပုံတိုးဝေက သူ့ကို ခပ်နက်နက် စိုက်ကြည့်ကာ ...

"နင်က ငါ့ကို စာအုပ်ကိစ္စကူညီပေးတဲ့အတွက် ငါ သည်းခံလိုက်တာ နေ၊ နို့မို့ဆို နင်ကော အဲဒီမိန်းမပါ မလွယ်ဘူး"

ရွှေပုံတိုးဝေရဲ့ အပြည့်အဝ ကြိမ်းသံကြောင့် သူက လည်း ဘာမှဆက်မပြောတော့ဘဲ စားစရာရှိတာကိုသာ ဆက်စား နေလိုက်တော့သည်။ ဟီး ... ဟိ ... တော်သေးတာပေါ့။ စာအုပ် ထုတ်ဖို့ ကူညီပေးနေတဲ့မျက်နှာ ရှိနေလို့တဲ့။

နေသည် အံဆွဲထဲမှာ အနားယူနေသည့် ရွှေပုံတိုးဝေရဲ့စာမူလေးကို မျက်လုံးထဲ မြင်ယောင်လာမိလျှင် အလကားနေရင်း ပြုံးချင်မိသွားသည်။

❣ ✦ ❣





နေသည် အရိပ်ရသစ်ပင်အောက်မှာ ကားကို ပါကင်ထိုးပြီးနောက်တွင်တော့ ကားကို မှန်တင်ကာ တံခါးဖွင့်ဆင်းလိုက်ရင်တော့ သူ့ပခုံးကို ဆတ်ခနဲပုတ်ကာ အံ့ဩနဘန်းလေသံဖြင့် ပြောလေသော သော်ဇော်ကို သူက ဘာလဲ ဆိုပြီး မေးဆတ်ပြလိုက်လေသည်။

"ဟေ့ကောင် ... ချယ်ရီမေလင်းတို့အုပ်စုထဲက ဟိုမှန်ကြောင်က ဒီဇိုင်းတွေပြောင်းထားတယ်ဟေ့၊ ဟား ... လုံးဝလန်းသွားတယ်၊ ဒီဆော် ဒီလောက်မိုက်မှန်း ငါ အခုမှ သိတယ်ကွာ"

"ဘယ်သူလဲ ရွှေပုံတိုးဝေကို ပြောတာလား"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒီဆော် အရမ်းလန်းနေတယ်ကွ၊ ဟော ... ဟော ... ပဲ့မှာ လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သော်ဇကလက်ညှိုးညွှန်ပြလိုက်လေလျှင် သူက စိတ်ဝင်တစားလိုက်ကြည့်မိသွားလျှင် တက်ကြွသောခြေလှမ်းတို့ဖြင့် လျှောက်လှမ်းလာတဲ့ ရွှေပုံတိုးဝေကို တွေ့ရလေသည်။ ဟား ... ဟုတ်တာပေါ့။ တကယ်ပဲ လန်းသွားတာပဲ။

ပခုံးကျော်လောက်သာရှည်တဲ့ ဆံပင်တွေကို ဒီအတိုင်းဖြန့်ချထားကာ အဲဒီဆံပင်တွေကြားထဲကနေ လင်းခနဲ ဝင်နေတဲ့ မျက်နှာတစ်ခုရဲ့ အလှတရားဟာ မျက်မှန်မရှိတော့မှ ပေါ်လွင်သွားတာဖြစ်သည်။ မျက်ကပ်မှန်ရဲ့စွမ်းပကားနှင့် မျက်နှာတော့ ထူးထူးခြားခြားပြောင်းလဲသွားပေမယ့် အဝတ်အစားကတော့ သိပ်ထူးထူးခြားခြားကြီးမဟုတ်ပါ။ အရင်လို ရှပ်အင်္ကျီဒီဇိုင်းပဲဖြစ်ပြီး ဘောင်းဘီကတော့ Skinney နှင့်ဖြစ်သည်။ အင်း ... မျက်မှန်ကြီးချွတ်လိုက်တာနဲ့ပဲ သူမဆီမှာရှိတဲ့ အလှတရားတစ်ခုက ထင်းခနဲ ပေါ်ထွက်လာတာဖြစ်သည်။

ရွှေပုံတိုးဝေဟာ သူ့ဆီသို့ လျှောက်လှမ်းလာတာပဲဖြစ်သည်။ သူ့ရှေ့သို့ရောက်တာနဲ့ သူမက မျက်ခုံးတစ်ချက်ပင့်လိုက်ကာ ...

"ဘယ်လိုလဲ ... ငါ အဆင်ပြေသွားပြီမလား၊ အဲဒါဆို ငါ့စာအုပ်ကိစ္စအတွက် နင် မိတ်ဆက်ပေးလို့ ရပြီလား"





နေသည် သူမစကားကြောင့် အဲခနဲတော့ဖြစ်သွားရသည်။ သူက ဟိုတစ်နေ့က မေရီနဲ့ကိစ္စပြတ်အောင် ရွှေ့ပုံတိုးဝေကို ဆွဲသုံးလိုက်တာဖြစ်သည်။ အပြင်ခေါ်ထုတ်လို့ရအောင် သူက သူမစိတ်ဝင်စားမယ့် စာအုပ်ကိစ္စနဲ့ မျှားခဲ့တာသာဖြစ်သည်။

အမှန်က အဖေ့ကို သူက ရွှေပုံတိုးဝေကိစ္စ ပြောဖို့မပြောနဲ့ သူတောင် အဲဒီစာမူကို ဖတ်ရသေးတာ မဟုတ်ပေ။ ပြီးတော့ အဖေက အင်မတန်အလုပ်များတဲ့သူ ဖြစ်တာကြောင့် သူမနဲ့ တွေ့ပေးဖို့ဆိုတာလည်း မလွယ်လောက်ပါ။

သူ ဘာလုပ်ရမလဲ။ ? ... ?။ နေသည် အကြံအိုက်သွားတာကြောင့် လောလောဆယ်မှာ ဖောရှောပဲ လုပ်လိုက်ရတော့သည်။

"အင်း ... ရပါပြီ၊ ဒါပေမဲ့ ဒီရက်တွေထဲမှာ ဖားသားကြီးက အလုပ်တွေများနေတယ်ဆိုတော့ သူ အားတဲ့ရက်တစ်ရက် ငါ ချိတ်လိုက်မယ်လေ ... အိုခေလား"

"အင်း ... အိုခေပါတယ်၊ ဒြော် ... ငါ နောက်ရေးထားတဲ့ စာမူလေးတွေကို နင် ဖတ်ကြည့်ပေးဦးလေ၊ ရော့ ... ငါး အုပ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ရဲ့လက်ထဲသို့ ယုံကြည်စိတ်ချစွာပင် စာမူတွေထည့်ထားသော အိတ်လေးကို ထည့်ပေးလိုက်လေသည်။ အင်း ... ဖြစ်ချင်တဲ့ဖောတွေကပ်နေတော့လည်း ဘာမှ မမြင်ဆို သလိုပေါ့လေ။

နေသည် ခေါင်းတစ်ချက်ဆတ်လိုက်ကာ စာမူအိတ်ကို ကားထဲထည့်လိုက်ပြီးနောက်မှာတော့ သူက မြန်မြန်စကားစဖြတ်ချင်တာကြောင့် ...

"ကဲ ... အဲဒါဆို ပြီးပြီမှလား၊ ငါတို့လည်း သွားလိုက်ဦးမယ်"

"ဟို ... တစ်ခုခုလိုက်စားပါလား၊ ငါတို့လည်း ကန်တင်းသွားမလို့"

နေက ရွှေပုံတိုးဝေရဲ့ ကမ်းလှမ်းချက်ကြောင့် ဟိုနှစ်ကောင်ကို ဘယ်လိုလဲဆိုပြီး မျက်စလှမ်းပစ်လိုက်လျှင် အငတ်နှစ်ကောင် အားသက်တရော ထောက်ခံကြလေသောအခါ သူဟာ ပဲသိပ်များမနေတော့ဘဲ ခေါင်းညိတ်လိုက်ကာ ...

"အိုခေလေ ... ဒကာရှိတော့လည်း စားရတာပေါ့ကွာ၊ ကဲ ... သွားကြစို့"





အဲဒီလိုနှင့် သူတို့အုပ်စုနှင့် ရွှေပုံတိုးဝေအုပ်စု တစ်ဖွဲ့ကြီး ကန်တင်းဆီသို့ ချီတက်သွားကြလေလျှင် အားလုံးရဲ့အကြည့်က သူတို့ဆီကို ရောက်နေကြလေသည်။ အေးပေါ့လေ ... စိတ်ဝင်တစားဖြစ်ကြမှာပေါ့။ ချယ်ရီဟာ သူ့ရဲ့ရည်းစားဟောင်း။ ပြီးတော့ အခုမှ နေ့ချင်းညချင်း ဒီဖိုင်းတွေထပြောင်းလာတဲ့ ရွှေပုံတိုးဝေ အဲဒီနှစ်ယောက်နှင့် သူဟာ ဘာတွေများ Timming တွေ ရိုက်နေတာလဲဆိုပြီး သို့လော သို့လော အကြည့်တွေကို သူက ရိုးနေပြီဖြစ်ပေမယ့် ရွှေပုံတိုးဝေကတော့ ဆန်းကြယ်စွာဖြင့် သူ့ကို မေးလာသည်။

"ရှင်တို့အုပ်စုနဲ့ တစ်စားပွဲတည်း အတူထိုင်မိတာ မှားပြီထင်တယ်၊ ကန်တင်းက လူတွေရဲ့မျက်လုံးတွေက ကျွန်မတို့ဝိုင်းကိုပဲ ရောက်နေတယ် ...

ရှင်ဖြစ်ရဲ့လား နေ၊ တော်ကြာ ခင်မီးသားက ထကျိုင်နေဦးမယ်"

"အိုး ... အိုး ... ရိုးတယ်ကွာ၊ ဘာညာသာရကာတွေပါ၊ နင် ငါ့အတွက် ဘာမှ စိတ်ပူမနေနဲ့၊ ဟော ... ချယ် ... မင်းကော ဖြစ်တယ်နော်၊ တော်ကြာ ဘဲသစ်က ကောက်သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေက ချယ့်ကို လှမ်းနောက်လိုက်လျှင် ချယ်က အေးဆေးဆိုတဲ့သဘောဖြင့် အပြုံးနုနုတစ်ချက်ပြုံးရင်း ...

"ရပါတယ် နေရဲ့၊ ကျွန်မချစ်သူက သိပ်နားလည်မှုရှိသလို ချစ်လည်းချစ်တတ်ပါတယ်"

"ဟား ... ဘာလဲ ကြွားတာလား၊ အေးပေါ့လေ ... မင်းဘုံကလည်း တကယ်ချစ်တတ်တဲ့ပုံပါ၊ ဟိုတစ်ရက်က မင်းကို လိုက်ပို့တာ တွေ့လိုက်တယ်၊ မင်းဘော်ဒါသုံးယောက် အတွက်တော့ အားကျစရာပေါ့ကွာ"

သူက ရေနွေးသောက်ရင်းကမှ ဟိုသုံးယောက်ကို လှမ်းဖဲ့လိုက်လျှင် ဒီဒီနှင့် အိပိုက ပြုံးစိစိမျက်နှာတွေဖြင့် ...

"အထင်မသေးပါနဲ့ ကျွန်မတို့မှာလည်း အချစ်ရှိပါတယ် နေရဲ့၊ တစ်ယောက်ပြီးတစ်ယောက်ကို လေ့လာနေတာ"

"ဟား ဟား ... ဟုတ်တာပေါ့၊ ဒါပေမဲ့ဗျ ရည်းစားထား ရတာဟာ ဘာညာသာရကာပါ၊ လောကမှာ လိုသလိုပုံသွင်း ယူလို့ရတာဟာ အချစ်ဗျ"

သူ့စကားကြောင့် ဒီဒီက နောက်နေတာလားဟု မေးကာ ပွဲဖြစ်သွားပေမယ့် ရွှေပုံတိုးဝေကတော့ မခိုးမခန့်အပြုံးမျိုးဖြင့် သူ့ကိုကြည့်နေပါသည်။ အချစ်ဆိုတာကို ဘာမှ မသိသေး





ဘဲနဲ့များ မူကြိုအဆင့်နဲ့ စာရေးဆရာမလုပ်စားချင်သေးတဲ့ ရွှေပုံတိုးဝေရဲ့ အကြောင်းကြောင်း မျှော်လင့်ချက်ကို သူက နေမြင့်အောင် ဘုံမြောက်ပေးချင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နေသည် အတန်းပြီးသွားချိန်မှာတော့ မိုးနဲ့ ခဏ လောက် ဖောရှောရိုက်ပြီးသွားသောအခါ အိမ်ပြန်ဖို့အတွက် ကားဆီလျှောက်လာခဲ့တော့သည်။ လေလေးတချွန်ချွန်ဖြင့် ရီမုဒ်တစ်ချက်နှိပ်ကာ လော့ခ်ဖွင့်ပြီးနောက် တံခါးဖွင့်၍ ကားပေါ်ထိုင်လိုက်ကာ အိတ်ကို ဘေးခုံမှာပစ်တင်လိုက်လေသည်။ ပြီးတော့ ကားစက်နှိုးကာ ကက်ဆက်ကောက်ဖွင့်လိုက်ပြီး ဖြုန်းခနဲ ရွှေပုံတိုးဝေရဲ့စာမူအိတ်ကို သတိရသွားကာ အနောက်ကို လှည့်ကြည့်လိုက်လျှင် သူ့ခေါင်းတွေဟာ အဆမတန်ကြီးမားသွားကာ မျက်လုံးတွေက ပြူးပျာထွက်သွားလေသည်။

ဟား ... ရှင်းလင်းနေတာပဲ။

သူ မနက်တုန်းက နောက်ခန်းတံခါးကိုဖွင့်ပြီး ယည့်ခဲ့တာပါ။ အခု အဲဒီစာမူအိတ်က မရှိတော့ချေ။ ဟား ... သေပြီ။ သူက လန့်ဖျပ်သွားကာ ကားပေါ်ကဆင်းပြီး နောက်တံခါး





ပေါက်ကိုဖွင့်၍ ဘာမှမရှိမှန်း ရှင်းနေတဲ့ဟာကိုပဲ အသည်းအသန်ငုံ့ရှာနေမိသည်။ အား ... သေပြီ ... သေပြီ။ တကယ့်ကို အကြီးကြီး သေပြီပဲ။

အဲဒီစာမူအိတ်က သူ့လက်ထဲကနေ ပျောက်ပြီဆိုတော့ သူ ရှင်းရပြီဖြစ်သည်။ နေသည် ဟိုနေရာရှာ၊ ဒီနေရာရှာ ယုတ်ဆွအဆုံး ကားကြမ်းခင်းအောက်တွေပါ လှန်လှောရှာတာပဲ ဖြစ်သည်။ စာမူအိတ်ဟာ လုံးဝကို ရှာမတွေ့တော့။ စာမူဆိုတာ ရွှေပုံတိုးဝေရဲ့အသက်ပဲဖြစ်သည်။ အဲဒါကြီးတွေ မရှိတော့ဘူးဆိုတော့ သူဘာလုပ်ရမလဲ။ ပြီးတော့ စာမူတစ်အုပ်လောက်ဆိုတော်သေးသည်။ အခုဟာက ငါးအုပ်တောင်။ သူ့ကိုယုံကြည်စိတ်ချစွာ အပ်နှံထားတာကို သူက ဖျောက်လိုက်တယ်ဆိုတော့ ...။

နေသည် စဉ်းစားရင်းဖြင့် ချွေးတွေတောင် ပျံလာရလေသည်။ ကွာ ... သူ ကားထဲမှာ သေချာထည့်ထားတာပါ။ အဲဒါတော့ လုံးဝ သေချာတယ်။ ကားထဲကို စာမူအိတ်ထည့်ပြီး ရွှေပုံတိုးဝေနဲ့ ကန့်တင်းသွားတယ်။ ပြီးတာနဲ့ အတန်းသွားတက်။ အတန်းပြီးတာနဲ့ မိုးသားဆီတွေ့။ သူ ကားဆီ တစ်ခါမှတောင် ပြန်မလာရသေး။ အဲဒါကို ဘယ်လိုကဘယ်လို စာမူအိတ်က ခြေထောက်ပေါက်ပြီး ထွက်သွားရတာလဲ။ ဒါ ဘယ်သူခိုးသွားတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



နေသည် အတွေးများစွာဖြင့် ယောက်ယက်ခတ်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ချေ။ ရှာတာလည်း ကားတစ်စီး လုံး နှံ့နေပြီမို့ အဲဒီအိတ် မရှိတော့တာကတော့ လုံးဝသေချာပေပြီ။ သူဟာ လောလောဆယ် ထူပူနေကာ ကြံရာမရတော့တာနဲ့ အိမ်ပဲ ပြန်လာခဲ့ရသည်။ သူ အိမ်ပြန်ရောက်တော့ မျက်စိမျက်နှာပျက် ဖြစ်နေတာကို မေမေက သတိထားမိစွာဖြင့် သူ့ကို အကဲခတ် ကြည့်ကာ ...

"သား ... နေ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"မဟုတ်ဘူး မေ၊ သား ကျောင်းမှာ နည်းနည်းပင်ပန်းလာ လို့ပါ"

"အေး ... အေး ... အဲဒါဆို အခန်းထဲမှာ ခဏနားလိုက်၊ မေမေ သံပရာရည်ဖျော်ပြီး လာပို့ပေးမယ်"

"ဟုတ်ကဲ့ မေမေ"

နေသည် ဒယီးဒယိုင်ဖြင့် အခန်းထဲဝင်လာခဲ့ကာ အိပ်ရာပေါ် ဝုန်းခနဲပစ်လှဲကာ မနက်ကကိစ္စကိုပဲ အကြိမ်ကြိမ် အခါခါ Recall ပြန်ခေါ်နေမိသည်။ ရွှေပုံတိုးဝေ ပေးလိုက်တဲ့ စာမူအိတ်လိုက်အတိုင်းပဲ သူ ကားထဲထည့်ခဲ့တာပါ။ အဲဒါ လုံးဝ သေချာတယ်။ ဒါဆို ဘယ်ပျောက်သွားတာလဲ။





"သား သံပရာရည်ရပြီ၊ သောက်လိုက်ဦး"

သူက မေမေ့စကားကြောင့် အိပ်ရာမှ ကမန်းကတန်း ထကာ မေမေ့လက်ထဲက သံပရာရည်ခွက်ကို ယူ၍ တစ်ဟုန်ထိုး မော့ချပစ်လိုက်ပြီးနောက် မေမေ့ဆီက ဘာအကြံများရမလဲဆိုပြီး စကားတောက်ကြည့်လိုက်သည်။

"ဟား ... လုံးဝ လန်းသွားပြီ မေမေရာ၊ တကယ့်ဂွတ် ရှယ်ပဲ၊ မေ ... ဖေဖေရော ပြန်မလာသေးဘူးလား"

"အင်း ... မလာသေးဘူး၊ ဒီနေ့ နည်းနည်းနောက်ကျမယ် ဆိုလားပဲ၊ စာရေးဆရာ မိုးထစ်ချုန်းအိမ် ခဏဝင်မယ်တဲ့"

"ဩော် ... ဒါနဲ့ မေမေ့ကို မေးစရာရှိတယ်၊ ဗဟုသုတ ပေါ့ဗျာ၊ အဲဒီစာရေးဆရာတွေ ဆရာမတွေက သူတို့ရဲ့ စာမူတွေကို အရမ်းတန်ဖိုးထားကြမှာပေါ့နော်"

"ဩော် ... အေးပေါ့ သားရဲ့၊ အဲဒါ သူတို့ရဲ့အသက်ပဲဟာ"

မေမေ့အဖြေစကားကြောင့် သူဟာ နည်းနည်းပိုပြီး ရင်တုန်ပန်းတုန် ဖြစ်ချင်သွားသည်။ သူတို့ရဲ့အသက်တဲ့။ ရွှေပုံ တိုးဝေလည်း အဲဒီလိုစိတ်မျိုးပဲ ရှိမှာပါ။

"ဟို ... ဒါဆို မေရာ ... သူတို့စာမူ တစ်ခုခုဖြစ်သွားတာတို့ ပျောက်သွားတာတို့ဆို ဘယ်လိုဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒီကောင်လေး ထူးထူးဆန်းဆန်းတွေ လာမေးနေတယ်၊ မင်းက အဲဒါမေးပြီး ဘာလုပ်မလို့လဲ"

"သြော် ... မေမေကလဲ ဒီလိုပဲ သိချင်လို့မေးတာပေါ့၊ ဖြေပါ မေမေရဲ့ ... သူတို့ ဘာဖြစ်မလဲဟင်"

"ဟဲ့ ... ဘာဖြစ်ရမလဲ၊ အသည်းကွဲတာပေါ့၊ ရည်းစားတို့ ချစ်သူတို့ပြတ်မှ အသည်းကွဲတာမဟုတ်ဘူး၊ ချစ်မြတ်နိုးတဲ့ ဘယ်အရာလေးမဆို ပျောက်ဆုံးပျက်စီးသွားရင် အရမ်းခံစားရတာပေါ့၊ အဲဒါကို အသည်းကွဲတယ်လို့ခေါ်တာပေါ့ ...

စာရေးဆရာရဲ့စာမူ ပျောက်တယ် ပျက်စီးသွားတယ်ဆိုလို့ကတော့ ပိုဆိုးပြီပေါ့ဟဲ့၊ အသည်းတောင် ရိုးရိုးကွဲတာမဟုတ်ဘူး၊ ရှယ်မှ ရှယ်ရှယ့်ရှယ်ကွဲဖြစ်သွားမှာပေါ့"

မေမေက သူ့ကို အငေါ့တူးပြီး ဖြေလိုက်တာဟာ သူ့အတွက်တော့ ကြက်သီးတွေတောင် ထလာကာ လန့်စေပါသည်။ စာရေးဆရာရဲ့စာမူ ပျောက်သွားရင် အသည်းကွဲပြီတဲ့။ အဲဒါကြောင့် သူဟာ ဖြုန်းဆို နားထဲမှာ သီချင်းစာသားတစ်စကိုတောင် ကြားယောင်မိသွားသည်။ နှလုံးသားကို ဓားနဲ့ခွဲ ရေဆေးပြီးတော့ ဆားနဲ့နယ်ဆိုတဲ့ စာသားထဲကလို ရွှေပုံတိုးဝေ တစ်ယောက် ခံစားသွားနိုင်သလား။





"ဟာ ... တို့မေမေကတော့ စကားပြောတွေကတော့ လန်းတယ်ဟေ့၊ ကဲ ... မေ သားလည်း တစ်ရေးလောက် နှပ်လိုက်ဦးမယ်နော်"

မေမေက သူ့ကို မျက်စောင်းကဲကြည့်ကာ အခန်းထဲကထွက်သွားလေတော့မှ သူဟာ ဟူးခနဲ လေပူမှုတ်ထုတ်လိုက်မိသည်။ စာမူတွေကတော့ တကယ်ကို ပျောက်သွားတာဖြစ်သည်။ ရွှေပုံတိုးဝေဆီမှာလည်း **Record** တော့ရှိမယ့်ပုံမပေါ်ပါ။ ဘာလို့လဲဆို သူမပေးလိုက်တာတွေဟာ လုံးဝ လက်ရေးမူအစစ်တွေချည်းဖြစ်သည်။

ဟား ... သူ တကယ်ပဲ ရူးချင်လာပါသည်။

မင်းရဲ့စာမူတွေ တကယ်ပဲ ပျောက်သွားတာ သေချာသွားလို့ မင်းသိသွားရင် ဘာဖြစ်မလဲ ရွှေပုံတိုးဝေ။ မေမေ ပြောသလို တကယ်ပဲ အသည်းကွဲမှာတဲ့လား။

ဒီကိစ္စဟာ ဘာညာသာရကာ ရှော့ခ်မဟုတ်တဲ့အတွက် သူမအသည်းမကွဲဖို့ သူ တစ်ခုခုတော့ ကြံရမှာဖြစ်ပါသည်။


❣ ✦ ❣



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







ဘာလို့များ စိတ်ကောက်တာလဲကွယ်။

မင်းသာတောင့်တမယ်ဆို

မိုးပေါ်က နတ်သားရဲ့ နားရွက်ကိုတောင်

တံထွေးဆွတ်ပြပေးမယ်။

အဲဒီလောက်ထိ စိန်ခေါ်ရဲတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## ၁၁

ရွှေပုံသည် မှန်ထဲမှာ ကိုယ့်မျက်နှာကိုယ် ပြုံးပြီး အကြာကြီးစိုက်ကြည့်နေတာ တော်တော်သဘောခွေ့လို့နေသည်။ မဆိုးဘူးပဲ။ ရွှေပုံ တော်တော်လှလာတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိလေသည်။ ညိုလဲ့လဲ့မျက်ဆန်ဟာ အရမ်းပဲမိုက်ပါသည်။ ရွှေပုံ ဖတ်ဖူးတဲ့ စာတစ်အုပ်ထဲမှာ ရေးထားတာကတော့ မိန်းက လေးတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းမကျဖြစ်နေရင် မျက်ဆံအရောင်ကို ပြောင်းလဲလိုက်ပါ။ အဲဒါမှ မထူးခြားသေးဘူး ဆို ဆံပင် Colour ကိုပါ Change လိုက်ပါတဲ့။ တော်တော်လေး ကို ပြေပြစ်ကြည့်ကောင်း အချိုးကျလာပါလိမ့်မယ်တဲ့။ အစကတော့ အဲဒီစကားဟာ ဘာကြီးလဲပေါ့။ မဖြစ်နိုင်ပါဘူးဆိုပြီး လေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်,တောင်လုပ်နေသေးတာ။ အခုတော့ ရွှေပုံ သဘော ပေါက်သွားချေပြီ။

မျက်ကပ်မှန်ရယ်၊ ဆံပင်ရယ် Colour ထည့်လိုက်တာ အရမ်းကို အဆင်ပြေသွားရုံမျှမက စန်းပါပွင့်လာတော့သည်။ အခုဆို ရွှေပုံ့ကို စကားလိုက်ပြောတဲ့သူနှင့် ကန်တင်းထိုင်ရင် ပိုက်ဆံရှင်းပေးသွားတဲ့ ဒကာပေါ်ရတာနှင့် အရမ်းကို စန်းထနေတာ ဖြစ်သည်။ ဒီနေ့လို ပီယဓာတ်လေးတွေပွင့်လာတာဟာ နေ့ကြောင့်ပဲဖြစ်သည်။

သူကတော့ ရွှေပုံ့အတွက် ကျေးဇူးရှင်ပဲဖြစ်သည်။ ရွှေပုံ အင်မတန်မှ ရူးသွပ်မျှော်လင့် တောင့်တရသော စာရေးဆရာမ ဘဝလေးရောက်အောင် သူက ဖန်ဆင်းပေးတော့မည်။ ပြီးတော့ ရွှေပုံ အင်မတန်မှ ထုတ်ဝေခွင့်ရချင်လှသော စာအုပ်တိုက်က စာအုပ်ထွက်လာမှာဆိုတဲ့ အတွေးစိတ်ကူးတွေကြောင့် လူဟာ တစ်နေ့တစ်နေ့ အင်မတန်မှ လန်းဆန်းတက်ကြွကာ တကယ်ပဲ မြူးကြွနေပါသည်။

"မေမေရေ ... သမီး သင်တန်းသွားတော့မယ်"

"သမီး ... ရွှေပုံ ခဏလာဦး၊ မေမေ စကားပြောချင်လို့"

"ဟုတ် မေမေ"





ရွှေပုံသည် မေမေ့ဆီ လျှောက်လာကာ ဝင်ထိုင်လိုက်လျှင် မေမေက ရွှေပုံ့ကို ပြုံးစိစိစိုက်ကြည့်ကာ ...

"သမီးလေး အလှတွေ သိပ်ပြင်နေတယ်နော်၊ ဘာလဲ ... ရည်းစားရှိနေပြီလား"

"အာ ... မေကလည်း မရှိရပါဘူး၊ သမီးက ဒီလိုပဲ ပြင်ကြည့်တာပါ မေမေရဲ့"

"အေးပါ ... အခုလို မေ့သမီးလေး ပိုလှတာ ပိုကောင်းတာပေါ့၊ ကဲ ... သမီး ဒီနေ့ညနေ အိမ်ကို ညွှန့်သည် ထမင်းစားဖိတ်ထားတယ်၊ သမီးအဖေရဲ့ လုပ်ငန်းတူပါတနာ မိသားစု၊ မေမေတို့နဲ့ သိပ်ကိုရင်းနှီးတာ သမီး ...

ဘာလို့ သူတို့ကိုထမင်းစားဖိတ်တာလဲသိလား သမီး"

"ဟင်း ... မေမေကလဲ ... အရင်လည်း ဒီလိုညွှန့်သည် ထမင်းစားဖိတ်တာ ရှိတာပဲဟာကို"

"ဒီတစ်ခါ ထူးခြားတယ် သမီးရဲ့"

ရွှေပုံသည် မေမေ့ရဲ့မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ကြည့်လိုက်တော့ ထူးတော့ထူးခြားနေတာကတော့ အမှန်ပဲဖြစ်သည်။ ဘာသဘောပါလိမ့်။ ရွှေပုံက ဘာလဲဆိုတာ အုံးစားနေတုန်းမှာ မေမေက စကားဆက်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့လာမယ့် ဧည့်သည်တွေက အရေးကြီးတယ်၊ မေမေတို့ ထမင်းစားဖိတ်ထားတဲ့ ဧည့်သည်တွေထဲမှာ သူတို့သားလေး လည်းပါမယ်၊ နာမည်က ကောင်းခန့်နိုင်တဲ့၊ ကွန်ပျူတာ နောက်ဆုံးနှစ်တက်နေတာ၊ အင်း ... ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးနဲ့ ကောင်လေးကို တစ်ချိန် ရည်ရွယ်ထား တယ်၊ လေ့လာကြမယ့်သဘောနဲ့ ထမင်းစားဖိတ်လိုက်တာ သမီး"

ရွှေပုံသည် တကယ်ကိုပဲ အံ့အားသင့်ကာ ပါးစပ် တောင် ပြန်မစေ့နိုင်တော့ပါ။ ဘုရားရေ ... မေမေနဲ့ဖေဖေ ဘာ တွေစီစဉ်နေကြတာလဲ။

"အာ ... မေမေကလည်း သမီးက ကလေးပဲရှိသေးတာနော်၊ ကျောင်းတောင်ပြီးသေးတာမဟုတ်ဘူး၊ ဘာတွေစီစဉ်နေတာ လဲ၊ သမီး အဲဒါတွေ စိတ်မဝင်စားဘူးနော်"

"ဟား ဟား ... အမယ်လေး သမီးရယ် ... မေမေတို့လည်း ဒီသမီးနုနုထွတ်ထွတ်လေးကို မပေးစားနိုင်သေးပါဘူး၊ ဒါပေမဲ့ အနာဂတ်ဆိုတာ ကြိုတွေးထားရတယ် သမီးရဲ့၊ ဒီလိုပဲ လေ့လာကြည့်တာပါ၊ ဘာမှ စိတ်ထဲမထားနဲ့၊ ဒီလိုပဲ အေးဆေးသဘောကြည့်ပေါ့၊ ကဲ ကဲ ... သမီး





သင်တန်းနောက်ကျနေဦးမယ်၊ မေမေက ဒီဧည့်သည်တွေက ဘာဆိုတာကို သမီးသိအောင် ပြောပြတာ၊ စိတ်အနှောင့် အယှက်မဖြစ်နဲ့ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ မေမေ၊ အဲဒါဆို သွားပြီနော် တာ့တာ"

ရွှေပုံက မေမေ့ကိုနှုတ်ဆက်ကာ သင်တန်းသို့ ယိုင် တီးယိုင်တိုင်ဖြင့် လာခဲ့တော့သည်။ ဒီအချိန်ဆို အာဟာရဖြည့်တင်း ဖို့ ချယ်တို့ ဒီဒီတို့ အိပိုတို့က ကန်တင်းရောက်နေလောက်ပြီဖြစ် သည်။ သင်တန်းကျောင်းကိုရောက်တာနဲ့ အရင်ဆုံးသွားတာဟာ ကန်တင်းပဲဖြစ်သည်။

"ဟော့ ... ဟော့ ... ရွှေပုံ ခဏလေး"

အနောက်ကခေါ်သံကြား၍ လှည့်ကြည့်လိုက်စဉ်တွင် တော့ ရွှေပုံ့ဆီကို အပြေးတပိုင်းလာတာက နေပင် ဖြစ်သည်။ ရွှေပုံသည် သူ့ကို တစ်ချက်ပြုံးပြကာ ...

"ဘာလဲ ... နေ"

"ဟို ... ဟိုဟာ ... နင့်ကို စာအုပ်လက်ဆောင်ပေးတာ၊ ရော့ ... ဒီလထွက်တဲ့ ဝတ္ထုစာအုပ်တွေ၊ ငါတို့တိုက်က စာရေးဆရာမတွေရဲ့ ဝတ္ထုစာအုပ်တွေ နင်ဖတ်ဖို့ ယူလာ ပေးတာ၊ ရော့ ..."



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။ စေတနာတွေက အရမ်းကိုကောင်းနေတာပါလား။ စက္ကူကိုင်းဆွဲအိတ်ထဲက ဝတ္ထုစာအုပ်တွေကတော့ ရွှေပုံ့အတွက်တော့ တကယ့်မက်လောက်စရာတွေပဲဖြစ်သည်။

ရွှေပုံသည် စာအုပ်တွေကိုမြင်ရလျှင် ပျော်လွန်းလို့ ညစ်နေတာတွေတောင် ပျောက်သွားကာ သူ့ရဲ့လက်ဆောင်တွေ လက်ခံယူလိုက်ပြီး အားရတက်ကြွစွာဖြင့် သူ့ကို ကျေးဇူးတင်စကားဆိုဖြစ်လေသည်။

"အဟား ... အရမ်းကျေးဇူးတင်တယ် နေရယ်၊ ငါ့အတွက် အရမ်းတန်ဖိုးရှိတဲ့ လက်ဆောင်ပါ"

"ဟဲ ဟဲ ... သိတယ်လေ၊ စာရေးဆရာမ ဘာကို တန်ဖိုးထားတယ်ဆိုတာ ငါက သိတာပေါ့၊ သြော် ... နောက်ပြီးတော့ ရော့ ... ဒါက နင် အတန်းနားချိန်ကျရင် သူငယ်ချင်းတွေနဲ့စားဖို့ ဝယ်လာခဲ့တာ"

အိတ်ထဲမှာ နေကြာစေ့၊ အချဉ်ထုပ်၊ နှုတ်ခမ်းမွေးအာလူးကြော်ဘူးတစ်ဘူး၊ ပြီးတော့ ဝေဖာချောင်းတွေ၊ Lollipop တွေ စသဖြင့် စုံစီနဖာ ပါဝင်လေသည်။ ရွှေပုံသည် အလွန့်အလွန်ပင် ထူးခြားနေသော နေ့ကိုကြည့်ကာ အံ့သြရလေသည်။ ဟား ...





အရမ်းထူးဆန်းတာပဲ။ သူ့ရည်းစားသာသိရင် ခံစားရလွန်းလို့ အသက်ပါ ပါသွားနိုင်ပါသည်။ ရွှေပုံ့အပေါ်ဆက်ဆံရေးဟာ အရင်နဲ့မတူ တမူထူးခြားနေတာကတော့ ဘာ Comment ပေးရမှန်းမသိအောင် ဆန်းကြယ်လှပါသည်။

ဒါပေမဲ့လည်း ရွှေပုံသည် သူ့ရှေ့မှာတော့ ဘာမှ အံ့သြတဲ့ဖြစ်ဟန်မပြဘဲ ခပ်တည်တည်ပင် သူပေးတဲ့မုန့်ထုပ်ကို ကမ်းယူလိုက်ကာ ...

"ကျေးဇူးပဲဟာ၊ နေ ... အဲဒါဆို ငါ သွားတော့မယ်နော်"

"Ok ... ငါလည်း သွားပြီနော်"

နေက ရွှေပုံ့ကို နှုတ်ဆက်ကာ ထွက်သွားတာကို တစ်ချက်ငေးကြည့်ပြီးမှ ရွှေပုံဟာ အထုပ်တွေဆွဲ၍ ဟိုမိန်းမတွေရှိရာ ကန်တင်းဆီသို့ သွားလိုက်လေတော့သည်။ ကန်တင်းရောက်လျှင် ရွှေပုံ့လက်ထဲက အထုပ်တွေကို မြင်ကာ ...

"ဟဲ့ ... ရွှေပုံများလှချည်လား ဘာတွေတုံး"

"နေလေ ... ငါ့ကို စာအုပ်နဲ့စားဖို့ မုန့်တွေ လက်ဆောင်ပေးသွားတာ"

"ဘာ ... ဘာဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ချယ်၊ ဒီဒီနဲ့ အိပိုတို့ဟာ သုံးယောက်သား စည်းဝါး ကိုက်ထားတဲ့အတိုင်းပင် အံ့အားသင့်စွာ အော်ကြီးဟစ်ကျယ်ဖြစ် နေတာကို ဘေးဝိုင်းတွေကတောင် ဘာလဲဆိုပြီး လှည့်ကြည့်ယူရ လေသည်။

"ဟဲ့ ... လန့်တာ ဘာဖြစ်တာတုံး နင်တို့ကလဲ"

"မလန့်နဲ့ ... နင့်ထက် ငါတို့က ပိုလန့်ရမှာ၊ ပြောစမ်း ရွှေပုံ၊ နင် အမှန်အတိုင်းသာ ဝန်ခံလိုက်တော့၊ နင် နေနဲ့ ရည်းစားဖြစ်နေပြီမလား"

ချယ်က သူ့ကိုယ်သူ ဦးစီးရှားသမီးဒီဖိုင်းဖြင့် အိုက် တင်အပြည့်ဖမ်းကာ ရွှေပုံ့ကို သူခိုးစစ်စစ်နေလေသည်။ ရွှေပုံက ပေါက်ကရလေးဆယ် မှန်းဆချက်ကြောင့် မျက်နှာကို ရှုံ့မဲ့လိုက် ကာ ...

"ဟယ် ... တွေးလိုက်မှဖြင့် ပေါက်ကရတွေချည်းပဲ၊ ဖြစ် စရာလားဟဲ့၊ သူ့ကို အခုတောင် စာအုပ်မျက်နှာတွေကြောင့် ဖားနေရတာ"

"မဖြစ်နိုင်ဘူး ချယ်၊ ဒီမိန်းမ ရွှေပုံ လိမ်နေတာ"

"ဟုတ်တယ် ... အိပို ပြောတာမှန်တယ်၊ ဒီမှာ ရွှေပုံ အချင်းချင်းတွေ ဘာမှ လျှို့ဝှက်ဖုံးကွယ်နေစရာ မရှိဘူး၊





နင်စားဖို့မုန့်တွေ ဖတ်ဖို့စာအုပ်တွေကို တကူးတက အလေးခံ ယူလာတယ်ဆိုကတည်းက ဒါဟာ စဉ်းစားစရာ ဖြစ်သွား ပြီ၊ မှန်မှန်ပြော ... နင်တို့နှစ်ယောက် စာအုပ်ထုတ်ဖို့ စာအုပ်ထုတ်ဖို့ပြောပြီး ဇာတ်လမ်းတွေ ဖြစ်နေကြတယ်မှ လား"

ရွှေပုံသည် ကိုယ့်နဖူးကိုယ် တိန်ခနဲမြည်အောင် ရိုက်ကာ တစ်ယောက်တစ်ပေါက်ဖြင့် ထင်နေတဲ့ ပေါက်ကရထင် မြင်ချက်တွေကို အကြောက်အကန် ငြင်းရလေသည်။

"အီး ... သေချင်တာပဲ၊ မဟုတ်ရပါဘူးဟယ်၊ နေနဲ့ငါက ဘာမှမဆိုင်ဘူး၊ ဘာဇာတ်လမ်းမှလဲ မဖြစ်ဘူး၊ ဘာအီစကလီ မှလဲ မထုဘူး၊ တကယ့်သူငယ်ချင်းပါ"

"အယ် ... မယုံဘူး ပုံလာမပြောနဲ့၊ ဒီလိုပဲပေါ့ဟယ် ခိုးစားတာကို ခိုးစားပါတယ်လို့ ပြောမလားဟဲ့"

"အေးလေ ... သူငယ်ချင်းလို့ ပြောနေပေမယ့်လည်း ငါ ရင်ထဲက ချစ်နေတယ်ဆိုပြီး ဉာဏ်လင်းအောင်လုပ်ရင် လည်း လုပ်နေမှာပေါ့"

ချယ်က ဝင်ဖောက်လိုက်၊ အိပိုက ထောက်ပေးလိုက်၊ ဒီဒီက ပြန်ဖြည့်ပေးလိုက်နှင့် အတိုင်အဖောက်ညီစွာ ရွှေပုံ့ကို ဖိ



www.burmeseclassic.com

www.burmeseclassic.com



ကွပ်နေကြတော့သည်။ နဂိုကတည်းကမှ အိမ်ကထွက်ကတည်းက စလို့ ညစ်လာတဲ့စိတ်တွေက ကျောင်းရောက်တော့လည်း မလန်းပါလားနော်။

"ရွှေပုံ ... နင် ငါ့ကို အားနာတာတွေ ထည့်စဉ်းစားတာတွေ မလုပ်နဲ့နော်၊ ငါ တစ်ခါတည်းပြောထားတာ၊ နေ့ကို နင့်နှလုံးသားနဲ့ ခံစားပြီးရွေး၊ ငါက သူရနဲ့ အိုခေပြီးသား၊ နေ့ကို မေ့နေတာကြာလှပြီနော်၊ အဲဒီကောင် နေကလည်းလေ နင့်ကိုတော့ တကယ်ကြွေတယ်နဲ့တူတယ်၊ လုံးဝကို ငြိမ်သွားတာနော်"

"ဟာ ... ဒုက္ခပါပဲ၊ မဟုတ်ပါဘူးဆိုတာ နင်တို့ကလဲ"

"အေးပါ ... အေးပါ၊ အခုတော့လည်း မဟုတ်ဘူး၊ နောက်တော့လည်း ဟုတ်သွားမှာပေါ့နော်"

အတင်းကြီးကို ဟုတ်ခိုင်းနေတဲ့ ချယ်တို့ကို ရွှေပုံလည်း နိုင်အောင် ပြိုင်မငြင်းနိုင်တော့ပါ။ အချိန်တန်တော့လည်း သူတို့ဘာသာ နားလည်သွားမှာပေါ့။

သူမတို့ကို ဘာမှ ဆက်မပြောဘဲ စားချင်တာကို မှာစားကာ အားလုံးပြီးစီးသွားရင်တော့ အတန်းသွားတက်ခဲ့ပါသည်။





နေ့လယ် အတန်းပြီးသွားသောအခါ ချယ်နဲ့ ဒီဒီက ရွှေပုံ့ကို ပခုံးဖက်ကာ ...

"ဟေ့ ... ရွှေပုံ ဒီနေ့ Shopping လေး ဘာလေးသွားရအောင်လား၊ သူရလည်း ဒီနေ့ကိစ္စရှိလို့ လာမကြိုဘူးဆိုတော့ ငါတို့ လျှောက်လိမ့်လို့ရတယ်လေ၊ ဘယ်လိုလဲ ချစ်"

"အင်း ... အိုတော့ အိုခေပါတယ်၊ ဒါပေမဲ့ အခုပဲ နှစ်နာရီခွဲနေပြီလေ၊ ငါက လေးနာရီလောက် အိမ်ကို အရောက်ပြန်ရမှာဟ၊ အိမ်ကို ဧည့်သည်တွေ လာမယ်ဆိုလို့ဟ"

"အေးပါ ... အေးပါ၊ ချစ်က စိမ်းတယ်ဆိုတော့လည်း ရပါတယ်"

ချယ်က မျက်နှာစူပုပ်ပုပ်ဖြင့် စိတ်ကောက်ဟန်ပြရင် ရွှေပုံသည် ချယ့်ရဲ့ခါးကို လက်ညှိုးနဲ့ ကလိထိုးဟန်ပြုလိုက်တာနှင့် ချယ်က တဟီးဟီး တဟားဟားရယ်ကာ ပြန်စိတ်ကောက်ပြေသွားလေတော့သည်။

"ဟဲ ဟဲ ... စိတ်မဆိုးပါနဲ့ဟာ၊ အရမ်းတောင်းပန်တယ် သဲတို့ရယ်၊ ဒီနေ့ အိမ်လာမယ့်ဧည့်သည်က အရမ်းအရေးကြီးလို့ပါဟာ၊ မနက်ဖြန်ကျတော့ ငါ နင်တို့ကို အေးဆေး ရှင်းလင်းရေးလုပ်မယ်၊ အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပဲ၊ မနက်ဖြန်မှ တွေ့မယ်နော် အိုခေ ... တာ့တာ"

ရွှေပုံသည် သူငယ်ချင်းတွေကို နှုတ်ဆက်ကာ ထွက်လာခဲ့လေပြီ။ ကျောင်းထဲကနေ ကားမောင်းထွက်လာခဲ့လျှင် ကန်တင်းဘက်ကလမ်းမှာ ဖုန်းပြောရင်းက မျက်စိတွေမျက်နှာတွေ ပျက်နေသော နေ့ကို လှမ်းတွေ့လိုက်ရလေသည်။ ဘာများဖြစ်လို့ပါလိမ့်။ ရွှေပုံသည် သူ့ကို လှမ်းကြည့်ရုံသာကြည့်ကာ ကားဆက်မောင်းထွက်လာခဲ့တော့သည်။

❣ ✦ ❣





ဒီကနေ့ညနေမှာ အိမ်ကိုရောက်လာသော အရေးပါတယ်ဆိုတဲ့ ဧည့်သည်တွေဟာ တကယ်ကို လူရည်သန့်မိသားစုပဲဖြစ်သည်။ ထို့အတူ ဖေဖေနဲ့မေမေ ရည်ရွယ်ထားပါတယ်ဆိုတဲ့ သူလေးဟာ အထူးကို Gentဖြစ်တာပဲဖြစ်သည်။ ရွှေပုံ့ကို နှစ်လိုဖွယ်ရာအပြုံးတစ်ခုဖြင့် နှုတ်ဆက်ကာ ရွှေပုံ့ကိုပဲ တကြည့်ကြည့်လုပ်နေသောအခါ ကြာတော့ လူက ရင်တွေပန်းတွေ တုန်လာရလေသည်။ ရွှေပုံထက် တစ်နှစ်လောက်ပဲကြီးပေမယ့် သူက ရင့်ကျက်တည်ငြိမ်တဲ့အသွင်ကိုဆောင်လေသည်။ မဆီမဆိုင် နေနဲ့ သူ့ကို သွားတောင်ယှဉ်ကြည့်မိသေးသည်။

နေက ကင်းဆိုတဲ့အတိုင်း ချောတာသန့်တာ မိုက်တာတွေ အားလုံးရှိပေမယ့် သူ့ဆီမှာ ကောင်းခန့်နိုင်လို တည်ငြိမ်ရင့်ကျက်မှု အေးချမ်းမှု မရှိပါ။ အဲဒါဟာ အကွာကြီးကွာတဲ့အချက်ပဲဖြစ်သည်။ ယောက်ျားလေးတစ်ယောက်ဟာ ချောတာ



www.burmeseclassic.com

www.burmeseclassic.com



မချောတာထက် မိန်းကလေးတစ်ယောက် အထင်ကြီးစရာ အေးဆေးတည်ငြိမ်မှုတော့ ရှိရပေမည်။ ရွှေပုံကတော့ ရုပ်ချောတဲ့ ယောကျ်ားမျိုးထက် တည်ငြိမ်ပြီး ရင့်ကျက်တဲ့ ယောကျ်ားလေးကို ပိုသဘောကျလေသည်။

"ရွှေပုံက အင်တာနက်တွေ ဘာတွေကော သုံးလားဟင်"

"ရှင်"

စကားမစပ် ဘာမစပ်ဘဲ ဖြုန်းဆို ထမေးလာလေသောအခါ ရွှေပုံက အူကြောင်ကြောင်ဖြစ်သွားပြီးမှ ချက်ချင်းပင် အခြေအနေကို ပြန်ထိန်းကာ ...

"ဟို ... သုံးဖြစ်ပါတယ်၊ အမြဲတမ်းတော့ မဟုတ်ပါဘူး၊ တစ်ခါတလေပေါ့"

"ဩော် ... ရွှေပုံက စကားနည်းတယ်နော်၊ ဘာလဲ ... ကျွန်တော့်ကို မခင်ချင်လို့လားဟင်"

အလို့ ... ကိုယ်တော်က ဒါကျတော့ ပြောတတ်သားပဲ။ ရွှေပုံက လူကြီးတွေရှေ့မှာမို့ ပါးစပ်ပိတ်နေတယ်လို့ ထင်ထားတာဖြစ်တဲ့အတွက် သိပ်မအံ့သြစွာဖြင့် အပြုံးတစ်ချက်ပြုံးလိုက်ကာ ...

"မဟုတ်ပါဘူး ... ဘာပြောရမှန်းမသိလို့ မပြောတာပါ"





"ဟင်း ဟင်း ... သမီးက အဲဒီလိုပဲ မောင်ခန့်ရေ၊ သူနဲ့ သိပ်မရင်းနှီးရင် ဘာတစ်ခွန်းမှ ပြောတာမဟုတ်ဘူး၊ ခင်သွားပြီဆိုရင်တော့ စကားကို ရေပက်မဝင်ပြောပြပါလိမ့်မယ်"

"သားနဲ့တော့ တခြားစီပဲပေါ့ မိရယ်၊ တို့သားကတော့ ပေါင်းသင်းဆက်ဆံရေးညံ့တယ်၊ သူ့သူငယ်ချင်းတွေနဲ့တောင် အေးတိအေးစက်၊ ဒါပေမဲ့ သမီးလေး ရွှေပုံကိုတော့ ခင်နေတယ်၊ စကားတွေ ဘာတွေ ရှာကြံပြောနေတယ်လေ"

"ဟာ ... မေမေကလည်းဗျာ"

သူက ရွှေပုံ့ရှေ့မှာမို့ ရှက်သွားဟန်ဖြင့် နုတ်ခမ်းကိုက်ကာ ခေါင်းငုံ့သွားလေလျှင် ရွှေပုံက အဲဒီပုံစံလေးကို သဘောကျသွားရလေသည်။ အဲ ... ကြည့်စမ်းပါဦး။ ရှက်သွားပုံလေးက Cute ပဲ။ မဆိုးဘူး ... ဒီအကြောင်းလေး ဝတ္ထုထဲထည့်ရေးဦးမှ။

"ကဲ ... သား၊ အိမ်ကို ဝင်ပါ ထွက်ပါနော်၊ မဝ်းညီမကိုလည်း အပြင်မှာ ဘာညာတွေ့ရင်လည်း ခေါ်ပေါ့ကွယ်၊ ရင်းရင်းနှီးနှီးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်က ရွှေပုံ့ကို ခင်ပါတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ဒီတလောမှာ ရွှေပုံတိုးဝေတို့ သိပ်စန်းပွင့်နေပါလား။ ဟဲ ... ဟဲ။ အဲဒါဟာ မှတ်မှတ်ရရဆို ရွှေပုံ့ဒီဇိုင်းပြောင်းလိုက်ကတည်းက စန်းစပွင့်တာပဲဖြစ်သည်။ အဲဒီအတွက် ဟိုကောင်လေး နေ့ကို အထူးကျေးဇူးတင်ရပါသည်။ သူ ဒီဇိုင်းပြောင်းပေးလို့ ရွှေပုံ အခုလို လန်းသွားတာမဟုတ်လား။

"ကဲ ... စကားပြောရတာလည်းကောင်းတယ်၊ အချိန်လည်း မနည်းတော့ဘူး၊ နောက်ရက် ကျုပ်တို့အိမ်မှာ ထပ်ဆုံမယ်၊ အဲဒီကျရင် သမီးလေးလည်း လိုက်ခဲ့နော်"

"ဟုတ်ကဲ့ပါ အန်ကယ်"

လူကြီးတွေက ပြန်ခါနီးတောင် စကားစက မပြတ်သေးချိန် သူကလည်း ရွှေပုံ့နားသို့ တိုးတိုးလေးကပ်ပြောလေသည်။

"ရွှေပုံရဲ့ ဖုန်းနံပါတ်လေး အစ်ကို့ကိုပေးပါနော်"

ရွှေပုံက သူ့ကို အံ့အားသင့်စွာ မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လေသည်။ အမယ်လေး ... ခဏအတွင်း တော်လ်ကီအသုံးအနှုန်းတွေက ပြောင်းလဲသထက် ပြောင်းလဲလို့ပါလား။ ပုံစံကြည့်ရတာကတော့ ရွှေပုံ့ကို အပိုကြီးကြွေကျမြေခလို့နေပါလား။ အေးလေ ... ဒီအဆင်နဲ့ ဒီအဆင် ရင်ခုန်ချင်မယ်ဆိုလည်း ခုန်ချင်စရာပေါ့။ အင်း ... နည်းနည်းတော့ မူလဂျီလုပ်မှပေါ့နော်။





"ဘာကိစ္စရှိလို့လဲ၊ ဆက်ချင်ရင် အိမ်ဖုန်းကိုဆက်လေ"

"အာ ... မလုပ်ပါနဲ့ ရွှေပုံရယ်၊ အစ်ကိုက ဖုန်းနံပါတ်တောင်းမှတော့ ဘာသဘောဆိုတာ ညီမ သိပါတယ်၊ ညီမလည်း အချစ်ဝတ္ထုရေးနေတဲ့ စာရေးဆရာမပဲဟာကို၊ ပေးပါနော် Please"

"သားရေ ... သွားမယ်ဟေ့"

သူ့အဖေက သွားမယ်ဆိုပြီး လောဆော်နေလျှင် သူက အသည်းအသန်မျက်နှာဖြင့် ပေးပါနော်ဆိုပြီး ခယသံဖြင့်တောင်းဆိုတာကြောင့် ရွှေပုံက ဖုန်းနံပါတ်တစ်ခု ရေရွတ်ပြောလိုက်လျှင် သူက သူ့ဖုန်းထဲမှာ အသည်းအသန် Save လုပ်ပြီးနောက် ...

"အိုခေ ... အစ်ကို ဒီည ဖုန်းဆက်လိုက်မယ်နော်၊ တာ့တာ့"

ရွှေပုံက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ တည်တည်လေးပဲနေလိုက်ကာ သူတို့ကို နှုတ်ဆက်လိုက်လေသည်။ သူတို့မိသားစု ပြန်သွားသောအခါ ဖေဖေကတော့ ဘာမှမပြောပေမယ့် မေမေက ကောင်လေးကို မှတ်ချက်ချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးက မဆိုးဘူးနော် သမီး၊ ရည်ရည်မွန်မွန်လေး ယဉ်လည်းယဉ်ကျေးတယ်၊ မေမေကတော့ မဆိုးဘူးထင်တာပဲ"

ရွှေပုံက ဘာမှပြန်မပြောဘဲ ဒီအတိုင်းလေးပဲ ငြိမ်နားထောင်နေလိုက်သည်။ ဆိုးတော့မဆိုးပါဘူး။ သူက ရင်ခုန်ချင်စရာလေးပါ။ ပြီးတော့ ဒီနေ့ည ဖုန်းဆက်မယ်ဆိုတဲ့စကားကြောင့် ရွှေပုံဟာ စိတ်တော့လှုပ်ရှားရပါသည်။ အဲဒီလိုနှင့် တိတ်တဆိတ် သူ့ဖုန်းကို စောင့်မျှော်နေရင်း ဆယ်နာရီကျော်ကျော်လောက်မှာ ရွှေပုံ့ဆီသို့ ဖုန်းတစ်ကောဝင်လာလေသည်။ နံပါတ်ကတော့ အစိမ်းပဲဖြစ်သည်။ ဒီအချိန် သူ့ဆီကပဲ လာစရာဖုန်းရှိတာကြောင့် ဖုန်းကို ချက်ချင်းမကိုင်သေးဘဲ ခဏကြာမှ "ဟယ်လို" လုပ်လိုက်လေသည်။ အဲဒီအခါမှာ ကြည်ဖန့်ဖန့်နှင့် ယောကျ်ားဆန်တဲ့ အသံတစ်ခုရဲ့ ဖမ်းစားခြင်းကို ခံရလေသည်။

"အစ်ကိုပါ ညီမ၊ ကောင်းခန့်နိုင်ပါ"

"ဩော် ... ဟုတ် ... ပြောပါ"

"ဘာလုပ်နေလဲဟင်"

"အင်း ... စာဖတ်နေတာပါ"





အမှန်တော့ ဘာစာမှ ဖတ်မနေပါ။ သူ့ ဖုန်းကို ရင်တခုန်ခုန်ဖြင့် တိတ်တဆိတ် ထိုင်ကာ မျှော်လင့်စောင့်စားနေတာဖြစ်သည်။ ဒါပေမဲ့လည်း သူက ဘာလုပ်နေလဲမေးတော့ ဒီလိုပဲ သင့်တင့်အောင် ဖြေလိုက်တာပေါ့နော်။

"ဟုတ်လား၊ အစ်ကို့ကြောင့် အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးနော်၊ ညီမဆီ ဖုန်းဆက်ချင်နေတာကတော့ အိမ်ပြန်ရောက်ကတည်းက၊ ဒါပေမဲ့ ဆက်မယ်လုပ်လိုက် ဖုန်းပြန်ချလိုက်နဲ့ ဝေခွဲရခက်နေလို့"

"ဩော် ... ဘာပြောစရာရှိလို့လဲဟင်"

"အဟင်း ... အစ်ကိုတို့ကို လူကြီးတွေက တစ်ချိန်ရည်ရွယ်ထားတယ်ဆိုတာ ညီမလည်း သိမှာပါနော်"

သူက ရွှေပုံ့ဆီက အတည်ပြုစကားကို လိုချင်ဟန်ဖြင့် ဆက်မပြောသေးဘဲ ရွှေပုံရဲ့ "အင်း"ကို စောင့်နေလျှင် ရွှေပုံက ပါးစပ်မဟဘဲ အင်းပေးလိုက်တော့မှ ကိုယ်တော်က စကားပြန်စပါသည်။

"ညီမကို အစ်ကို့စိတ်ထဲမှာ အရမ်း Warm ဖြစ်တယ်သိလား၊ အဲဒီလိုမျိုးလည်း အစ်ကို တစ်ခါမှမဖြစ်ဖူးဘူး၊ အစ်ကို့ကို အခုချိန်မှာတော့ ခင်မင်ပတ်သက်ခွင့်လေးပြုပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဟား ... အရမ်းပျော်သွားပြီကွာ၊ ဒါနဲ့ စကားမစပ် ညီမ က Monday to Friday သင်တန်းတွေ တက်နေတာနော်"

"အင်း ... ဟုတ်တယ်"

"အစ်ကို တစ်ခါတလေ လာလည်မယ်နော်၊ လာရင် မုန့် ကျွေးမယ်မှုလား"

"လာခဲ့လေ ... သူ့ငယ်ချင်းတွေထဲမှာ အရမ်းချောတာတွေ ရှိတယ်၊ မိတ်ဆက်ပေးမယ်လေ"

ရွှေပုံက တမင်တကာပြောလိုက်တာကို သူကလည်း ဘာဆိုလိုပြီး ဘောလီဘောပုတ်တယ်ဆိုတာကို သဘော ပေါက်ကာ ချက်ချင်းပင် ရှင်းလင်းချက်ပြန်ထုတ်လေသည်။

"အာ ... ချောတာကို လိုချင်ရင် မင်းသမီးတွေ အများကြီး ရှိတယ်လေကွာ၊ အစ်ကိုက ညီမကိုပဲ ... အဟင်း"

ဒီလောက် ပြောတတ်ဆိုတတ်တယ် ဆိုကတည်းက ခေသူတော့ မဟုတ်ဘူးဆိုတာ ရွှေပုံ ရိပ်စားမိပါသည်။ ဒါပေမဲ့ သူနှင့် အခုလို တွေ့ရာလေးပါး တောင်တောင်အီအီပြောရတာဟာ တိမ်မြုတွေနှင့် ဆော့ကစားရသလို အေးမြရင်ခုန်ကာ Aircon ဖွင့်ပြီး ရေခဲရေသောက်ရသလို ခံစားရပါသည်။ အဲဒါနှင့်ပဲ အဲဒီ





ညကတော့ လသာတာကိုအကြောင်းပြု၍ သမ္မတရုံက ရုပ်ရှင်ကား ကောင်းတာကိုပြောကာ ကိုရီးယားမင်းသားတွေအကြောင်း စကား စပ်ရင်းက ရာသီဥတုတွေ ပူလာတာကိုပြောဖြစ်သည်။ ဆက်ပြီး တော့လည်း အဲဒီလိုပဲ ဘာမှမဆိုင်တာကို Link ချိတ်၍ ပြောရင်းက ဟိုလိုလို ဒီလိုလို ရင်မခုန်တခုန်ဖြစ်တာကို အီစီကလီလို့ အမည် တပ်ရပါသည်။

❦ ✦ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Macminbon"



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"အေး ... လာပြီ ... ရောက်တော့မယ်၊ ဟုတ်ပါပြီ ငါ လာမှ သတင်းထူးလေးတွေ ပြောပြမယ်"

ရွှေပုံက ချယ်တို့ကို ဖျောင်းဖျကာ ပြောဆိုပြီး ဖုန်းချကာ ကားဆက်မောင်းလာခဲ့သည်။ ဒီနေ့မှာ ရွှေပုံက ကျောင်းတော်တော်နောက်ကျနေတာမို့ ကန်တင်းက ဘော်ဒါတွေက ဖုန်းတဂွမ်ဂွမ် ဆက်နေကြတာဖြစ်သည်။ ကျောင်းနောက်ကျရတဲ့ အကြောင်းရင်းကတော့ ညက ဖုန်းပွားတာများသွားလို့ပဲဖြစ်သည်။ အင်း ... ဒီနေ့တော့ အတန်းတောင်တက်ဖြစ်မယ်မထင်ပါဘူးကွယ်။ အချစ်အကြောင်း တစေ့တစောင်းဆွေးနွေးဖို့ အကြောင်းအရာတွေ ပါလာတာမို့ ဒီကနေ့တော့ ဘော်ဒါတွေနှင့် စကားပြောကောင်းသွားပြီဖြစ်သည်။





ရွှေပုံသည် သင်တန်းဝင်းထဲရောက်တော့ ကားကို ပါကင်ထိုးကာ ကန်တင်းဆီသို့ လျှောက်သွားလျှင် လမ်းတစ်ကွေ့ ဆောင့်က ကော်ရစ်တာအချိုးမှာ အတိုင်းသားကြားရတဲ့ စကားသံကြောင့် ခြေလှမ်းတို့က တုံ့ခနဲဖြစ်သွားကာ လူကလည်း နံရံဆောင့် အကွယ်ကို ကာဗာယူလိုက်သည်။

"ငါ ရွှေပုံတိုးဝေရဲ့စာမူကို လုံးဝ မဖတ်ရသေးဘဲ ပစ်ထားတာမှန်တယ်၊ ဒါပေမဲ့ စာမူက ပျောက်သွားလို့ မဖြစ်ဘူးကွ"

"ဟား ... ဘာဖြစ်လဲကွာ၊ မင်းပဲ စာအုပ်ထုတ်မယ်ဆိုပြီး ဖောထားတာတာကိုး၊ အခု သူ့စာမူတွေ ပျောက်ကုန်ပြီဆိုတာ သူသာသိသွားရင် သေပြီ"

ဘုရား ...။ ရွှေပုံသည် အတိုင်းသားကြားနေရတဲ့ အဲဒီစကားကြောင့် မျက်လုံးတွေတောင် ပြာဝေမှုန်နောက်သွားတော့သည်။ ရွှေ ... ရွှေပုံ့စာမူတွေ ပျောက်သွားပြီ။ မျက်ရည်တွေဟာ မျက်လုံးအိမ်ထဲမှာ ပြည့်လျှံလာကာ ကြွေကျတော့မှာမို့ အံကို တင်းတင်းကြိတ်ထားမိသည်။

"စိတ်မပူပါနဲ့ကွာ၊ မင်းဟာမလေးရဲ့စာမူတွေက ငါတို့ဖွက်ထားတာ၊ ရှိတယ် ... ငါကားဒက်ရှ်ဘုတ်ထဲထည့်ထားတာ၊ အပြန်ကျရင် တစ်ခါတည်းပေးလိုက်မယ်၊ ဟဲ ဟဲ ...နော်"



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး၊ မင်း ရွှေပုံတိုးဝေနဲ့ပတ်သက်လာရင် အရမ်းကဲ ပိုဖြစ်နေတယ်၊ ဘာလဲ ... အတည်ရည်စွဲသိတယ်လား"

"ဟား ... သွားစမ်းပါကွာ၊ အဟဲ ... ငါက အဲဒီဆော်ကို နောက်ချင်စရာလေးမို့ Just Kidding လုပ်လိုက်တာ... ဟားဟား၊ သူ့စာအုပ်ကို ငါတို့တိုက်ကထုတ်ချင်လို့ ငါ့ကို လာဖားနေတာပါကွာ၊ တကယ်ရယ်ရတယ်"

"ဟင် ... အဲဒါဆို မင်း ဘာလို့ သူ့ကို ဒီဇိုင်းပြောင်းပေး လိုက်တာလဲ"

"အာ ... ဘယ်ကလာ၊ အဲဒီနေ့ကလည်း ဒီဇိုင်းပြောင်းပေး ချင်လို့ မဟုတ်ဘူးဟေ့၊ မင်း မေရီ့ကိုသိတယ်မှုလား၊ ဟို ကလပ်မှာတွေ့တဲ့ ဆော်လေကွာ၊ အဲဒါ အတင်းလိုက် ကပ်နေတာနဲ့ ငါ့မှာ လူကြီးတွေသဘောတူထားတဲ့ ဆော် ရှိတယ်ဆိုပြီး ပြဖို့ ရွှေပုံတိုးဝေလို မအူမလည်ကို ထုတ်သုံး ရတာဟေ့၊ အဲဒါ သူ အပြင်ထွက်အောင် ငါ့မှာ ကြံရဖန်ရ ပြီး ဒီဇိုင်းပြောင်းမယ်ဆိုပြီး လုပ်ရတာပေါ့"

တကယ်ကို စိတ်ဆင်းရဲစရာပဲဖြစ်သည်။ လုပ်ရက်လေခြင်းဆိုတဲ့စိတ်နဲ့ အရမ်းကိုပဲ ဝမ်းနည်းရပါသည်။ သိပ်ကို ရက်စက်တာပါပဲ။





"ဟား ဟား ... အကြံကတော့ ပိုင်တယ်နော်၊ မင်း Idea က မိုက်သားပဲ၊ ဒါနဲ့ မင်းဖားသားကြီးကို ရွှေပုံတိုးဝေရဲ့ စာအုပ်ကိစ္စ ပြောပြီးပြီလား"

"ဗွီ ... ဘယ်ကပြောရမှာလဲ၊ ရွှေပုံတိုးဝေရဲ့စာအုပ်ကိစ္စ ပြောရအောင် ငါက သူ့စာအုပ်ကို ယောင်လို့တောင်ဖတ်တာ မှမဟုတ်တာ၊ ပြီးတော့ ဖားသားကြီးကို စကားအဖတ်တင်ခံ ပြီး မပြောချင်ပါဘူးကွာ၊ ရွှေပုံတိုးဝေပုံကိုလည်းကြည့်ဦး၊ ပိန်းတိန်းတိန်းနဲ့။ သူ့စာတွေက ဖတ်စရာကို မလိုဘူး၊ ပိန်းမှာသေချာတယ်၊ ဒီလိုဂေါက်သီးက စာရေးဆရာမဖြစ် နိုင်မှာ မဟုတ်ပါဘူးကွာ ...

ဟဲ ဟဲ ... လောလောဆယ်တော့ သူ့ဆီက ကျေးဇူးအတင်ခံနေလိုက်ဦးမယ်၊ ဩော် ... ပြန်ရင် သူ့ စာမူတွေ ငါ့ကို ပြန်ပေးလိုက်ဦးနော်၊ မင်းတို့ တော်တော် စားတယ်ကွာ၊ ငါ့မှာ အဲဒီဆော် စာမူတွေပျောက်ပြီဆိုပြီး လန့်သွားတာပဲ၊ မနေ့ကတောင် သူ့ကို စာအုပ်တွေ မုန့် တွေပေးပြီး သွားအချိုသပ်လိုက်တာ အဖတ်တင်တယ်"

"ဩော် ... တစ်ခါတလေတော့လည်း မင်းသားက အမ်းပါ ဦးကွ၊ ဒီလို ဂေါက်သီးလေးကို စွန့်ကြဲပေးကမ်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ရပါတယ်ကွာ၊ ဟဲ ဟဲ ... ခုတောင် မင်းဂေါက်သီးလေးက စာရေးဆရာမဆိုပြီး ဗီးလ်တွေတက်ပြီး ဘဝင်တွေမြင့်နေခွင့်ရလို့ မင်း တော်တော်ကုသိုလ်ရနေပါပြီကွ ... ဟား ဟား"

"ဒါပေါ့ကွာ ... အရူးဘုံမြောက်တဲ့ သဘောပေါ့"

သူတို့တွေဟာ တကယ့်ကို ပက်ပက်စက်စက် ယုတ်မာသူတွေပဲဖြစ်သည်။ ဟား ... သူတို့ကို ဒီလိုလုပ်လိမ့်မယ်လို့တောင် လုံးဝ ထင်မထားပေ။ ရွှေပုံ့ကို ဟာသလုပ်ပြီး အရူးလို သဘောထားတဲ့ ဒီလိုအကောင်ကို ရွှေပုံ တစ်သက်မကျေပေ။ စော်ကားလိုက်တာ။

ယောက်ျားတစ်ယောက်ရဲ့ စိန်ခေါ်သလို လှောင်ပြောင်ရယ်မောသံတွေဟာ ရွှေပုံ့အတွက်တော့ သေလို့ရတဲ့ ရှက်စရာ နာကျင်ကြေကွဲမှုပဲဖြစ်သည်။ မျက်ရည်တွေဟာ တင်းထားပါရက်နဲ့ အဆီးအတားမရှိစွာ ပိုးပိုးပေါက်ပေါက်ကျလာခဲ့တော့သည်။

နင်နဲ့ ငါ တွေ့မယ် နေ။

ရွှေပုံသည် မျက်ရည်တွေကို ခပ်ကြမ်းကြမ်းပွတ်သုတ်ကာ ကားဆီသို့အကြမ်းပတမ်း ပြန်လျှောက်လာခဲ့သည်။ ပြီးတော့





ကားပေါ်ထိုင်လိုက်ကာ ချယ်ရီ့ဆီ ချက်ချင်းပင် ဖုန်းလှမ်းခေါ်လိုက်သည်။

"ဟဲ့ ... ရွှေပုံရေ ... ငါတို့စောင့်ရတာ အသက်ထွက်တော့မယ်ဟေ့။ နင် အခု ဘယ်နားရောက်နေပြီလဲ"

"ဆောရီးပဲ ... ချယ်။ နင်တို့ ငါ့ကိုမစောင့်နဲ့တော့။ ငါ အရမ်းအရေးကြီးတဲ့ကိစ္စတစ်ခု ရှုပ်စရာရှိလို့ ဒီနေ့ မလာတော့ဘူး။ ညကျမှ ဖုန်းဆက်လိုက်မယ် ဒါပဲ"

"ဟဲ့ ... ရွှေ"

ဟိုဘက်က ပြောသံကိုတောင် မစောင့်တော့ဘဲ ရွှေပုံသည် ဖုန်းကိုချပစ်လိုက်ကာ ချက်ချင်းပင် ဟိုအယုတ်တမာကောင်ဆီ ဖုန်းလှမ်းခေါ်လိုက်သည်။ ဖုန်းက ချက်ချင်းဝင်သွားကာ ဟိုကလည်း ချက်ချင်းပဲ ဖုန်းပြန်ကိုင်ပါသည်။

"ဟယ်လို"

"နေ ... ငါ ရွှေပုံတိုးဝေပဲ။ နင် ယောက်ျားဆိုရင် ငါချိန်းတဲ့နေရာကို အခုချက်ချင်း ထွက်လာခဲ့ပါ"

"ဘာ ... နင် ဘာစကားပြောတာလဲ"

"အပိုတွေ ပြောမနေနဲ့။ နင် တကယ်ယောက်ျားဆိုရင် ငါချိန်းတဲ့နေရာကိုသာ လာခဲ့။ အဲဒီရောက်မှ ဆက်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... လာတယ် ဆယ်ခါပြန်တောင် လာတယ်။ ပြော စမ်း ... ဘယ်နေရာလဲ"

ရွှေပုံက နေရာတစ်ခုကို ရေရွတ်ပြောကာ ဖုန်းချလိုက်တော့သည်။ တွေ့ကြသေးတာပေါ့ နေရယ်။ ငါ့ကို ဟာသလုပ်ပြီး ငါ့မျှော်လင့်ချက်တွေကို တစ်စစီရိုက်ချိုးဖျက်ဆီးတဲ့ နင့်ကို နာကျင်စေရအောင် ငါလုပ်ပြမယ်။ နင်နဲ့ငါ တွေ့ကြပြီပေါ့ဟာ။

❣ ✦ ❣





နေသည် ဒေါကန်ကန်ဖြင့် ကားမောင်းချလာကာ ရွှေပုံတိုးဝေ ချိန်းတဲ့ဆီကို လာနေတာဖြစ်သည်။ ကျောင်းအနောက်ဘက်က ဘောလုံးကွင်းထဲကို ဘာကြောင့် ချိန်းတာလဲဆိုတာ သူသေချာမပြောတတ်ပေမယ့် သူ့ဒေါသတွေက မိုင်ကုန်ပေါက်နေတာဖြစ်သည်။ နေသည် ကားပေါ်ကဆင်းကာ ဟိုဆော်ဆီ ခပ်မိုက်မိုက် သွားလိုက်လေလျှင် သူမက အုန်းပင်ကိုမှီရပ်နေကာ ပေစောင်းစောင်း ကြည့်နေပေသည်။

နေက ခပ်တည်တည်စိုက်ကြည့်ကာ...

"ဘာလဲ ... ငါ ယောက်ျားဖြစ်ကြောင်း သက်သေပြရမှာလား"

"နင် သိပ်အောက်တန်းကျတယ်နော်။ ဘာလဲ ... နင့်မိဘက နင့်ကိုမဆုံးမဘူးလား"

"ဘာ ... တောက် ... မင်းကွာ ... သေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နေသည် တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ ဒီဆော် တော့ သေချင်နေပြီ ထင်တယ်။

"နင့်ကိုထိတော့ နာတတ်တယ် ဟုတ်လား နေ။ နင့်ကိုလေ ငါ သိပ်အံ့ဩတာပဲ။ နင် ... နင်မို့ဟာ လုပ်ရက်တယ်။ ငါ့အနာဂတ် ငါ့မျှော်လင့်ချက်တွေ အားလုံးကို ဟာသလုပ် ပစ်တယ် ဟုတ်လား။ နင့်ကို ငါ သိပ်ရွံတယ်"

"ဟား ... ငါ့ကို လာမပြောနဲ့၊ ငါ နင့်ကိုကူညီမှာပါ"

ရွှေပုံတိုးဝေသည် အရမ်းကို ကြေကွဲခံစားနေရတဲ့ပုံ ပေါက်နေပါသည်။ ဒီကိစ္စကို သူမ ဘယ်လိုများ သိသွားရတာလဲ။ နေသည် ကိုယ့်ဘက်က လွန်တယ်ဆိုတာ သိသော်လည်း ဒီလောက် ကြီး အပြောခံရတဲ့ အခါမှာတော့ ဘယ်လိုမှ သည်းမခံနိုင်ပါ။

"နင့်လောက် အောက်တန်းကျတဲ့ ကောင်မျိုးကို ငါတစ်ခါမှ မတွေ့ဖူးဘူး။ နင် ငါ့ကို ဘာများမကျေနပ်လို့လဲ နေရယ်။ ငါ့ဘဝကို ငါ့အိပ်မက်တွေကို အဲဒီလောက်ထိတော့ နင် ပိုးစိုးပက်စက် ရိုက်မချိုးပစ်သင့်ဘူးဟာ။ သိပ်ရိုင်းစိုင်းတဲ့ကောင် ...





နင် အဲဒီလိုလုပ်တာ နင့်မိဘကိုပါ ထိခိုက်တယ် ဆိုတာ နင် သိရဲ့လား"

"တော်စမ်း ... နင့်ပါးစပ်ကို ပိတ်ထား။ နင် ငါ့မိဘကို ဘာမှပုတ်ခတ်ပြောစရာ မလိုဘူး။ ဆက်ပြောရင် ငါ့အလွန် ဖြစ်မယ်။ နင့်ကို ငါ မတရားသလို ဖြစ်သွားတာကို ငါ သိပါတယ်။ အဲဒီအတွက် ဆောရီးပဲဟာ"

"မပြောနဲ့ ... မပြောနဲ့။ နင့်အသံကို လုံးဝမကြားချင်ဘူး။ နင့်လို သေးသိမ်နိမ့်ဖျင်းတဲ့စိတ်ဓာတ်ကို ငါရွံတယ်။ နင် မိန်းကလေးတွေကို ထည်လဲတွဲတဲ့ စိတ်ဓာတ်ကို ငါက အောက်တန်းကျလာချည်ရဲ့ ထင်တာ။ အခုတော့ နင့်စိတ် ဓာတ်က အောက်တန်းကျရုံတင် မကဘူး စုတ်ပြတ်သတ် ပြီး အဆင့်အတန်းကို မရှိတာဟဲ့"

"ဟာ ... ရွှေပုံတိုးဝေ ... မင်း ... မင်း"

သူက ဘယ်လိုမှ သည်းညည်းမခံနိုင်တော့စွာဖြင့် ရွှေပုံတိုးဝေကို လက်ဖျော့လိုက်ပေမယ့် သူ့စိတ်ကိုသူ အတင်းထိန်း ချုပ်လိုက်ပြီး ဒေါသရဲ့အဆုံးစွန်သော ထွက်ပေါက်အဖြစ် အုန်းပင် ကို လက်သီးဖြင့် ထိုးလိုက်တော့သည်။

"တိတ် ... နင့်ပါးစပ်ကို ပိတ်ထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူက နောက်တစ်ချက် အုန်းပင်ကို လက်သီးဖြင့် ထိုးလိုက်ပြန်ပါသည်။ အဲဒီအခါမှာပဲ ဘယ်လိုမှ ထင်မှတ်မထားစွာဖြင့် အုန်းပင်ပေါ်က အုန်းသီးဟာ ဝုန်းခနဲကျလာကာ ကျလာတာကတော့ ရွှေပုံတိုးဝေရဲ့ခေါင်းတည့်တည့်ကို ဘုန်းခနဲ ကျလေသည်။ အခြေအနေတွေဟာ အရမ်းကို ထင်မှတ်မထားစွာ ပြောင်းလဲလို့ သွားချေသည်။ သူ့လက်သီးချက်ကလည်း အဲဒီလောက်တော့ အားမပြင်းပါ။ ဒါပေမဲ့ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်"ဆိုသလို အုန်းပင်ကို သူ ထိုးလိုက်တဲ့ဒဏ်ကြောင့် အုန်းသီးက ပြုတ်ကျလာကာ ရွှေပုံတိုးဝေရဲ့ခေါင်းထက်ကို တည့်တည့်ကို ပြုတ်ကျလာတာဖြစ်သည်။ သူဟာလည်း ရုတ်တရက်ကြီး အံ့သြမှင်တက်စွာဖြင့် ကြောင်ကြည့်နေမိသည်။ ရွှေပုံတိုးဝေဟာ အုန်းသီးခေါင်းပေါ်ပြုတ်ကျတဲ့ဒဏ်ကြောင့် ကြယ်တွေ လတွေမြင်ကာ လည်ထွက်သွားဟန်ဖြင့် မျက်လုံးတွေလည်ကာ လူက ယိုင်တိယိုင်တိုင်ဖြင့် မူးဝေဝေဖြစ်နေပြီးမှ သူ့ကို တစ်ချက်ဖွေကြည့်ကာ ပြီးတော့ ရွှေပုံတိုးဝေက ဘုန်းဆို မြေပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

အဲဒီတော့မှ သူလည်းသတိဝင်ကာ ပျာပျာသလဲ ရွှေပုံတိုးဝေကို ကောက်ပွေ့ကာ သူမရဲ့ပါးနှစ်ဖက်ကို ခတ်ဆတ်ဆတ် ပုတ်၍ လှုပ်နှိုးရလေသည်။





"ဟော့ ... ဟော့ ... ရွှေပုံတိုးဝေ ... ရွှေပုံတိုးဝေ ... ဟော့... ရွှေပုံ"

ရွှေပုံတိုးဝေက အေးချမ်းစွာ သတိလစ်သွားပေမယ့် သူကတော့ ထွက်နေတဲ့ ဒေါသတွေတောင် ဘယ်ရောက်သွားမှန်း မသိကာ စိုးရိမ်စိတ်က ငယ်ထိပ်ဆောင့်တက်လေသည်။ အဟား ... နှိုးလို့လည်း မရတော့ဘူး။ သေများသေသွားပြီလား။ အင်း ... သေတော့ မသေပါဘူး။ အုန်းသီးခေါင်းပေါ်ကျတာနဲ့ပဲတော့ မသေနိုင်ပါဘူး။

"ကျစ် ... ကွိုင်ပဲကွာ။ ဟော့ ... ရွှေပုံ ထတော့ကွာ"

ဘယ်လိုမှ လှုပ်နှိုးလို့မရတော့တဲ့အတွက် နေသည် စိုးရိမ်စိတ်ပူစွာဖြင့် ရွှေပုံတိုးဝေကို ဆွေ့ခနဲကောက်ပွေ့ကာ သူ့ကားပေါ်သို့ တင်ရသည်။ ပြီးတော့ သူဟာ သူမသူငယ်ချင်း ချယ်ရီမေလင်းဆီ ဖုန်းလှမ်းခေါ်ရလေသည်။

"ဟယ်လို ... နေ ... ပြောလေ"

"ချယ်ရေ ... သင်တန်းအနောက်က ဘောလုံးကွင်းကိုလာပြီး ရွှေပုံရဲ့ကားကို လာယူပေးပါ။ ကိုယ် ကားသော့ကို ကားမောင်းတဲ့ဘက်က ရှေ့ဘီးရဲ့အလွှိုင်းကြားထဲ ထည့်ထားခဲ့ပြီ။ မြန်မြန်လာခဲ့ပါနော်"

"ဘယ်လို ... နေ ... ဟို ... ရွှေပုံကကော ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရွှေပုံက သတိလစ်နေလို့ဗျ။ အဲဒါ ကျွန်တော် သူ့ကို(...)ဆေးရုံကို အခုသွားပို့နေပြီ။ ဒါပြီးရင် ခင်ဗျားတို့ လိုက်လာခဲ့နော်။ ဒါပဲဗျာ ကားသာ မြန်မြန်လာယူ"

နေက ဖုန်းပိတ်လိုက်ကာ ကားကို ဆေးရုံဆီသို့ အသည်းအသန် မောင်းချလာခဲ့တော့သည်။ ဆေးရုံရောက်တော့ ဆရာဝန်တွေက လိုအပ်တဲ့ Medical treatment တွေလုပ်ကြကာ သူက လူနာစောင့်ထိုင်ခုံမှာ ထိုင်မရ ထမရဖြင့် စိုးရိမ်စိတ်ပူစွာ ရွှေပုံကို စောင့်နေတုန်း ချယ်ရီ၊ အိပို့နဲ့ စန္ဒီတို့က အသည်းအသန် ရောက်ချလာတာဖြစ်သည်။

"ဟဲ့ ... နေ၊ ရွှေပုံကောဟင် အခြေအနေ ဘယ်လိုရှိတယ် တဲ့လဲ"

"သူ ဘာဖြစ်တာလဲဟင်"

တစ်ယောက်တစ်ပေါက် မေးခွန်းတွေကို သူက စိတ်မရှည်ပေမယ့်လည်း ဖြေရတော့သည်။

"ဟိုဟာ ... ရွှေပုံ ခေါင်းပေါ်ကို အုန်းသီးပြုတ်ကျတာ။ ခေါင်းနည်းနည်း ပေါက်သွားတယ်။ လောလောဆယ်တော့ အဲဒါပဲ သိသေးတယ်"





"ဘုရား ... ဘုရား၊ ဘယ်လိုဖြစ်တာလဲဟာ။ သူနဲ့ နင်က ကော ဘယ်လိုလုပ် ဘောလုံးကွင်းထဲ ရောက်နေတာလဲ"

"ဟား ... အဲဒါတွေ ပြီးတော့မှ ရှင်းပြမယ်ဟာ။ လော လောဆယ် သူ့မိဘတွေကို အကြောင်းကြားပြီးပြီလား"

"ပြီးပြီ ... ခဏနေရင် ရောက်လာတော့မယ်"

"လူနာရှင် ... ဝင်လို့ရပါပြီ"

နာ့(စ်)က လှမ်းခေါ်တာကြောင့် သူတို့က အခန်း ထဲ ဝင်လာလျှင် ပတ်တီးခေါင်းပတ်ထားကာ နှစ်ခြိုက်စွာ အိပ်မော ကျနေသော ရွှေပုံတိုးဝေကို တွေ့ရလေသည်။

"ဆရာ ... သူ့အခြေအနေလေး ဘယ်လိုရှိပါသလဲခင်ဗျာ"

"အုန်းသီးပြုတ်ကျတဲ့အရှိန်က နည်းနည်းပြင်းတဲ့အတွက် ခေါင်းကိုအနည်းငယ် ထိသွားတယ်။ အခြေအနေက စိုးရိမ် စရာတော့ မရှိတော့ပါဘူး။ စိတ်မပူပါနဲ့"

ဟူး ... အခုမှပဲ သူ့ရင်ထဲက အလုံးကြီးက ကျ သွားလေတော့သည်။ တော်ပါသေးရဲ့ ... ရွှေပုံတိုးဝေ တစ်ခုခုသာ ဖြစ်သွားရင် သူတော့ ပြဿနာအကြီးအကျယ် တက်မှာဖြစ်သည်။

"ဆရာ ... သူ့ကို စိတ်ချရပါပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... စိတ်မပူပါနဲ့။ ခေါင်းထိထားတဲ့ဒဏ်ကြောင့် ခေါင်းပေါက်တာလောက်ပါ။ ခဏနေရင် သူ နိုးလာလိမ့်မယ်။ သူ နိုးလာတော့မှ ဆရာ တစ်ခေါက်လာကြည့်ပေးမယ်လေ"

ဒေါက်တာက ထွက်သွားလေသောအခါ သူဟာ လူနာစောင့်ထိုင်ခုံမှာ ဝင်ထိုင်ကာ ရွှေပုံတိုးဝေရဲ့ မျက်နှာလေးကို ငေးကြည့်နေမိသွားသည်။ ဘာပဲဖြစ်ဖြစ် သူ့ဘက်က လွန်သွားတယ်ဆိုတာ သူ နားလည်သဘောပေါက်ပါသည်။ အဲဒီအတွက် သူမ သတိရလာတဲ့အခါ သူ တောင်းပန်ရပေမည်။

"ဟယ်လို ... ဟုတ်ကဲ့ အန်တီ။ ဟုတ် ... သမီးတို့ထွက်လာမယ် အန်တီ။ ဩော် ... စိုးရိမ်စရာ မရှိတော့ပါဘူး အန်တီ။ ဟုတ်ကဲ့"

အိုပိုက ဖုန်းပြောပြီးနောက်မှာ သူ့သူငယ်ချင်းနှစ်ယောက်ကိုပါခေါ်၍ သူ့ကိုလည်း လှမ်းပြောလေသည်။

"နေ ... ရွှေပုံမိဘတွေကို ငါတို့ သွားခေါ်လိုက်ဦးမယ်။ ရွှေပုံကို နင် တစ်ချက်စောင့်ကြည့်ပေးပါနော်"

"စိတ်ချပါဟာ။ ဩော် ... ဒါနဲ့ သူ့မိဘတွေကို နင်တို့ သေချာ ရှင်းပြပေးပါဦးဟာ"





နေသည့် သူမကို့သုံးယောက် ထွက်သွားပြီးသည့်နောက်မှာတော့ ရွှေပုံကိုသာ ငေးကြည့်ကာ သူမိဘတွေကို ဖြေရှင်းဖို့ စကားလုံး ရှာဖွေနေမိသည်။ ဘယ်လို ပြောရမလဲ။ ကိစ္စဟာ ရှင်းပြဖို့ တော်တော်ခက်နေတဲ့ကိစ္စပဲ ဖြစ်သည်။ ရွှေပုံရဲ့ ဂါသနာတွေကို သူက မက်လုံးပေးပြီး ရိုက်ချိုးခဲ့တဲ့ကောင်ဖြစ်သည်။ အဲဒီအတွက် စကားများရင်း ပြဿနာတက်ရာက ရွှေပုံ ခေါင်းပေါ် အုန်းသီးပြုတ်ကျရပါတယ်ဆို သူဟာ အားလုံးအမြင်မှာ အယုတ်တမာကောင်ကြီး ဖြစ်လို့သွားမှာဖြစ်သည်။ ရွှေပုံ နိုးလာရင် သူ့ကို မျက်နှာမမြင်ချင်လောက်အောင် မုန်းတီးခါးသက်နေမှာဖြစ်၏။ အဲဒါတွေကို တွေးမိရင် သူ့ရင်တွေဟာ အဆမတန်ပင် မွန်းကျပ် ပိတ်လှောင်လို့ လာတော့သည်။

"အမယ်လေး ... သမီးလေး ရွှေပုံ။ ဘယ်လိုများဖြစ်ရတာလဲကွယ်။ အုန်းသီးက ဘာကိစ္စ ပြုတ်ကျရတာလဲ။ အိပိုတို့နဲ့ သမီးက အမြဲအတူရှိနေကြတာ မဟုတ်ဘူးလား"

ရွှေပုံရဲ့အမေက အသည်းအသန် ပြေးဝင်လာကာ သူ့သမီးကိုကြည့်ပြီးမှ အိပိုတို့ဆီ လှမ်းမေးလေလျှင် အိပိုတို့ကလည်း အဖြေရကျပ်နေဟန်တူပါသည်။ မျက်နှာငယ်လေးတွေနှင့် ခေါင်းလေးငုံ့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ ... အန်တီ။ ဟို ..."

ချယ်က ဖြေရခက်နေဟန်ဖြင့် ဟို ... လုပ်နေချိန်မှာပင် ကံကောင်းထောက်မစွာဖြင့် ရွှေပုံက သတိပြန်လည်လာကာ အသံပြုလာလေသည်။

"ကျွန်မ ဘယ်ကိုရောက်နေတာလဲဟင်"

❣ ✦ ❣





၁၃

သူတို့ဟာ အဲဒီမေးသံကြောင့်မို့ အာရုံတွေဟာ ရွှေပုံ့ဆီမှာပဲ ကပ်ငြိသွားကာ ရွှေပုံ့ကို အင်မတန်ချစ်ရှာသော အဖေ၊ အမေနှင့် သူငယ်ချင်းတွေက ရွှေပုံ့အနား ရောက်သွားလျှင် သူက အလိုလို နောက်ရောက်လို့ သွားပါသည်။

"သမီး ... သမီးလေး ဘယ်လိုနေသေးလဲဟင်။ သက်သာလား"

"သမီး ... ရွှေပုံလေး"

"ရွှေပုံ ... သူငယ်ချင်း ဘယ်လိုနေသေးလဲ"

"သက်သာလားဟင်"

"နေသာရဲ့လား ရွှေပုံ။ ငါတို့မှာ အရမ်းကိုလန့်သွားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့စိုးရိမ်စိတ်ပူနေတဲ့ မေးခွန်းတွေကို ဘာ တစ်ခုမှ ပြန်မဖြေဘဲ သူမဟာ လှဲရက်အနေအထားဖြင့် တစ် ယောက်ချင်းစီရဲ့မျက်နှာကို ကြောင်စီစီဖြင့် လိုက်ငေးနေလေသည်။ နေသည် သူမရဲ့မျက်လုံးတွေကို သိပ်သဘောမကျပါ။ အစိမ်းဆန် နေသလိုပဲ။

"ကျွန်မ ဘယ်ကိုရောက်နေတာလဲဟင်"

အသံကလည်း အေးတိအေးစက်နှင့် ဒီမေးခွန်းတစ်ခု ကိုပဲ နှစ်ခါပြန်မေးလေသောအခါ သူတင် စိုးရိမ်မကင်းဖြစ်တာ မဟုတ် သူမရဲ့မိဘတွေကပါ သူတို့သမီးကို မသင်္ကာသလိုကြည့် ကာ ...

"သမီး ... ရွှေပုံ ... ဖေဖေလေ။ ဒီမှာ မေမေလေ။ သမီး လေးက အခု ဆေးရုံရောက်နေတာလေ။ မှတ်မိလား သမီး"

"ရွှေပုံ ... ငါ ချယ်လေဟာ။ သူငယ်ချင်း ဘာကြောင့်ကြည့် နေတာလဲ"

ရွှေပုံရဲ့မျက်ဝန်းတွေဟာ ဟိုလူလိုလို ဒီလူလိုလို ငေးကြည့်နေကာ အေးစက်စက် ဖြစ်နေတာကိုက မဟုတ်တော့ ဘူးဆိုတာ သူ သတိထားမိသွားသည်။ နေသည် စိတ်ပူလာကာ





ဘေးက နာ့စ်ကို လှမ်းခေါ်ကာ ချက်ချင်းပင် ဆရာဝန်ခေါ်ပြီး စမ်းသပ်နိုင်းရလေသည်။ ရွှေပုံရဲ့မိဘတွေကတော့ သမီးဖေနှင့် တော်တော်ထူပူနေရှာပါသည်။

ရွှေပုံတိုးဝေရဲ့မျက်လုံးတွေမှာ အဓိပ္ပာယ်ကင်းမဲ့နေတဲ့ အရိပ်တွေ တွေ့ရတာကို သူက အရမ်းစိုးရိမ်ပါသည်။ သူထင် သလို ဖြစ်ရင်တော့ ရင်ကျိုးရမှာဖြစ်သည်။

"လောလောဆယ်တော့ လူနာကို စိတ်တည်ငြိမ်မှုရှိသွား အောင် နားပါစေဦး။ ခေါင်းကိုထိထားတဲ့အရှိန်ကြောင့် ရုတ်တရက် မှတ်ဉာဏ်ပျောက်သွားတာမျိုး ဖြစ်နိုင်ပါတယ်။ သူ့ရဲ့အတိတ်ကို မေ့နေတဲ့သဘောမျိုးပေါ့"

"ဆရာ ... ကျွန်တော့်သမီးလေး ပြန်ကောင်းနိုင်ပါ့မလား"

"စိတ်မပူပါနဲ့။ ဒါမျိုးတွေဆိုတာ ဖြစ်တတ်တဲ့ သဘောမျိုး ရှိပါတယ်။ သူ့ပတ်ဝန်းကျင်က သူရင်းနှီးခဲ့တဲ့ သူတွေနဲ့ ပြန်ပြီးအကျွမ်းတဝင်ရှိသွားတဲ့အခါမှာ သူပြန်ပြီး မှတ်မိလာ နိုင်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ကအတိတ် မေ့တယ်လို့ပဲ သတ်မှတ်ရမှာပါ"

ဆရာဝန်ကြီးရဲ့ စကားအဆုံးမှာတော့ အားလုံးဟာ လက်ပန်းကျသွားသူတွေလို ငိုင်ကျသွားပါတော့သည်။ လိုအပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုသမှု စမ်းသပ်မှုတွေ လုပ်ပြီးသွားသောအခါတွင်မှ သူမရဲ့မိခင်က သူရှိနေတာကို သတိထားမိသွားဟန်ဖြင့် ...

"သားက ရွှေပုံ့ သူငယ်ချင်းလားဟင်။ သမီးလေးက ဘာကိစ္စ ကျောင်းအနောက်ကို သွားရတာလဲ။ ဟင် ... ချယ်ရီ၊ ဒီဒီ၊ အိပိုတို့ သမီးက ဘယ်လိုဖြစ်တာတုံး"

"ဟို ... ဟိုဟာ"

ချယ်ရီတို့က သူ့ကို မသိမသာကြည့်ကာ တော်တော်ပြောရမက်နေဟန် တူပါသည်။ ဒီမေးခွန်းအတွက် ဖြေပေးနိုင်တာဟာ ဒီအချိန်မှာတော့ သူတစ်ယောက်တည်းပဲ ရှိနေပါသည်။ သူ့ဘက်က ဘာဖြေရမလဲ။

ပြောရရင် အခုချိန်မှာ နေသည် ရွှေပုံ့အဖြစ်အတွက် ရင်ကွဲအောင် ခံစားနေရတာပဲဖြစ်သည်။ ရွှေပုံ အခုလိုဖြစ်ရတာ သူ့ကြောင့်။

ဒါပေမဲ့ အဖြစ်သနစ်အားလုံးကို ရွှေပုံ့မိဘထံမှာ အမှန်အတိုင်း ဝန်ခံလိုက်တာနှင့် ရွှေပုံ့အနားကနေ အဝေးဆုံးရောက်သွားမှာဖြစ်သည်။ အဲဒီတော့ ... သူ့အပြစ်တွေကို ပေးဆပ်ဖို့ သူ ရွှေပုံ့အနားမှာ ရှိနေဖို့အတွက် သူဟာ ရွှေပုံ့ရဲ့မိဘတွေရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ကာ ...





"ကျွန်တော် ပြောတာလေးကို ကျေးဇူးပြုပြီး နားထောင်ပေးပါ ခင်ဗျာ။ တကယ်တော့ ရွှေပုံ့ခေါင်းပေါ်ကို အုန်းသီးပြုတ်ကျသွားတဲ့အချိန်က သူ့ဘေးနားမှာ ကျွန်တော်တစ်ယောက်တည်း ရှိနေတာပါ။ ရွှေပုံနဲ့ ကျွန်တော်က ချစ်သူတွေပါဦးနဲ့ ဒေါ်ဒေါ်"

"ဟေ"

"ဟုတ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ချိန်းတွေ့နေတုန်း အခုလို ဖြစ်ရတာပါ။ ကျွန်တော့်ကို ရွှေပုံ မှတ်မိရင်လည်း မှတ်မိနိုင်ပါတယ် ဒေါ်ဒေါ်။ ဘာလို့လဲဆိုတော့ သူ သတိမလစ်ခင်အချိန်မှာ နောက်ဆုံးတွေ့လိုက်တာ ကျွန်တော့်မျက်နှာပါ"

"ဟုတ်လား ... ချယ်ရီတို့။ သူက သမီးရဲ့ချစ်သူလား"

ရွှေပုံ့မေမေက ချယ်ရီ့ကို လှမ်းမေးလေလျှင် ချယ်ရီသည် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်နိုင်ပါတယ် အန်တီ။ ဘာလို့လဲဆိုတော့ နေနဲ့ရွှေပုံကို သမီးတို့စိတ်ထဲမှာ ထင်တော့ထင်နေပါတယ်။ ဒါပေမဲ့ ရွှေပုံက မဟုတ်ဘူးချည်း ငြင်းနေလို့ သမီးတို့ အတိအကျ မပြောနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ။ ဟို ... တစ်ခုရှိတာကတော့ ရွှေပုံက သမီးတို့ကို ဒီနေ့ သတင်းထူးတစ်ခု ပြောစရာရှိတယ်လို့တော့ ပြောပါတယ် အန်တီ။ သူ့ကြည့်ရတာ အရမ်းပျော်နေတဲ့ပုံပါ"

"အဲဒါဆို ... ဟဲ့ ... ရွှေပုံက နင့်ကို ဒီနေ့ အဖြေပေးလိုက်တာလား နေ့"

တစ်ယောက်တစ်ပေါက် ထင်မြင်ချက် ပေးနေတဲ့ထဲမှာ အိပိုက ဖြုန်းဆို အဲဒီမေးခွန်းကြီး ထမေးလိုက်လျှင် နေသည် ချော်လဲရောထိုင်ရတော့မည်ဆိုတာ သဘောပေါက်ရပါသည်။

"ဟုတ်တယ် ... ဟုတ်ပါတယ်။ ကျွန်တော်နဲ့သူ ဒီနေ့မှ ချစ်သူတွေ ဖြစ်တာပါ"

"ဟင်း ... လူငယ်တွေကိစ္စကို ဦး ဘာမှမပြောချင်တော့ပါဘူး။ သမီးလေးကို သူ့မှတ်ဉာဏ်တွေ ပြန်ရလာအောင် အားလုံးပဲ ဝိုင်းပြီးကြိုးစားကြတာပေါ့ကွာ။ ထပါ ... မောင်ရင်။ ဦးသမီးလေးကို မှတ်မိလာအောင် မောင်ရင်လည်း ကြိုးစားပေးပါကွယ်"

နေသည် ဦးရဲ့စကားကို ကြားရသောအခါ ဝမ်းသာအားရပင် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...





"စိတ်ချပါ ဦးနဲ့ ဒေါ်ဒေါ်။ ကျွန်တော် ရွှေပုံ မှတ်မိလာအောင် အစွမ်းကုန်ကြိုးစားပါ့မယ်"

သူ့ကတိပေးမှုအတွက် လူကြီးတွေက ဘာမှဆက်မပြောတော့ပေ။ နေသည် ဖြူစင်သောမျက်ဝန်းတွေဖြင့် သူတို့တွေကို စိုက်ကြည့်နေသော ရွှေပုံ့အနားသို့ တိုးကပ်သွားကာ ...

"ရွှေပုံ ... ကိုယ့်ကို တကယ်ပဲ မမှတ်မိဘူးလား။ ကိုယ် နေလေ။ မင်း ကိုယ့်ကိုမှတ်မိသင့်ပါတယ်။ ကိုယ် နေလေ"

သူက ရွှေပုံရဲ့မျက်လုံးတွေကို သေချာစိုက်ကြည့်ပြီး ပြောတာ ဖြစ်ပေမယ့် ရွှေပုံသည် အင်မတန်မှန်းလှပါသည်ဆိုတဲ့ သူ့ကို ဖြူစင်ကြည်လဲ့နေသည့် မျက်ဝန်းတွေဖြင့် ပြန်ကြည့်ကာ ...

"ကျွန်မ မသိဘူး။ ကျွန်မ ဘယ်သူလဲဟင်။ ဒီကလူတွေက ကျွန်မကို သိလို့လား"

"ရွှေပုံရယ် ... ဖြစ်ရလေကွာ။ မင်း တကယ်ကိုပဲ ဘာမှ မမှတ်မိတော့ဘူးလား"

ရွှေပုံက သူ့ကို ဘာမှပြန်မပြောဘဲ ထုံပေပေမျက်ဝန်းတွေနှင့်သာ စိုက်ကြည့်နေခဲ့ပါသည်။ ကိုယ် မင်းကို အနူးအညွတ်တောင်းပန်ပါတယ် ရွှေပုံရယ်။ မင်းအတွက် ကိုယ့်မှာ အများကြီး ကြေကွဲနေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို မုန်းတယ်ဆိုရင် မင်း ကိုယ့်ဘဝကို နာနာကြည်းကြည်း ဖြိုခွဲဖျက်ဆီးလိုက်စမ်းပါ။

ဘာမှမသိတော့တဲ့ ရွှေပုံ့အတွက် သူဟာ အများကြီး ပေးဆပ်ဖို့ အဆင်သင့်အနေအထားဖြင့် ပက်ပက်စက်စက် ဝမ်းနည်းကြေကွဲရပါသည်။

❦ ✦ ❦



ဘာညာသာရကာလည်း မဟုတ်ဘူး
လိမ်တာ ညာတာလည်း မဟုတ်ဘူး
အချစ်ရှာရင်း အချစ်ရှာလည်
လမ်းပျောက်လို့ မုန်းလျှောက်ဖို့
အလင်းပျောက်တစ်ခုတော့
ငါ ဖြစ်ပါရစေကွယ်။

www.burmeseclassic.com

www.burmeseclassic.com









အမုန်းရဲ့ သံတမန်တွေက
အချစ်ဖြစ်ဖို့
နှလုံးသားကို လာညှိနှိုင်းတယ်။

ကြောက်ခွဲထုထည်ကြီးမားလို့
မနိုင်ဝန်ကို မထမ်းရအောင်
ကြင်သူတစ်ဝက် ရှက်စေချင်တယ်။


အိပ်မက်ထဲမှာတော့
မင်းကလည်း ကိုယ့်ကိုချစ်တယ်
ကိုယ်ကလည်း မင်းကိုမပစ်ပယ်
ဒါပေမဲ့ ခက်နေတာက
အဲဒါ အပြင်မှာ မဖြစ်တာ ခက်တယ်။

လွမ်းတယ် miss u !
ရင်ခုန်သံတူရင်တော့ love u ! ။

www.burmeseclassic.com

www.burmeseclassic.com







## ၁၄

ဒီရက်တွေမှာ နေဟာ သူမရဲ့သူငယ်ချင်းတွေနဲ့အတူ ရွှေပုံတိုးဝေတစ်ယောက် သူတို့ကို မှတ်မိလာစေဖို့အတွက် အထူးကြိုးပမ်းနေတာဖြစ်သည်။ အခြေအနေ စိုးရိမ်စရာမရှိတော့သော ရွှေပုံ့ကို ဆေးရုံကနေ အိမ်ပြန်ခေါ်လာသောအခါ ရွှေပုံက ထူးဆန်းအံ့သြသလို မျက်လုံးတွေဖြင့် ငေးကြည့်နေတာကို သူ သတိထားမိပါသည်။ အဲဒီအတွက် သူ တကယ်ပဲ စိတ်မကောင်း ဖြစ်ရပါသည်။ ရွှေပုံတိုးဝေဟာ အရင်တုန်းကလိုပဲ သွက်လက်တက်ကြွနေတဲ့ စာရူးပေရူးလေးပုံစံဟာ ပျောက်ဆုံးသွားတဲ့အခါမှာ သူဟာ အဲဒီ အူတူတူ အိုးနင်းခွက်နင်း ပုံစံလေးတွေကို တကယ်ပဲ လွမ်းဆွတ်ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပုံ ... ကိုယ့်ကို မမှတ်မိတော့ဘူးလားကွာ။ ကိုယ် ကောင်းခန့်နိုင်လေ"

"ဟင့်အင်း ... ကျွန်မ တကယ်မမှတ်မိဘူး။ စိတ်မရှိပါနဲ့။ ကျွန်မ အခုချိန်မှာ ဘာမှမသိပါဘူး"

နေသည် ရွှေပုံရဲ့အခန်းထဲကို ပိုင်စိုးပိုင်နင်း ဝင်လာကာ ရွှေပုံ့ခုတင်ပေါ်ကို တင်ပါးလွှဲဝင်ထိုင်ကာ ရွှေပုံ့ကို အသက်ဝင်စွာသော အကြည့်တွေဖြင့် ကြေကွဲနေတဲ့ကောင်ဟာ ဘာကောင်လဲကြည့်ရင် ချယ်ရီက သူ့အနားသို့ ကပ်ပြောသည်။

"အဲဒါ ရွှေပုံနဲ့ လူကြီးချင်းသဘောတူထားတဲ့သူတဲ့။ ရွှေပုံ့ကို စိတ်ဝင်စားနေပုံပဲ။ နင့်ရဲ့ပြိုင်ဘက် တစ်ချိန်ဖြစ်နိုင်တယ် နော် နေ။ လက်ရှိမှာ နင်က ရွှေပုံ့ချစ်သူဆိုတော့ တစ်ပန်းသာနေပါပြီ"

ချယ်ရီ့စကားကြောင့် သူ့ရင်ထဲမှာ တစ်ဆို့ဆို့ကြီးဖြစ်သွားတော့သည်။ ဟိုကောင်က ရွှေပုံနဲ့ လူကြီးချင်းသဘောတူထားတဲ့သူ။ လက်ရှိမှာ သူက ရွှေပုံရဲ့ချစ်သူ။ ရွှေပုံကကော အဲဒီဘဲကို လက်ခံကြည်ဖြူထားပြီးသားလား။ သူဟာ အဲဒီမေးခွန်းတွေနှင့် မွန်းကျပ်လာတော့သည်။ ဒါပေမဲ့ ရွှေပုံ့မိဘတွေကိုတော့ အထူးကျေးဇူးတင်ရမှာဖြစ်သည်။ သူ့ကို နားလည်ပေးစွာဖြင့်





ရွှေပုံ့အနားမှာ နေခွင့်ပြုတာကိုတော့ သူ တကယ်ကျေးဇူးတင်ပါသည်။ အဲဒါမှပဲ သူဟာ အပြစ်နည်းနည်းကျေသွားသလို ခံစားရပါသည်။ ရွှေပုံဟာ အတိတ်မေ့နေတာကြောင့် ဘာမှမမှတ်မိတော့တာကလွဲရင် အားလုံးဟာ လူကောင်းပကတိပင်။ အခုဆိုရင်တော့ သူမဟာ အတိတ်မေ့ကာ ဘယ်သူ့ကိုမှ မသိပေမယ့် စိတ်ထဲမှာတော့ သူမရဲ့မိဘ၊ သူငယ်ချင်း၊ ပြီးတော့ သူ၊ ပြီးတော့ ကောင်းခန့်နိုင်ကိုတော့ အလွတ်ကျက်မိနေပြီဖြစ်သည်။ သူ့ကို ရင်းရင်းနှီးနှီး စကားသိပ်မပြောပေမယ့် သူမမိဘနဲ့ ချယ်ရီတို့ကိုတော့ ဒီရက်တွေမှာ ဖော်ဖော်ရွေရွေ ရှိလာတယ်ဆိုတော့ အဲဒါဟာ ကောင်းသောလက္ခဏာပဲဖြစ်၏။

တစ်ရက်မှာတော့ သူတို့အားလုံး တိုင်ပင်ကာ လူကြီးတွေဆီ ခွင့်တောင်းပြီး ရွှေပုံ့ကို ကန်တော်ကြီးသို့ ခေါ်လာခဲ့ကြသည်။ ရွှေပုံက အားလုံးကိုတော့ ရင်းရင်းနှီးနှီးရှိပြီး သူ့အပေါ်ကိုတော့ အရမ်းစိမ်းလှပါသည်။ အင်းလေ ... တကယ်လည်း ရွှေပုံရဲ့မသိစိတ်ထဲမှာက သူ့ကို မုန်းနေတာကိုး။ သူမ ဘာမှမမှတ်မိသေးတဲ့ အချိန်မို့ အားလုံးအပြောအရ နေဟာ သူမချစ်သူပါဆိုတာကို လက်ခံထားရတာပဲရှိသည်။ သူ့အပေါ် ဆက်ဆံရေးကတော့ အရမ်းသူစိမ်းဆန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပုံ ... ဒီနေရာလေးကို မှတ်မိလားဟင်။ ဒီမှာ ငါတို့ အုပ်စုကို သူရ ဓာတ်ပုံရိုက်ပေးခဲ့တယ်လေ။ စဉ်းစားကြည့်ပါဦး"

စန္ဒီက ရွှေပုံ့ကိုပြောလိုက်လျှင် ရွှေပုံက အဲဒီနေရာလေးကို ကြာကြာစိုက်ကြည့်နေပြီးမှ မျက်နှာရှုံ့မဲ့သွားတာကို သူက မြင်သွားကာ စန္ဒီကို လှမ်းတားလိုက်ရသည်။

"စန္ဒီ ... ရွှေပုံမမှတ်မိတာကို အတင်းမစဉ်းစားခိုင်းပါနဲ့ဟာ။ သူ ခေါင်းတွေမူးပြီး စိတ်တွေရှုပ်ထွေးကုန်လိမ့်မယ်။ ငါတို့ ဒီကိုလာကြတာ မုန့်လေးဘာလေးစားရင်း လေကောင်းလေသန့်ရှူချင်လို့လေဟာ။ ရွှေပုံကို အာရုံမနှောက်စေချင်ဘူး"

သူ့စကားကြောင့် ချယ်ရီ၊ စန္ဒီနဲ့ အိပိုတို့က သူ့ကို အဓိပ္ပာယ်ပါတဲ့ မျက်ဝန်းတွေဖြင့် စိုက်ကြည့်နေလျှင် သူက ရှက်သလိုလို ဖြစ်သွားတာကြောင့် သူဟာ အသာပြုံးကာ ပခုံးတွန့်လိုက်ပြီး ...

"ဘာကြည့်နေတာလဲ နင်တို့ကလည်း။ ငါက ရွှေပုံခေါင်းမူးမှာစိုးလို့ စေတနာနဲ့ ပြောတာပါ။ ကဲ ... သွားရအောင်လေ။ ဟိုဆိုင်မှာ သွားစားကြမယ်"





နေက ပြောလည်းပြော သူမတို့ရှေ့က အရင်ထွက်လာခဲ့လျှင် အနောက်က ခေါ်သံတစ်ခုက သူ့နားထဲတွင် ကပ်ငြိလို့ပါလာပါသည်။

"ဟို ... ကျွန်မချစ်သူဆိုတဲ့လူ ခဏလေး နေပါဦး"

ဟား။ နေသည် အံ့ဩလွန်း၍ လည့်ပြန်ကြည့်လိုက်ကာ သူမရှေ့သို့ ချက်ချင်းပြန်လျှောက်သွားလိုက်သည်။ ရွှေပုံက သူ့ကို ချစ်သူအဖြစ် အသိမှတ်ပြုထားတာလား။

"ရွှေပုံ ... ကိုယ့်ကို ဘာပြောမလို့လဲဟင်"

နေဟာ မျှော်လင့်တကြီး မေးလိုက်လျှင် ရွှေပုံက သူ့မျက်ဝန်းတွေကို သေချာစိုက်ကြည့်ပြီးမှ ...

"ဟို ... ကျွန်မချစ်သူဆိုတဲ့လူ။ စိတ်တော့ မရှိပါနဲ့နော်။ ကျွန်မ ရှင့်မျက်နှာကိုမြင်ရင် အမြင်ကတ်တယ်။ ကြည့်မရဘူး။ ရှင့်ကိုတွေ့လိုက်ရင် စိတ်ထဲမှာ အရမ်းရှုပ်ကုန်တယ်။ ဘာကိုမကျေနပ်လို့ မကျေနပ်မှန်းလဲ မသိဘူး။ ရှင်နဲ့ကျွန်မ ချစ်သူဖြစ်တုန်းက ကျွန်မက ဘယ်လိုမျိုးလဲဟင်"

ဟုတ်မှာပေါ့ ရွှေပုံရယ်။ မင်း ကိုယ့်ကိုမြင်တာနဲ့ မကျေမနပ်ဖြစ်ပြီး အမြင်ကတ်ကြည့်မရ ဖြစ်နေမှာပေါ့။ ကိုယ်က မင်းရဲ့အိပ်မက်တွေကို ဘာညာသာရကာလို ပေါ့ပေါ့လေး သဘောထားမိခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



နေသည် ဘာမှပြန်မဖြေသေးဘဲ ရွှေပုံ့ကိုငေးကြည့်နေသေးတာကို ချယ်ရီတို့က ဖြေရခက်နေတယ် ထင်ပြီးတော့ ရှောင်ပေးကြပါသည်။

“သြော် ... နေ။ နင် ရွှေပုံနဲ့ အဖော်လုပ်ပေးလိုက်ဦး။ ငါတို့ ဟိုထိပ်က 300 တန် wheel သွားလှည့်လိုက်ဦးမယ်”

“အေး ... ဟုတ်တယ်။ ရွှေပုံ ... နင် နေခဲ့ဦးနော်”

အဲဒီလိုတွေပြောကာ ရွှေပုံ့ကို သူနဲ့ထားခဲ့ပါသည်။ နေသည် ချယ်ရီတို့ ထွက်သွားပြီးမှပဲ ခုနကအဖြေကို ပြန်ဖြေပေးလိုက်ပါသည်။

“ကိုယ်က မင်းကို စိတ်ဆိုးစေခဲ့တယ် ရွှေပုံ။ အဲဒါကြောင့် ရွှေပုံ ကိုယ့်ကို မသိစိတ်ကနေ မကျေနပ်ဖြစ်နေတာဖြစ်မယ်”

“ရှင်က ဘာလုပ်လို့ ကျွန်မက စိတ်ဆိုးတာလဲဟင်”

“ရွှေပုံက အရမ်းကိုဖြူစင်ပြီး အပြစ်ကင်းတဲ့ မိန်းကလေးပါ။ ကိုယ်က ရွှေပုံကို ဂရုမစိုက်မိသလို ဖြစ်သွားလို့။ ဒီအကြောင်းတွေကို ရွှေပုံ နေကောင်းလာရင် မှတ်မိသွားမှာပါ။ ကဲ ... လာ၊ ကိုယ်တို့ မုန့်စားရင်း သူတို့ကို စောင့်လိုက်မယ်နော်”





နေက စကားစကို မြန်မြန်ဖြတ်ချကာ ရွှေပုံ့ရဲ့လက်ကိုဆွဲကိုင်လျှင် ရွှေပုံက ဆတ်ခနဲ ပြန်ရုန်းထွက်သွားသည်။ အဲဒီအတွက် နေသည် နားလည်တဲ့အပြုံးတစ်ခုပြုံးကာ ...

“ဆောရီး ရွှေပုံ။ ကိုယ်က ရွှေပုံ ခေါင်းမူးသွားမှာစိုးလို့ လက်တွဲမိသွားတာပါ”

“ဟိုတုန်းကကော ရှင်က အဲဒီလိုမျိုးပဲ လက်တွဲလျှောက်နေကြလားဟင်”

ရွှေပုံက သူ့ကို အဲဒီလိုမျိုးမေးလေတော့ နေသည် အမှန်အတိုင်းဖြေဖို့ အရမ်းဝန်လေးမိသွားသည်။ ရွှေပုံတိုးဝေကို ဒီလိုမျိုး ကြင်ကြင်နာနာ လက်တွဲဖေးမပေးဖို့ဝေးစွ။ သူမရဲ့ မျှော်လင့်ခြင်းအိပ်မက်တွေကိုတောင် သူက ချောင်ထိုးထားပြီး ဟာသလုပ်နေတဲ့ကောင်ဖြစ်သည်။ အဲဒီအပြစ်အတွက် သူဟာ ရွှေပုံ့ကို တစ်ခုခုတော့ ပေးဆပ်ချင်သည်။ ဥပမာအားဖြင့် ပြောရရင် ရွှေပုံ အတိတ်ကို ပြန်သတိရတဲ့အခါမှာ သူမအနာဂတ်က လင်းလက်နေတာမျိုးဖြစ်အောင် သူက ဖန်တီးပေးချင်တာဖြစ်သည်။

“ကျွန်မချစ်သူဆိုတဲ့လူ နာမည်က တစ်လုံးတည်းနော်။ ဘာလို့ အဲဒီလိုနာမည်ပေးတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှပြန်မဖြေတဲ့အတွက် ရွှေပုံက ဆက်မမေးတော့ဘဲ သူ့ကို နာမည်အကြောင်း မေးလေသည်။ နေသည် အခုမှ ချစ်စရာကောင်းလာတဲ့ ကောင်မလေးကို အသာပြုံးကြည့်ရင်းက ...

"ကိုယ့်အဖေက ကိုယ့်ကို သိပ်ထူးချွန်ပြီး တော်တဲ့ လူတော်လူကောင်းဆိုတဲ့ ဂုဏ်အင်တွေနဲ့ ပြည့်ဝအောင် နေမင်းကြီးလို ခမ်းနားအောင် 'နေ'လို့ ပေးထားတာ"

"ဩော် ... ကျွန်မက ရှင့်ကို ဘယ်လိုခေါ်လဲဟင်"

"နေလို့ပဲ ခေါ်တယ်"

သူ့အပြောကို ရွှေပုံက ခေါင်းတဆတ်ဆတ်ဖြင့် တစ်ခုခုကို စဉ်းစားနေဟန်ဖြင့် ငြိမ်နေပြီးမှ ...

"နေ ... သွားမယ်လေ"

... လို့ ဆိုကာ သူ့ရဲ့လက်တစ်ဖက်ကို သူမကပဲ ပိပြင်ပိုင်နိုင်စွာ ချိတ်ဆွဲကာ တွဲလျှောက်လေသည်။ နေသည် ရွှေပုံ့ကို ချစ်မိနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်သည့်အတွက် သူမရဲ့ချစ်သူဘဝမှာ နေပျော်ပါသည်။

❣ ✦ ❣





အချစ်ဆိုတာ ကြက်ဟင်းခါးသီးလိုပဲ။

လက်ခံနိုင်သူအတွက်ကတော့ စားလို့ကောင်းတယ်

လက်မခံနိုင်သူအတွက်ကတော့ တော်တော်ခါးတယ်


ကိုယ်ထင်ရင် ခုတင်ကလည်း ရွှေနန်းပဲမို့

အချစ်ဆိုတာကို စိတ်ထားတတ်ဖို့ပဲ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com







နေသည် ရွှေပုံ့ရဲ့လုံးချင်းဝတ္ထု ငါးအုပ်စလုံးကော အစကပေးထားတဲ့ တစ်အုပ်ကိုပါ အားလုံးဖတ်ပြီးသွားပြီဖြစ်သည်။ ဝတ္ထုခြောက်အုပ် ဖတ်ပြီးသွားပြီးတဲ့နောက်မှာ သူဟာ စာရှုံးပေရှုံး လေး၊ အူကြောင်ကြောင်ဂေါက်သီးလေးဆိုပြီး အထင်သေးခဲ့သမျှ တွေဟာ အားလုံး အလကားဖြစ်ကုန်၏။ ပြီးတော့ ရွှေပုံ့တိုးဝေကို ဒီလောက်ထိ အရေးအသားကောင်းလိမ့်မယ်လို့တောင် ထင်မထား ခဲ့ချေ။ တော်တော်လေးကို talent ရှိပြီး စိတ်ကူးစိတ်သမ်းလေး လည်း ကောင်းပါသည်။

သူမရဲ့ဝတ္ထုခြောက်အုပ်ထဲက "ချစ်ခြင်း၏မရေမရာ ပုံတိုပတ်စများ" ဆိုတဲ့ စာအုပ်လေးကတော့ စာအုပ်သာထုတ်မယ် ဆို bestseller ဖြစ်သွားနိုင်တဲ့ စာအုပ်လေးဖြစ်သည်။ ဇာတ်လမ်း Frame ရယ်၊ အရေးအသားရှယ်၊ သုံးနှုန်းထားတဲ့ အတွေးအခေါ် စကားလုံးလေးတွေဟာ တကယ်ကောင်းတာဖြစ်၏။ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ကြက်ဟင်းခါးသီးနဲ့ နှိုင်းသွားတာကတော့ တကယ့်ကို ချစ်စရာလေးဖြစ်သည်။ စာရေးတာကို ဝါသနာကြီးလွန်းပြီး စာအုပ်ထုတ်ဖြစ်ခဲ့ရင်လည်း ကောင်းကင်ဘုံစာအုပ်တိုက်ကပဲ ထုတ်ဝေခွင့်ရချင်ခဲ့တဲ့ စာရေးဆရာမလေးတစ်ယောက်ရဲ့ မျှော်လင့်ချက်ကို သူက သွားရိုက်ချိုးခဲ့မိတာကိုး။ ရွှေပုံ့အတွက် သူမဖြစ်ချင်တဲ့ ဘဝမျိုးရောက်အောင် သူ ဖန်တီးပေးရမည်။

တစ်ခါတလေမှာ ဘာမှမဟုတ်ပါဘူးဆိုတဲ့ ဘာညာသာရကာလေးတွေဟာ တကယ့် အဖိုးတန်လေးတွေ ဖြစ်တယ်ဆိုတာ သူ အခုတော့ ကောင်းကောင်းသဘောပေါက်ပြီဖြစ်သည်။

အဲဒီအတွက် နေသည် ညစာစားပြီး မိသားစုစုံနေတဲ့ အချိန်မှာ အခန်းထဲကနေ ရွှေပုံရဲ့ စာမူခြောက်အုပ်ကို ယူလာကာ စားပွဲပေါ်တင်လိုက်ပြီး ဖေဖေ့ကို ပြောပြလေသည်။

"ဖေ ... ဒီစာအုပ်လေးတွေကို ဖတ်ကြည့်လိုက်ပါ။ ပြီးတော့ သူ့မှာ အရည်အချင်း တကယ်ရှိတယ်ဆိုမှ ဖေဖေထုတ်ပေးပါ။ ကျွန်တော်ကတော့ သူ့အတွက် အစစအရာရာ အားလုံး အာမခံပေးနိုင်ပါတယ်"

"သား ... သူက ဘယ်သူတုံး။ သားနဲ့ကော ဘယ်လိုသိတာလဲ"





မေမေက သူ့ရဲ့အာမခံချက်တွေအတွက် စိတ်ပူပြီး မေးခွန်းထုတ်လာလျှင် နေသည် ဖေဖေနဲ့မေမေ့ကို အမှန်အတိုင်းပဲ ဖွင့်ပြောပြလိုက်တော့သည်။

"သူဟာ သားတို့သင်တန်းက ကောင်မလေးပါ။ စာရေးတာကိုလည်း တော်တော်လေး ဝါသနာကြီးပါတယ်။ ကျွန်တော် ဖတ်ကြည့်တော့လည်း ကောင်းတယ်။ ပြောရမယ်ဆိုရင်တော့ ကျွန်တော့်ကြောင့် သူ့ဘက်က အချိန်တွေ နစ်နာသွားခဲ့တယ်။ ကျွန်တော်က သူ့စာမူတွေကိုယူပြီး အဖေ့ကိုပြပေးမယ်ဆိုပြီး မပြပေးခဲ့ဘူး။ ဟင်း ... ကျွန်တော့် အမှားတွေပါပဲ ...

အဲဒီကောင်မလေးက သူ တစ်နေ့ စာအုပ်ထုတ်ခွင့်ရရင် ကောင်းကင်ဘုံကပဲ ထွက်ရမယ်ဆိုတဲ့ ဆိုက်ကိုရှိတယ် ဖေဖေ ...

အဲဒီအနာကို ကျွန်တော်ကကိုင်ပြီး သူ့အပေါ်ကို အနိုင်ယူမိသလို ဖြစ်သွားတယ်။ အခု ကျွန်တော့်ကြောင့် သူ့အတိတ်မေ့ဝေဒနာကို ခံစားနေရပါတယ်"

"ဘာ ... ဘယ်လိုဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလောက်မိုက်တဲ့သား ရှိတော့မယ် မထင်ဘူး ဖိုးနေ။ ဖအေက သိပ်တန်းဖိုးထားတဲ့အလုပ်ကို မင်းက ဗန်းပြပြီး မိန်းကလေးကို အနိုင်ကျင့်တာ။ မင်းလုပ်ရပ်တွေက သိပ်အောက်တန်းကျတယ်။ နေစမ်းပါဦး ... အဲဒီကလေးမက ဘယ်လိုဖြစ်ပြီး အတိတ်မေ့သွားတာလဲ"

နေသည် အဖြစ်သနစ် အစအဆုံးကို ရှင်းပြပြီးသွားသောအခါ ဖေဖေဟာ သူ့ကိုဆွဲမထိုးရုံတမယ် ဒေါ်တွေကန်နေတာဖြစ်သည်။

"မင်းကွာ သိပ်မိုက်ရိုင်းတဲ့ကောင်။ မင်းရဲ့စိတ်ဓာတ်တွေ ဘာဖြစ်သွားတာလဲ နေ။ မင်းကို အဲဒီလောက် စုတ်ပဲ့လိမ့်မယ်လို့ ထင်မထားဘူး။ မင်း သိပ်လွန်လွန်းတယ် ...

ကောင်းပြီ ဖိုးနေ။ မင်းလုပ်တဲ့အပြစ်က သိပ်ကြီးတဲ့အတွက် မင်းမှာ ပြန်ပေးဆပ်ရမယ့်တာဝန် ရှိတယ်ဆိုတော့ သားသမီးမကောင်း မိဘခေါင်းပဲ။ ကောင်မလေးရဲ့စာမူတွေကို ငါ ဖတ်ကြည့်မယ်။ အဆင်ပြေတယ် ဆိုရင်တော့ ထုတ်ပေးမယ်"

"ဟား ... ကျေးဇူးတင်ပါတယ် ဖေဖေ။ ဖေဖေ ဖတ်ကြည့်လိုက်ပါ၊ တကယ်အရည်အချင်းရှိမှ ထုတ်ပေးပါ ဖေဖေ"





"ကလေးမလေးကို ငါတို့ လိုက်ကြည့်ရဦးမလား ဖိုးနေ"

"ရပါတယ် ဖေဖေ။ လိုက်လည်းရတယ် မလိုက်လည်းရတယ်"

ဖေဖေက ခေါင်းတစ်ချက်သာ ဆတ်ပြကာ ရွှေပုံရဲ့စာမူတွေကိုယူကာ အပေါ်ထပ်သို့ တက်သွားလေတော့သည်။ ဘာပဲဖြစ်ဖြစ် သူ ပျော်တော့ ပျော်ရွှင်သွားပါသည်။ အကယ်၍ ဒီစာမူတွေကို ဖေဖေကြိုက်လို့ ထုတ်ပေးမယ်ဆိုရင် ရွှေပုံရဲ့အိပ်မက်တွေကို အကောင်ထည် ဖော်ပေးနိုင်တဲ့သူဟာ သူဖြစ်သွားပါလိမ့်မည်။

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ထိုနေ့က နေလေးကလည်းသာကာ ရာသီဥတုက နေရထိုင်ရ တော်တော်ကောင်းတာကြောင့် နေသည် အတန်းတက်နေရာက ရွှေပုံတိုးဝေကို သတိရသွားမိသည်။ ဒီကာလတွေမှာ သူမအမေက သင်တန်းမလွှတ်တော့တာကြောင့် သူတို့က အမြဲလိုလို ရွှေပုံရဲ့အိမ်ကို ရောက်ဖြစ်နေပါသည်။ သူဟာ အားလုံးကို ရွှေပုံ ရည်းစားပါလို့ ကြေညာပြီး ဝင်ထွက်သွားလာနေတာဟာ အဓိကကတော့ သူလုပ်မိခဲ့တဲ့အပြစ်ကို အားလုံးမသိအောင် ဖုံးထားချင်လို့ပဲဖြစ်သည်။ ရွှေပုံသာ အတိတ်ကို ပြန်သတိရလာခဲ့ရင်တော့ သူဟာ အယုတ်တမာကောင်ကြီး ဖြစ်လို့သွားမှာပဲဖြစ်သည်။

အဲဒါကြောင့်မို့ နေသည် အယုတ်တမာကောင်မဖြစ်ခင်စပ်ကြားမှာ ရွှေပုံ သတိပြန်မရခင် ရွှေပုံ့ရဲ့စာအုပ်တွေကို





ထုတ်ဝေချင်တာဟာ သူ့ရဲ့အကြီးမားဆုံးဆန္ဒ ဖြစ်သည်။ တစ်ချိန်က ရွှေပုံတိုးဝေ မက်ခဲ့တဲ့ အိပ်မက်တွေကို သူ ရိုက်ချိုးမိခဲ့တဲ့အတွက် လျော်ကြေးအနေနဲ့ သူ အရာရာတိုင်းကို ဖြည့်ဆည်းပေးချင်ပါသည်။

"ဟေ့ကောင် ... နေ၊ ဘာငေးနေတာလဲ။ ပြောစမ်း ... ဘယ်ဆော်လဲ"

သော်ဇက သူ့ပခုံးကို ဘောပင်နဲ့တစ်ချက်လှမ်းတောက်ကာ မေးလိုက်တော့မှ နေသည် အတွေးစတို့ပျောက်ကွယ်၍ စိတ်ကပစ္စုပ္ပန်မှာ လာကပ်လေတော့သည်။

"ဘာမှမဟုတ်ပါဘူးကွာ။ ဒီလိုပဲ ဟိုတွေး ဒီတွေးပေါ့"

"ဘာမှလာဖိန့်မနေနဲ့။ မင်း ဟိုဂေါက်သီးလေးကို သတိရနေတာမှလား။ ငါ သိတယ် နေ၊ ဘာမှညာမနေနဲ့။ ဘာလဲ မင်း အဲဒီဆော်ကို တကယ်ချစ်သွားတာလား"

"မဟုတ်ပါဘူးကွာ။ ငါ သူ့ကို ချစ်တာမဟုတ်ပါဘူး။ သနားတာ ... အားနာတာကွ။ ငါ့ကြောင့် သူ့မျှော်လင့်ချက်တင်မကဘူး အခုဆို သူ့ဘဝတောင် သူဘာမှန်းမမှတ်မိနိုင်တော့တဲ့ အခြေအနေမျိုး ဖြစ်ခဲ့တာ။ တကယ်တော့ ရွှေပုံတိုးဝေက အရည်ချင်းရှိတယ်။ ငါတို့ ဟားခဲ့သလိုမျိုး ဂေါက်သီးမဟုတ်ဘူး။ တကယ် talent ရှိပြီး ဖြစ်နိုင်ချေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိတဲ့ စာရေးဆရာမလောင်းပဲ။ ငါ သူ့ကိုအရမ်းဖြစ်သွားစေချင်တဲ့ စေတနာရှိတယ်ကွာ။ အဲဒီအတွက် ငါအခု လုပ်နေတာ"

သူ့ရဲ့အတည်အတံ့စကားကြောင့် ဒီပက နားလည်သဘောပေါက်စွာ ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"ဟုတ်ပါတယ်ကွာ။ မင်းဖီလင်ကို ငါတို့ နားလည်ပေးလို့ရတယ်။ ရွှေပုံတိုးဝေ အတိတ်မေ့သွားတာ မင်းကြောင့်လို့ မဆိုနိုင်ပေမယ့် မင်းပယောဂတော့ မကင်းဘူး။ မင်းမှာ တာဝန်ရှိတယ်ဆိုတာ ငါတို့နားလည်တယ် ...

ဒါပေမဲ့ကွာ ... နေ ... ငါတို့ မင်းအတွက် ပြောတာနော်။ မင်း သူ့ရည်းစားပါလို့ ပြောထားတဲ့အဖြစ်ကြီးကို ရွှေပုံ သိလာတဲ့တစ်နေ့ မင်း ထိမှာစိုးလို့"

ဒီပက ပြောတာကို သူ နားလည်ပါသည်။ ဒါပေမဲ့ ဘာမှဂရုမစိုက်နိုင်ပါ။ ဒါတွေဖြစ်ရတာဟာ ငါ့ကြောင့်ဆိုတဲ့ အတွေးတစ်ခု ခေါင်းထဲဝင်လာတဲ့ အချိန်ကစပြီး ရွှေပုံတိုးဝေကို ဘာညာသာရကာလို သဘောမထားနိုင်တော့ဘဲ သူမရဲ့အနာဂတ်တွေအတွက် သူ ပုံဖော်ပေးချင်တဲ့ စိတ်ဆန္ဒတစ်ခုသာ ရှိလို့နေခဲ့ပါသည်။





"အဲဒီတစ်နေ့မှ မရောက်သေးတာပဲကွာ။ ငါက မိုးပြိုမှာကြောက်နေတဲ့ ယုန်မဟုတ်ဘူး ဒီပ။ ဖြစ်ချင်ရာဖြစ် ငါမှန်တာ ငါလုပ်မှာပဲ။ မင်းတို့ကို ငါ ကျေးဇူးတင်ပါတယ်။ ငါ သွားတော့မယ်ကွာ။ အတန်းလည်း တက်ချင်စိတ်မရှိတော့ပါဘူး"

နေက ကျောပိုးအိတ်ထဲ စာအုပ်နဲ့ဘောပင်ထည့်ကာ ဇစ်ပြန်ပိတ်၍ ရှေ့ကဆရာအလစ်ထွက်တော့မယ် အပြုမှာ သော်ဇက သူ့အိတ်ကို လှမ်းဆွဲကာ ...

"ဟေ့ကောင် အတန်းမတက်ဘူးဆို မင်း ဘယ်သွားမှာလဲ။ သေချာတာကတော့ မင်းဆော် ခင်မိုးသားဆီတော့ မဟုတ်ဘူးမှလား"

"သေချာတာပေါ့ကွ။ ငါအခု ရွှေပုံ့ဆီ သွားမလို့ကွ။ သူက ကန်တင်းက စိုးမြင့်ကြော်ကို အရမ်းကြိုက်တယ်လို့ ဒီဒီ ပြောဖူးတယ်။ အဲဒါ ဝယ်ပြီး သူ့ဆီသွားပို့မလို့။ သွားပြီကွာ"

နေသည် အတန်းထဲကနေ အသာလေး လစ်ထွက်လာခဲ့ကာ အရင်ဆုံး ကန်တင်းမှာ စိုးမြင့်ကြော်တစ်ပွဲမှာကာ ပါဆယ်ဝယ်လိုက်သည်။ ပြီးတော့မှ အဲဒီပါဆယ်ထုပ်ဆွဲကာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံ့ဆီ သွားရမှာဖြစ်သည်။ သူမကြိုက်တဲ့ အစားအစာကိုတော့ မှတ်မိနိုင်လောက်မယ် ထင်တယ်။ နေသည် သူမကို စားစေချင်တဲ့စိတ်ရယ်၊ မှတ်မိမလားဆိုတဲ့ မျှော်လင့်ချက်ရယ် ပေါင်းကာ သူမဆီသွားဖို့ ကားဆီအပြေးသွားလိုက်ရင်တော့ ကားတံခါးကို မှီနွဲ့၍ရပ်ကာ စောင့်နေသော မိုးကိုတွေ့လိုက်ရသည်။

"ဟိုင်း ... ကို။ ပျောက်ချက်သား သိပ်ကောင်းနေပါလား။ ဘယ်ဘာညာသာရကာတွေကို သွားပတ်သက်နေလို့လဲ။ ဒီရက်တွေမှာ ကို့သတင်းတွေက သိပ်ဟော့ဖြစ်လွန်းနေတယ်။ ဘယ်လိုဖြစ်တာလဲ ကို ...

သစ္စာတရားကို မြတ်နိုးတဲ့ ကိုက သစ္စာဖောက်ဖို့ စဉ်းစားနေတာလား"

တိတိကျကျကို စိန့်လာခေါ်နေသလို ခံစားရတာကြောင့် နေသည် ဒေါသကတော့ ထောင်းခနဲ ထွက်သွားပါသည်။ ဒါပေမဲ့ ခင်မိုးသားနဲ့ ပေသိပ်ရှည်မှာစိုး၍ စိတ်လျှော့ကာ ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ကောလာဟလတွေကို မယုံပါနဲ့ မိုးရယ်။ ကိုယ့်ဆော်က လက်ရှိမှာ ချစ်လေ မဟုတ်ဘူးလား။ ချစ်နဲ့မတွေ့ဖြစ်တာက ကိစ္စလေးတွေ ရှိနေလို့ပါ"





"ဘာကိစ္စပဲရှိရှိ ကိုက ဖုန်းတောင်မကိုင်နိုင်တော့ဘူးလား။ message တောင် reply မပြန်နိုင်တော့ဘူးလား။ တစ်ကျောင်းတည်း အတူတက်ပြီး ခဏလေးတောင် လာမတွေ့တာကတော့ အရမ်းလွန်တယ် ကို။ ပြီးခဲ့တဲ့ရက်တွေကုန်းက ကို ဘာလို့ ကျောင်းမလာတာလဲဆိုတာ မပြောပြတော့ဘူးလား"

"ကျစ် ... ကွိုင်ပဲကွာ။ ချစ်က အရစ်ပဲ၊ ကိုယ့် personal ကို မပြောချင်ဘူး။ ကိုယ့်ရဲ့ဘယ်ရည်းစားကိုမှ ကိုယ့်ရဲ့ personal ကို မပြောပြခဲ့ဖူးဘူး ချစ်။ မင်း သိထားဖို့က မင်းဆီက ချစ်တယ်လို့ အဖြေရထားကတည်းက ကျန်တဲ့ ရင်ခုန်သံတွေကို ဘာညာသာရကာ သတ်မှတ်ပြီးသား။ ဖယားလာမငြိနဲ့ကွာ။ ကိုယ့်ဆော်က မင်းဆို ပြီးပြီပေါ့"

"အဲဒီစကားက ရှင့်လက်သုံးစကားပဲလေ။ ကျွန်မရှေ့မှာ အယောက်ပေါင်းများစွာကို ပြောလာခဲ့တဲ့စကားပဲ။ အဲဒါနဲ့ ယုံရမှာလား"

နေသည် ကျုပ်ထားရတဲ့စိတ်တွေကို ပွင့်ထွက်ပြီး ထဝုန်းလိုက်ရင်တော့ ဒီဆော် သေတော့မှာပဲ။ သူဟာ သိပ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှည်တော့ဘဲ ဘုဆတ်ဆတ်စကားဖြင့် ခင်မိုးသားကို ချန်ထား ပစ်ခဲ့လိုက်ပါသည်။

"ဟား ... အဲဒီစကားကို ယုံတာလည်း မင်းတို့ပဲလေ။ ငါ ပုံပြောတိုင်း ယုံသာယုံ ကြားလား။ ငါ့ကို လာမငြိနဲ့တော့ ကွာ။ သွားမယ်"

သူဟာ ဒေါသထွက်ထွက်ဖြင့် ကောပစ်ကာ ကား ပေါ်တက်၍ မောင်းထွက်လာခဲ့တော့သည်။ ခင်မိုးသားကတော့ အသားကုန် ဆွေ့ဆွေ့ခုန်နေတော့မှာပဲဖြစ်သည်။ ထားလိုက် ... ပြတ်လည်း ပြတ်ပါစေတော့။

လောလောဆယ်မှာ သူ့ခေါင်းထဲ၌ ရွှေပုံတိုးဝေရဲ့ အနာဂတ်တွေ တည်ဆောက်ဖို့ စိတ်ကူးပဲ ရှိပါသည်။ အဲဒီအတွေး နှင့် သူဟာ ကားမောင်းချလာရင်း သူမတို့အိမ်ရောက်လျှင် ခြံထဲ က ဒန်းပေါ်မှာ ထိုင်စကားပြောနေကြတဲ့ ရွှေပုံနဲ့ ကောင်းခန့်နိုင် ဆိုတဲ့လူကို သွားတွေ့လေသည်။

ဟား ... ဒီဘဲက လာလုချည်လားကွာ။ ရွှေပုံနဲ့ ရည်ရွယ်ထားပါတယ်ဆိုတဲ့ကောင်က သူ့ကိုတော့ ရွှေပုံ့ဘဲအဖြစ် သိဖို့လိုအပ်ပါသည်။





ဟို ... ချစ်လို့ သဝန်တိုတာမျိုးကြီးတော့ မဟုတ် ပါ။ ဒါပေမဲ့ ရွှေပုံကို ကောင်းခန့်နိုင်နဲ့တွဲပြီး မမြင်ချင်ပါ။

နေသည် ခြံထဲမှာ ကားရပ်ကာ ပါဆယ်ထုပ်ဆွဲ၍ သူမတို့ဆီ လျှောက်လာကာ ပိုင်နိုင်ထွေးနွေးသောအပြုံးဖြင့် ...

"ဟော့ ... ရွှေပုံ ဒီမှာကြည့်စမ်း။ ရွှေပုံကြိုက်တဲ့ ကန်တင်း က စိုးမြင့်ကြော် ဝယ်လာတယ်။ ကိုယ် သွားထည့်နိုင်း လိုက်မယ်နော်"

သူ့စကားကို ရွှေပုံက ပြုံးကြောင်ကြောင် စိုက်ကြည့် ကာ သူကိုင်မြှောက်ပြထားတဲ့ ပါဆယ်ထုပ်ကို တစ်ချက်မျက်လုံး လွှဲကြည့်ပြီး လက်ညှိုးထိုးကာ ...

"ဟို ... အဲဒါ ဘာလဲဟင်။ ကျွန်မက အဲဒါကိုကြိုက်တယ် လား"

"စိုးမြင့်ကြော်လေ ရွှေပုံရဲ့။ ထမင်းနဲ့ ကုန်းဘောင်ကြီးကြော် mix လုပ်ထားတာ။ ရွှေပုံ သိပ်ကြိုက်တဲ့ အစားအသောက် ပေါ့"

"ဟုတ်လား"

"အင်း ... အဲဒါဆို စားတော့မလား။ ကိုယ်သွားထည့်လိုက် မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံက သူ့အပြောကို ခေါင်းအသာယမ်းပြကာ ငြင်းဆန်လေသည်။

"ဟင့်အင်း ... မစားသေးဘူး နေ။ ဒီမှာ ကိုခန့်ဝယ်လာခဲ့တဲ့ cheese cake နဲ့ ကော်ဖီ သောက်ထားတာ ဗိုက်ပြည့်နေပြီ။ မချိုရေ ... ဒီအထုပ်လေး ယူထားလိုက်ပါ"

ရွှေပုံရဲ့ငြင်းဆန်မှုကြောင့် ဟိုဘဲမျက်နှာမှာ ကျေနပ်တဲ့ ပြုံးယောင်လေးကော့ သမ်းသွားတာ သူ ဖျတ်ခနဲ မြင်လိုက်ရပါသည်။ သူ့ကို စိန်ခေါ်ချင်နေတဲ့ ကာလာတွေ တွေ့နေတာ သူ သိပါသည်။

"နေ ... ဒီမှာ ထိုင်လေ။ လာ"

ရွှေပုံက ကောင်းခန့်နိုင်နဲ့ အတူတွဲထိုင်နေရာမှ ထကာ သူ့ကို ဒါန်းပေါ်မှာ ထိုင်စေဖို့ နေရာဖယ်ပေးလျှင် နေသည် အားနာပါးနာနဲ့တောင် ငြင်းမနေတော့ဘဲ ခပ်တည်တည်ပဲ ဝင်ထိုင်လိုက်သည်။ ဘာဖြစ်လို့လဲဆိုတာကတော့ အထွေအထူး ရှင်းပြဖို့လိုမယ် မထင်ပါ။ သူတို့နှစ်ယောက်သား တွဲထိုင်နေတာကို မမြင်လို့ဘဲဖြစ်သည်။

"ညီလေးက ရွှေပုံ့သူငယ်ချင်းလား"





သူ့ကိုစတင်ပြီး ညီလေးဆိုကာ ချွတ်လိုက်သော ဘဲကြီးကို သူကလည်း တစ်ချက်စွေကြည့်ကာ မထီသလိုပြုံးပြကာ ...

"မဟုတ်ဘူးဗျ။ ကျွန်တော်က သူ့ရည်းစား၊ ခင်ဗျားမသိသေးဘူး ထင်တယ်"

"နေ"

ရွှေပုံက သူ့နာမည်ကို လှမ်းခေါ်ကာ ဟန့်တားလိုက်တော့ သူက ဆက်ပြောဖို့ စကားလုံးတို့ဆိုင်းသွားစဉ်မှာ သူမက နှစ်ယောက်လုံးကို တိုင်တည်ပြောတဲ့စကားကို အတည်တကျ ဆိုလေသည်။

"လက်ရှိမှာ ကျွန်မဟာ အတိတ်ကို ဘာမှရေရေရာရာမှတ်မိတဲ့သူ မဟုတ်ပါဘူး။ ကျွန်မ မမှတ်မိသေးတဲ့အတိတ်မှာ နေက ကျွန်မရည်းစား ဖြစ်နိုင်ခဲ့သလို ကိုခန့်ကလည်း ကျွန်မနဲ့ လူကြီးချင်းသဘောတူထားတဲ့လူ ဖြစ်နိုင်ပါတယ်။ ဖြစ်လည်း ဖြစ်ခဲ့မှာပါ ...

ဒါပေမဲ့ အခုချိန်မှာ အဲဒီပတ်သက်မှုက ပတ်သက်ခဲ့ဖူးတာပဲ ရှိလိမ့်မယ်။ ဘောင်မဝင်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ကျွန်မ အတိတ်ကိုပြန်သတိရအောင် စောင့်ရှောက်ကူညီပေးနေကြတဲ့ သူတွေလို့ ကျွန်မက သတ်မှတ်ထားပါတယ်။ ကျွန်မကို အတိတ်တွေ ပြန်သတိရလာအောင်သာ ကူညီပေးကြပါ။ အားလုံးက အမှန်တွေပဲ ဖြစ်စေရပါမယ်"

အဆုံးသတ်စကားကြောင့် သူဟာ စိမ့်ခနဲတော့ဖြစ်သွားရပါသည်။ အားလုံးက အမှန်တွေပဲ ဖြစ်စေရပါမယ်တဲ့။ အဲဒါဆိုရင်တော့ သူဟာ လူမှန်နေရာမှန်ဖြင့် ရွှေပုံတိုးဝေရဲ့အနာဂတ်အိပ်မက်တွေကို ဖျက်ဆီးပစ်တဲ့ လူရမ်းကား ဖြစ်သွားမှာပဲဖြစ်သည်။

"ကိုယ်သဘောပေါက်ပါတယ် ရွှေပုံ။ ကိုယ်နားလည်ပါတယ်။ ကဲ ... ရွှေပုံ အဲဒါဆို ကိုယ် ပြန်ဦးမယ်။ ပင်ပန်းနေပြီဆိုတော့ နားချင်နားတော့လေ ...

ကဲ ... နေ သွားမယ်နော်"

နေသည် အဲဒီဘဲကြီး ထပြန်သွားတဲ့အတွက် ရေလည်ပျော်နေလို့မှ မဆုံးခင်မှာ ရွှေပုံဟာ သံပြတ်ဖြင့် သူ မထင်တဲ့ စကားကို ပြောလေသည်။

"နေ ... ပြန်တော့"





သူ့ကို အဲဒီလိုကြီး နှင်လိမ့်မယ်လို့ ထင်မထားတာကြောင့် သူ စိတ်ထဲမှာ နည်းနည်းလေး ရှုတတ ဖြစ်သွားသည်။ ပြောရရင်တော့ ဒီကနေ့ ဒီအချိန်ထိ သူ့ကို ဘယ်မိန်းမကမှပြန်တော့ဆိုပြီး နှင်မလွှတ်ဖူးခဲ့ပါ။

"ဘာလို့လဲ ရွှေပုံ။ ကိုယ့်ကို စိတ်ဆိုးသွားလို့လားဟင်"

"ကျွန်မဆီကို စိုးမြင့်ကြော် လာပို့ပြီးပြီလေ။ ပြန်တော့ပေါ့။ ကျွန်မ စာရေးစရာ ရှိသေးတယ်"

နေသည် စာရေးစရာ ရှိသေးတယ်ဆိုတဲ့ အပြောကြောင့် အရမ်းကို အံ့ဩသွားကာ ရွှေပုံ့ပခုံးကို ဆတ်ခနဲဆုပ်ကိုင်လှုပ်ယမ်း၍ ...

"ခုနက ဘာပြောတာလဲ ရွှေပုံ။ ဘာစာရေးတာလဲ။ ရွှေပုံက ဘာရေးမလို့လဲဟင်"

"ဟို ... ဟို ... ကျွန်မ သောက်ရမယ့်ဆေးတွေကို စာရေးမှတ်ထားမလို့ပါ။ ဘာဖြစ်လို့လဲဟင်"

"ဟင့်အင်း ... ရွှေပုံ၊ မှတ်မိလာပြီလားလို့ ဝမ်းသာသွားတာပါ ...

အဲဒါဆို ကိုယ်သွားတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံက ခေါင်းတစ်ချက်ညိတ်ပြပြီးနောက်မှာတော့ နေသည် ခပ်လေးလေးခြေလှမ်းတို့ဖြင့် ကားဆီလျှောက်လာခဲ့တော့သည်။ ရွှေပုံနဲ့ ပတ်သက်ပြီး သူ့ရင်ထဲမှာ ပြောချင်တာတွေအများကြီးရှိနေပေမယ့် မပြောဖြစ်တာဟာ သူပြောတာတွေ နားမလည်မှာစိုးလို့ပဲ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Maeminbon"





## ၁၆

"ဟုတ်ခဲ့ ခင်ဗျ။ အခုလို နားလည်ပေးတဲ့အတွက် ဦးနဲ့ အန်တီကို အများကြီးကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ။ ဦးတို့ဘက်ကလည်း သမီးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့ မင်းကိုလည်း ကျေးဇူးတင်ပါတယ်"

အထက်ပါစကားများဟာ နေနဲ့ ရွှေပုံတိုးဝေ မိဘတွေ ပြောဆိုခဲ့ကြသော စကားဖြစ်ပါသည်။ ဒီကနေ့ဟာ မင်္ဂလာရှိသော နေ့အဖြစ် သတ်မှတ်လို့တောင် ရပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ရွှေပုံတိုးဝေရဲ့စာမူတွေကို ကောင်းကင်ဘုံစာအုပ်တိုက်က စင်တင်ထုတ်ဝေဖို့က လုံးဝ confirm ဖြစ်သွားပြီဆိုတော့ နေသည် အားရဝမ်းသာစွာဖြင့်ပင် ရွှေပုံ့မိဘတွေဆီမှာ လာပြီးခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



အသိပေးတာဖြစ်သည်။ အခု ရွှေပုံ့မိဘတွေကလည်း လက်ခံပြီဆိုတော့ အားလုံးဟာ အလွန်အဆင်ပြေ ချောမွေ့လို့သွားချေပြီ။ ဒီကိစ္စတွေသာ ရွှေပုံ သိရင် ဘယ်လောက်တောင် ပျော်လိုက်လေမလဲ။

နေသည် ရွှေပုံ့မိဘတွေနဲ့ စကားပြောဆိုပြီးနောက်မှာတော့ သူဟာ အိမ်ပဲတန်းပြန်လာခဲ့တော့သည်။ အိမ်ရောက်ပြီးတာနဲ့ နေသည် ရွှေပုံ့ဆီ အရင်ဆုံး ဖုန်းခေါ်လိုက်သည်။ ခုနက ရွှေပုံ့မိဘတွေနှင့် တွေ့ခဲ့ပေမယ့် ရွှေပုံက အိပ်နေတယ်ဆိုတာကြောင့် မတွေ့ဖြစ်ပါ။ အဲဒါကြောင့်မို့ သူက အိမ်ပြန်ရောက်တာနှင့် ရွှေပုံ့ဆီ ဖုန်းလှမ်းခေါ်တာဖြစ်သည်။

"ဟုတ်ကဲ့ ... ဘယ်သူပါလဲရှင်"

"ရွှေပုံ ... ကိုယ်ပါ နေ"

"သြော် ... နေ ပြောပါ"

ပြောမှာပေါ့ ကောင်မလေးရာ။ မင်း ပျော်ရွှင်စေဖို့ ငါက ဖန်တီးပေးမယ့်သူပါ။

"ရွှေပုံကို ပြောစရာလေးရှိတယ်။ နားထောင်ပေးလို့ရမလား"

"ဟုတ်ကဲ့ ... ပြောပါ"





"အရင်တုန်းက ရွှေပုံက စာရေးတာကို အရမ်းဝါသနာပါတယ်။ စာရေးဆရာမ ဖြစ်ချင်တဲ့ သူပေါ့။ တစ်ချိန်မှာ အောင်မြင်ကျော်ကြားဖို့ အမ်း ... ပြီးတော့ ကောင်းကင်ဘုံဆိုတဲ့ စာအုပ်တိုက်ကပဲ ထုတ်ဝေချင်တဲ့ ဆိုက်ကိုရှိတယ်"

နေက စကားစကို ခဏရပ်ထားကာ တစ်ဖက်က အသံကို ပြန်နားစွင့်နေရင် သူမက ...

"ပြောလေ ... နေ။ ကျွန်မ နားထောင်နေပါတယ်"

"အင်း ... ကိုယ် ဆက်ပြောမယ်နော်။ အဲဒီစာအုပ်တိုက်ကနေ ရွှေပုံက စာအုပ်သိပ်ထုတ်ချင်တာ။ ရွှေပုံ့မှာရေးထားပြီးသားစာမူ ခြောက်အုပ်ရှိသွားပြီ။ အဲဒါတွေကို ရွှေပုံ မှတ်မိမယ် မထင်ဘူးနော်"

"ဘာလို့ ပြောပြတာလဲဟင်။ ကျွန်မ အဲဒါတွေကိုတော့ လုံးဝမသိဘူး"

"ရွှေပုံ နေကောင်းလာတဲ့တစ်နေ့ အဲဒါတွေကို မှတ်မိလာမှာပါ။ ရွှေပုံ မှတ်မိလာရင် ပျော်ရွှင်စရာတွေ ဖြစ်လာမှာပါ။ အဲဒါ သေချာတယ် ရွှေပုံ"

နေက ရွှေပုံ့ကို လုပ်ခဲ့သော ပြစ်မှုအတွက် ကျေနပ်စေဖို့ သူ့ပေးဆပ်မှုဟာ ရွှေပုံ့အတွက်တော့ အချိန်တန်ရင် တကယ်ပဲ ပျော်ရွှင်စေနိုင်မှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေမှန်းတော့ မသိပေမယ့် နေ့ကို ကျွန်မ ကျေးဇူးတင်ပါတယ်။ ဟို ... ဘာများပြောစရာရှိသေးသလဲ မသိဘူးရှင်"

"သြော် ... မရှိတော့ပါဘူး ရွှေပုံ။ နားတော့လေ"

"ဟို ... နေ ... ကျွန်မနဲ့နေက ရည်းစားဖြစ်တာ ကြာပြီလားဟင်"

အမှတ်မထင် မေးလာတဲ့ မေးခွန်းကြောင့် သူဟာ အံ့သြရိပ်ဖြင့် ရုတ်တရက်တော့ ဘာပြန်ဖြေရမှန်း မသိပါ။ ခဏနေတော့မှ နေသည် ခေါင်းတစ်ချက်ဆတ်ကာ ...

"အင်း ... သိပ်တော့ မကြာသေးပေမယ့် ကိုယ်တို့တွေ စိတ်ထဲမှာတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးနေကြပါတယ်။ ဟို ... ရွှေပုံ့ကို ကိုယ် စကားတစ်ခွန်းလောက် ပြောချင်တယ်။ အိမ်ထဲမှာချည်းနေတာ ပျင်းစရာကြီးနော်။ အပြင်လေး ဘာလေးထွက်ပြီး စိတ်ကို relax လုပ်ပါလား"

"ရှင်က လိုက်ပို့ပေးမှာလား"

ဝါး ... တကယ်ကို ထင်မထားတာတွေ ကြားနေရတော့ သူဟာ သူ့နားသူတောင် မယုံနိုင်ပါချေ။ ဒါပေမဲ့ ရွှေပုံရဲ့ တောင်းဆိုမှုအတွက် သူဟာ အရမ်းပျော်ရွှင်စွာဖြင့် လက်ခံပါသည်။





"လိုက်ပို့ပေးမှာပေါ့ ရွှေပုံရဲ့၊ ဘယ်နေ့သွားမလဲပြော"

"အမ် ... နေဦး။ စဉ်းစားပြီးသွားရင် message ပို့မယ်လေ"

"OK ... သွားချင်တဲ့အချိန်သာပြော။ I'm ready for u "

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို စိတ်ကြိုက် မိတ်ကပ်ပြင်ဆင်ပြီးသွားသောအခါ ရွှေပုံသည် ဒီကနေ့အတွက် ဆေးရည်စိမ်ထားတဲ့ မျက်ကပ်မှန် cool green လေးကို တပ်လိုက်သည်။ အားလုံး ready ဖြစ်သွားတော့ ကိုယ့်ကိုယ်ကိုယ် မှန်ထဲတစ်ချက်ပြန်ကြည့်လိုက်သည်။ ဘာဆိုဘာမှ မမှတ်မိ မသိရှိရှာသော အတိတ်မေ့ဝေဒနာရှင်လေး ရွှေပုံတိုးဝေဟာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်စွာပြုံးရင်း အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

"သမီး ... ခဏနေရင် နေ့ ရောက်မယ်တဲ့။ သမီးဖုန်းကို ဆက်မရလို့ မေမေ့ဆီ လှမ်းဆက်တယ်။ ခေါင်းထဲက ဘယ်လိုနေသေးလဲ သမီး"

မေမေက ရွှေပုံ့နဖူးလေးကို အသာစမ်းကာ စိုးရိမ်တကြီးမေးတာကို မြင်ရလျှင် မေမေ့ကို နည်းနည်းတော့ အားနာသွားပါသည်။ ဖေဖေနဲ့ မေမေ့ခများမှာလည်း ရွှေပုံအတွက်





သောကဗျာပါဒတွေ ပွေနေရရှာတာဖြစ်သည်။ ရွှေပုံ့ရောဂါဟာ အမှန်တိုင်း ဝန်ခံရမယ် ဆိုရင်တော့ ဘာမှမဟုတ်ပါ။ ဘာအတိတ်မှလဲ မမေ့ပါ။ အားလုံးကို သိပြီး မှတ်မိနေပါသည်။

ရွှေပုံဟာ စာရေးဆရာမထက် မင်းသမီးလုပ်စားရင် ပိုအဆင်ပြေနိုင်လောက်သည့်အထိ အိုက်တင်တွေဟာ အကယ်ဒမီရှော့ခ်တွေချည်းပဲဖြစ်သည်။ အုန်းသီးခေါင်းပေါ်ပြုတ်ကျရာမှ ဇာတ်လမ်းစကာ who am I? (ကျွန်မ ဘယ်သူလဲ) လုပ်လိုက်ရာကတစ်ဆင့် ဒီနေ့ ဒီအချိန်ထိ ပိရိသေသပ်စွာ အပိုလိုမရှိ သရုပ်ဆောင်နိုင်ခဲ့ပေသည်။

ရွှေပုံ ဘာကြောင့် အဲဒီလိုလုပ်ရတယ်ဆိုတဲ့ အကောင်းဆုံး အကြောင်းပြချက်ကတော့ ဟိုချေးထုပ် နေကို တစ်သက်လုံး နောင်တရ နောင်ကြဉ်သွားအောင် အသားကုန်နှာဖို့အတွက် အတိတ်မေ့ချင်ဟန် ဆောင်လိုက်ရတာဖြစ်သည်။

ရွှေပုံ ဖြစ်စေချင်သလို နေဟာ မာန်စွယ်ကျိုးကာ ရွှေပုံနိုင်းသမျှ ဖြစ်စေ ဖြစ်ခဲ့ပေမယ့် သူဟာ တစ်မိသားစုလုံးကို သာမက ရွှေပုံ့ဘော်ဒါတွေရှေ့မှာ ရွှေပုံရဲ့ရည်းစားပါဆိုပြီး တရားဝင်ကြေညာလိုက်တဲ့အတွက် အတိတ်မေ့နေပါတယ်ဆိုတဲ့ ရွှေပုံဟာ မဟုတ်ဘူးငြင်းလို့ မရတော့ဘဲ ကိုယ်ရင်ခုန်ရပါသော အီစီ



www.burmeseclassic.com

www.burmeseclassic.com



ကလီဇယားတွဲလေး ကောင်းခန့်နိုင်ကို လက်လွှတ်တော့မလိုလို ဖြစ်နေပါသည်။

ဘာပဲဖြစ်ဖြစ် နေဆိုတဲ့ ဘဝင်ရူး ကင်းစုတ်ကင်းပြတ် မိန်းကလေးတိုင်းကို ဘာညာသာရကာ အထာလေးတွေလို့ ထင်နေတဲ့ အဲဒီအကောင်ကို ရွှေပုံက အပြတ်နှိပ်ကွပ်နေတဲ့အတွက် ရင်ခုန်စရာဇယားကလေးကို အလွှတ်ခံထားရပါသည်။ ရွှေပုံရဲ့ အဲဒီ Top Secret (လျှို့ဝှက်ချက်)ကို ဘယ်သူ့မှ အသိမခံဘဲ တစ်ကိုယ်တော်လေဒီအဖြစ် လှုပ်ရှားကာ အားလုံးကို မသိဘူးလုပ်လိုက်တော့ နေဟာ ရေလည်ခံစားသွားရပြီး ရွှေပုံ့လက်တွင်း သက်ဆင်းလာတာကတော့ သူ့ကုသိုလ်ပဲ ဖြစ်ပါသည်။

"ဟော ... ကားသံကြားတယ်။ နေ လာပြီနဲ့တူတယ်"

မေမေက ပြောတော့ ရွှေပုံသည် အိမ်ပေါက်ဝကို လှမ်းမျှော်ကြည့်လိုက်လျှင် အိမ်ထဲဝင်လာတဲ့ ကိုယ်တော်ချောကို မြင်တွေ့ရတာ ရင်အေးစရာပင်ဖြစ်သည်။ သူ့ရဲ့မတိုမရှည်ဆံပင် ပျော့ပျော့ ဖွာလန်လန်လေးကို ဒီနေ့တော့ Gel တွေ ဘာတွေ မထောင်ထားဘဲ ဆံပင်ကို ထိပ်ကနေ ကြက်တောင်စည်းစုစည်းထားကာ ထယ်ဂျွမ်းဒီဇိုင်း လုပ်ထားတာဖြစ်သည်။ ပြီးတော့ အဖြူဆွတ်ဆွတ် Nike တံဆိပ် v ရှိတ် ဖစ်တင်တီရှပ်ကို ဂျင်း





ဘောင်းဘီအနက်ရွှဲရွှဲဖြင့် Black & White စတိုင်လ် ရှိုးရှိုးရှင်းရှင်း ဝတ်ထားကာ လက်ကဒိုင်ခွက်ကြီးကြီး Rolex နာရီကြီးကို ပတ်ထားတာကြောင့် ကိုမိုက်ကြီး ဖြစ်နေတာကတော့ အမှန်ပင်ဖြစ်သည်။

"ထိုင် ... မောင်နေ။ ဒီနေ့ ဘယ်သွားဖို့ အစီစဉ်ရှိလဲ"

"ဒီနေ့က ရွှေပုံ့ကို စိတ် relax ဖြစ်အောင် အပြင်လေး ဘာလေး ပို့ပေးမှာပါ အန်တီ။ Shopping လေး ဘာလေး ပတ်မလားလို့"

"အေး ... အေး ... ကောင်းပါတယ်။ သမီးတို့ သွားတော့လေ နောက်ကျနေမယ်"

"ဟုတ်ကဲ့ ခင်ဗျာ။ အဲဒါဆို သွားခွင့်ပြုပါဦး အန်တီ"

နေက အရှေ့ကနေ ထွက်လာကာ ရွှေပုံ့ကိုတော့ မေမေက အပေါက်ဝထိ လိုက်ပို့ပေးရင်းက နေမသိအောင် တိုးတိုးတိတ်တိတ် မှာလေသည်။

"မောင်နေရဲ့ ဂုဏ်သိက္ခာကို ယုံကြည်လို့ မေမေ ထည့်လိုက်တာနော် သမီး။ သမီးခေါင်းထဲမှာ မောင်ကောင်းခန့်နိုင်ဟာ လူကြီးချင်း သဘောတူထားတယ် ဆိုတာလည်း မမေ့နဲ့။ ကြားလား သမီး။ စောစောပြန်ခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



မမေရဲ့အမှာတော်ပါး စကားကို ရွှေပုံက သဘောပေါက်စွာ ခေါင်းတစ်ချက်ညိတ်ကာ သူနဲ့အတူ ထွက်လာခဲ့တော့သည်။ ရွှေပုံ ဒီနေ့မှာ သူနဲ့အတူ အပြင်ထွက်တယ်ဆိုတာ သူ့စိတ်ဓာတ်ကို စမ်းသပ်ရင်း သူ့ကို lesson ပေးမလို့ဘဲဖြစ်သည်။ ရွှေပုံ့ကို အတိတ်မေ့နေတယ်ဆိုပြီး အလျှော့ပေးလိုက်လျှောဖြည့်ဆည်းပေးနေတဲ့ကောင်ကို ရွှေပုံက ခိုင်းဖို့ပဲ စိတ်ကူးထားပါသည်။ ရွှေပုံ အတိတ်မေ့တယ် ဆိုကတည်းက ရည်ရွယ်တာကတော့ ရွှေပုံ့ကို ဟာသလုပ်တဲ့ အရူးလုပ်တဲ့ကောင်ကို အပြတ်အရေခွဲနွှာချင်လို့ပဲဖြစ်သည်။

"ကဲ ... ရွှေပုံ၊ ဘယ်သွားချင်လဲပြော"

"ဟင့်အင်း ... မသိဘူးလေ။ ဘယ်နားမှာ ဘာရှိတယ်မှန်း ကျွန်မမှ မသိတာ။ ကျွန်မစိတ်တွေ relax ဖြစ်မယ့်ဆီကို လိုက်ပို့ပေးပေါ့"

"အမ်း ... အဲဒါဆိုရင် shopping အရင်သွားမယ်။ ရွှေပုံနဲ့ကိုယ် အရင်တုန်းက shopping သွားဖူးတယ်လေ။ မှတ်မိလားဟင် ? "

သိပ်ကို မှတ်မိတာပေါ့။ နင် ငါ့ကို အသုံးချဖို့အတွက် တမင်ခွင်ဆင်ပြီး ဒီဇိုင်းပြောင်းပေးမယ်လို့ လိမ်ခေါ်ပြီး ထွက်ခဲ့တဲ့





shopping ပဲ။ ဘယ်တော့မှ မမေ့ဘူး နေ။ ရွှေပုံသည် ခေါင်းတစ်ချက်ဆတ်ပြလိုက်ကာ ...

"သွားမယ်လေ။ ဒါပေမဲ့ ကျွန်မတော့ မမှတ်မိဘူး"

သူက တည်ငြိမ်ရင့်ကျက်သော အပြုံးတစ်ခုဖြင့်ပြုံးကာ ရွှေပုံကို ငေးစိုက်ကြည့်၍ ...

"အိုခေ ... တဖြည်းဖြည်းတော့ မှတ်မိမှာပေါ့။ ကိုယ်လည်း ရွှေပုံ မှတ်မိလာအောင် ပြောပြပေးမယ်လေ။ အဲဒါဆို အဲဒီကိုပဲ သွားကြတာပေါ့ ... နော်"

အရမ်းကို ချိုသာနူးညံ့လွန်းနေသော နေဟာ ရွှေပုံ့အတွက်တော့ အရမ်းချဉ်စရာ ကောင်းပါသည်။ သူ့ရည်းစားပါလို့ သူပြောတယ် ဆိုကတည်းက အဲဒီအကောင် "နေ"ဟာ ဘာသဘောကို ရည်ရွယ်သောင်ကြဉ်းနေတယ်ဆိုတာ အသိသာချည်းပဲဖြစ်သည်။ သူ့ကို တကယ်ပဲ ရွှေပုံ စိတ်နာရပါသည်။

နှုတ်ခမ်းများကို ချိုမြစွာပြုံးတတ်ကာ အင်မတန်မှ ကရုဏာဆန်တဲ့ ဂန္ထဝင်မျက်လုံးတွေဖြင့် ရွှေပုံ့ကိုကြည့်နေတတ်တာဟာ တကယ်ပဲလား။ အင်လားဆိုတာ ဘာမှဝေခွဲလို့မရချေ။ ဒါပေမဲ့ အတိတ်မေ့ချင်ဟန်ဆောင်ခဲ့သည့်အတွက် ရရှိလာတဲ့ ကံကောင်းမှုကတော့ ကောင်းကင်ဘုံစာအုပ်တိုက်ရဲ့ စင်တင်



www.burmeseclassic.com

www.burmeseclassic.com



ကလောင်သစ် စာရေးဆရာမ ရွှေပုံတိုးဝေ ဖြစ်လာတာဖြစ်သည်။ စာအုပ်ထွက်ဖို့ confirm ဖြစ်သွားပေမယ့် ရွှေပုံ့စိတ်ထဲမှာ အပြည့်အဝ ပျော်ရွှင်ကျေနပ်မှုကတော့ မရှိပါ။ ကောင်းကင်ဘုံစာအုပ်တိုက်ရဲ့ စာရေးဆရာမ ဖြစ်သွားတာဟာ ရွှေပုံရဲ့အရည်အချင်း အစစ်ကော ဟုတ်ရဲ့လား။

ကိုယ့်ကိုယ်ကိုယ်တော့ ယုံကြည်မှုအပြည့်ရှိတာ မှန်ပေမယ့် ဦးနေကျော် စာအုပ်ထုတ်ပေးဖို့ ဆုံးဖြတ်လိုက်တာဟာ နေ့ရဲ့ pressure ကြောင့်လားဆိုပြီးတော့ စိုးရိမ်မကင်း ဖြစ်ရလေသည်။

"ဟော့ ... ရွှေပုံ၊ အောက်ဆင်းလေ ရောက်ပြီ"

သူ့စကားကြောင့် ရွှေပုံဟာ အသိစိတ်ပြန်ကပ်ကာ အတွေးပင်လယ်ထဲက်နေ ကမ်းဆိုက်ရတော့သည်။ ကားပေါ်ကနေ အောက်ဆင်းကာ ရန်ကင်းစင်တာထဲ ဝင်ခါနီးမှာ ရွှေပုံဟာ ဖျတ်ခနဲ အကြံတစ်ခုရကာ သူ့ရဲ့လက်ကို ဆတ်ခနဲ ကောက်ချိတ်လိုက်လျှင်တော့ သူဟာ အံ့အားသင့်မျက်ဝန်းတွေဖြင့် သူ့ကိုယ်သူတောင် မယုံနိုင်ဟန်ဖြင့် ...

"ရွှေပုံက ကိုယ့်ကိုလက်တွဲတယ် ... ဟုတ်လား။ အဲဒါဆို ရွှေပုံ့ချစ်သူအဖြစ် လက်ခံတယ်ပေါ့နော် ! "





ဟွန်း ... ဒီလောက်တော့ ရွှေပုံ အ,ပါ့မလားကွယ်။ ရွှေပုံသည် နှာခေါင်းထဲက လေထွက်ရုံသာ ဟင်းခနဲ ရယ်လိုက်ကာ ...

"ကျွန်မက ဘာမှမှ မမှတ်မိတာ။ တော်ကြာ စင်တာထဲမှာ ရှင်နဲ့ လူချင်းကွဲသွားရင် ဘယ်လိုလုပ်မလဲ။ အဲဒါကြောင့် လက်ချိတ်ထားတာပါ"

ရွှေပုံရဲ့ဆီလျော်လှသော အဖြေစကားကြောင့် သူဟာ ကျေနပ်သွားဟန် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်ပါပြီ။ ချိတ်ထားပါ။ ဒါပေမဲ့ ရွှေပုံ့စိတ်ထဲမှာ တစ်ခုမှတ်ထားဖို့က ကိုယ်ဟာ ရွှေပုံ မနှင်ထုတ်မချင်း ရွှေပုံ့ကို ဘယ်တော့မှ ထားခဲ့မယ့်သူ မဟုတ်ပါဘူး ...

အဲဒါ ကိုယ် ရေရေရာရာ သေသေချာချာ အာမခံနိုင်ပါတယ် ရွှေပုံ"

သူ့ရဲ့အဲဒီစကားကို ရွှေပုံ နားထောင်ပြီးသောအခါ ရင်ထဲမှာ တစ်မျိုးကြီးတော့ ဖြစ်လို့သွားပါသည်။ နေဟာ ရွှေပုံ့ကို တကယ်ပဲ စိတ်ရင်းအမှန်နဲ့ စေတနာထားနေတာလား။

ဖြစ်ကော ဖြစ်နိုင်ရဲ့လား။ လူတစ်ယောက်ဟာ တန်ဖိုးမထားပါဘူးလို့ သဘောထားပြီး အပေါ်စားလို ဟာသလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့အရာကို ချက်ချင်းကြီး အမြတ်တနိုး ပြန်တန်ဖိုးထားတတ်ပါသလား။ အချစ်ဆိုတာကို ဖောင်းပေးစဉ်းစားတာ မဟုတ်ဘဲ သူဟာ အင်မတန်မှ ကြင်နာသနားတတ်တဲ့ ကရုဏာရှင်ကောင်လေး ဖြစ်နိုင်လား။

အား ... မသိတော့ပါဘူး။ လောလောဆယ်မှာ နေနဲ့ ရွှေပုံဟာ ရှော့ပင်းပတ်ဖြစ်ခဲ့ပါသည်။ သူကတော့ ဘေးကနေ ရွှေပုံ့ကို မမောနိုင်မပန်းနိုင်ဖြင့် တစ်ခါက သူ ဒီဇိုင်းပြောင်းပေးခဲ့တဲ့အကြောင်းကို ရွှေပုံ မှတ်မိအောင် ပြောပြနေရှာပါသည်။

တစ်ခါ တစ်ခါမှာ မိန်းကလေးအားလုံးက ဖူးဖူးမှုတ်သည်းသည်းလှုပ်ကြတဲ့ ယောကျ်ားတစ်ယောက်ကို အရှုံးလုပ်ရတာဟာ အရမ်းအရသာရှိပါသည်။

❣ ✦ ❣





၁၇

နေသည် သူ့ဘေးနားမှာထိုင်ကာ သူ့ကိုတောင် ဂရုမစိုက်ဘဲ ထမင်းပေါင်းကိုသာ အားပါးတရ ငုံ့စားနေသော ကောင်မလေးကိုကြည့်ကာ သူဟာ ထမင်းမစားဘဲနဲ့ကို ကြည်နူးမှုကြောင့် ဗိုက်က အလိုလိုပြည့်နေလေသည်။ အတန်ငယ်ကြာမှ ရွှေပုံက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ ...

"မစားဘူးလား ... စားလေ"

"အင်း ... စားပါတယ် ရွှေပုံရဲ့။ ရွှေပုံ ဘာမှာဦးမလဲဟင်"

"ဟင့်အင်း ... တော်ပါပြီ။ ဒါပြီးရင် ဘယ်သွားဦးမလဲဟင်"

နေသည် အဲဒီအမေးစကားကြောင့် သူမကို ကြင်နာစွာ ငေးစိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပြီးရင် တစ်နေရာကို ကိုယ်လိုက်ပို့ပေးမယ် ရွှေပုံ။ ရွှေပုံရဲ့အတိတ်အတွက် အမှတ်မိနိုင်ဆုံးဖြစ်မယ့် နေရာလေးကို ကိုယ်လိုက်ပို့ပေးမယ် ...

ရွှေပုံ မှတ်မိသွားရင် ကိုယ် ကျေနပ်တယ်။ အဲဒီ အချိန်ကျရင် ကိုယ့်ကို ရွှေပုံက ..."

နေက စကားစဖြတ်လိုက်ကာ ရွှေပုံ့ကို တစ်ချက် ထပ်ငေးကြည့်ပြန်လျှင် ရွှေပုံက သူ့ကို ပြူးကြောင်ကြောင်ကြည့်ကာ အေးစက်စက်လေသံကိုမှ သိချင်စိတ်ဖြင့် မေးလေသည်။

"ပြောလေ ... ဘာဖြစ်မှာလဲဟင်"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး။ ကိုယ် ပြောပြီးသားပဲ၊ ကိုယ်က ရွှေပုံ မနှင်ထုတ်မချင်း ဘယ်တော့မှ ရွှေပုံ့ကို ထားခဲ့မယ့်သူ မဟုတ်ပါဘူးကွာ ...

ကဲ ... စားဦး၊ ပြီးရင် သွားမယ်နော်"

ရွှေပုံက ခေါင်းတစ်ချက်ညိတ်ကာ ထမင်းပေါင်းကို ဆက်စားလေသည်။ အားလုံးရှင်းပြီးသာအခါတွင်တော့ နေသည် သူမကို ခေါ်သွားဖြစ်တဲ့နေရာကတော့ ကျောင်းနောက်ဘက်က ဘောလုံးကွင်းဆီကိုပဲဖြစ်သည်။ နေသည် ကားပေါ်ကဆင်းပြီး





နောက် သူမထိုင်နေရာဘက်ခြမ်းက ကားတံခါးကို ဖွင့်ပေးကာ မျက်စတစ်ချက်ပစ်၍ ...

"ဆင်းလေ ... ရွှေပုံ။ ဒီနေရာလေးကို မင်းမှတ်မိမလား တော့ မသိဘူး။ ဒါပေမဲ့ ဒီနေရာလေးက မင်းအတွက် အမှတ်တရ အဖြစ်ဆုံး နေရာလေး ဖြစ်မှာပါ။ လာလေ"

သူ့စကားကြောင့် ရွှေပုံက ယောင်နနဖြင့် သူခေါ် ရာနောက်သို့ လိုက်လာလေသည်။ ကားရပ်ထားသောနေရာနှင့် အတန်ငယ်လှမ်းသော အုန်းပင်စုတန်းနေရာသို့ ရောက်သောအခါ သူဟာ အဲဒီအနားကို ဆက်မသွားတော့ဘဲ မလှမ်းမကမ်းမှာရှိတဲ့ ခုံတန်းလေးမှာ ရွှေပုံ့ကို ထိုင်စေပါသည်။ ပြီးတော့မှ ဘေးကပ် ရပ်မှာရှိတဲ့ နောက်ထပ်ခုံတန်းမှာ သူကဝင်ထိုင်ပြီးမှ အုန်းပင်စု တန်းတွေကို မျက်နှာမူကာ ...

"အဲဒီအုန်းပင်တွေကို ရွှေပုံ မှတ်မိလား။ သေချာလေး စဉ်းစားကြည့်ပါဦး"

သူ ညွှန်ပြသော အုန်းပင်တန်းတွေကို တမျှော်တခေါ် ငေးကြည့်နေသော ရွှေပုံဟာ အုန်းပင်ကိုကြည့်နေရာမှ သူ့ဘက်သို့ အကြည့်လွှဲကာ သူ့ကို ထုံပေပေမျက်ဝန်းတွေဖြင့် ငေးကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ကျွန်မ ဒီနေရာကို ဒါ ပထမဆုံး ရောက်ဖူးတာ ထင်တယ်။ အားလုံးက ကျွန်မနဲ့ စိမ်းနေတယ်"

ရွှေပုံ့ အဖြေစကားကြောင့် သူ့ရင်ထဲမှာတော့ နွမ်းလျမောဟိုက်လို့ သွားပေသည်။ ရွှေပုံ့ကို အခုချိန်မှာ သူဟာ အရာအားလုံးကို ပြန်မှတ်မိပြီး အရင်တုန်းကလို ပျော်ရွှင်တက်ကြွမှုတွေ ရှိစေချင်လှသည်။ ရွှေပုံ သတိရမှတ်မိလာအောင် သူကြိုးစားရမည်။

သူမ ပြန်သတိရလာတဲ့အခါ သူ့ကို ပါးရိုက်လည်း ပါးထိုးပေးမှာ ဖြစ်သလို ဓားနဲ့ထိုးသတ်မယ် ဆိုရင်တောင် ဓားအဆင်သင့်ထုတ်ပေးလိုက်မှာဖြစ်သည်။

အခါများစွာက ခပ်ပေါ့ပေါ့ နေတတ်ခဲ့တဲ့ သူဟာ ဒီတစ်ခါမှာတော့ တကယ်ပဲ ခံစားတတ်မိသွားတာဖြစ်သည်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ...။

"နေ ... ဒီနေရာက ကျွန်မမှတ်မိနိုင်မယ့်နေရာဆို၊ ဒီနေရာမှာ ကျွန်မအတွက် အမှတ်တရတွေ ရှိနေခဲ့လို့လားဟင်"

သူက ဆွေးနေ တွေးနေတုန်း သူ့ကို ပီဘိကလေး သဖွယ် မသိလို့မေးနေတဲ့ ရွှေပုံ့ရဲ့အမေးကို သူက ဘာပြန်ဖြေရ





မှန်းတောင် မသိတော့ချေ။ ဒီနေရာဟာ ရွှေပုံ့ရဲ့ဒေါသတွေ အဆုံးစွန်ပေါက်ကွဲခဲ့တဲ့နေရာ။ အတိတ်တွေဟာ အုန်းသီးတစ်လုံးကြောင့် တိမ်မြုပ်ပျောက်ကွယ်သွားတဲ့နေရာ။ စသဖြင့် ခါးသီးစရာဖြစ်တဲ့ အမှတ်တရတို့ရှိရာ နေရာပဲ ဖြစ်လို့နေပါသည်။ နေသည် ဘာစကားမှ မဆိုရသေးခင်မှာ ရွှေပုံ့ကို နှစ်သိမ့်ချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာလေသည်။ ဒါပေမဲ့ သူဟာ ဘာအခွင့်အရေးမှ ယူချင်တဲ့ကောင် မဟုတ်ပါ။

အခုချိန်မှာ ရွှေပုံ့ ပခုံးလေးကို ဖွဖွဖက်ထားကာ သူ့ရင်ထဲမှာ ဖြစ်နေတဲ့ စိတ်ပူပန်မှုတွေ၊ ခံစားရတာတွေကို ပြောပြချင်ပေမယ့် တကယ့်လက်တွေ့မှာတော့ ရွှေပုံ့ရဲ့ပခုံးလေးကို လက်ချောင်းလေးနှစ်ချောင်းဖြင့်ပဲ ခပ်ဖွဖွ ပုတ်ပေးမိပါသည်။ သူ့အပြုအမူကြောင့် ရွှေပုံဟာ ဘာလဲဆိုပြီး စွေကြည့်လာသောအခါမှာတော့ နေသည် အသာပြုံးလိုက်ရင်းကမှ ...

"ရွှေပုံ ဒီနေရာလေးကို မှတ်မိလာတဲ့တစ်နေ့ ကိုယ့်ကို မုန်းသွားမှာပါ။ ဒီနေရာလေးမှာ ကိုယ့်ကြောင့် ရွှေပုံခံစားခဲ့ရဖူးတယ်"

သူ့စကားကြောင့် ရွှေပုံဟာ မျက်မှောင်တစ်ချက်ကြုတ်ကာ အကဲခတ်သလိုကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နေက ကျွန်မရဲ့ရည်းစားမှလား။ ရည်းစားကောင်လေးက ဘာလို့ ရည်းစားကောင်မလေးကို ခံစားစေရတာလဲ ?။ ကျွန်မ ဒီနေရာ ခံစားခဲ့ရဖူးတယ်ဆိုတာ ဘာအကြောင်းရှိလို့လဲဟင်"

နေသည် ထိုင်နေရာမှ ထရပ်ကာ ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်လျှိုထည့်ကာ ဟိုလျှောက် ဒီလျှောက်ဖြင့် တစ်ခုခုကို တွေးမိသွားကာ ရွှေပုံ နားလည်အောင် ပြောပြလိုက်သည်။

"ပုံပြင်လေးတစ်ပုဒ် ပြောပြမယ် ရွှေပုံ ...

တစ်ခါတုန်းက ဉာဏ်အရမ်းကောင်းတဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ ပြီးတော့ ဉာဏ်အရမ်းတုံးတဲ့ကောင်မလေးတစ်ယောက်ရှိတယ်။ ဉာဏ်အရမ်းကောင်းတဲ့ ကောင်လေးက ရုပ်ချောတယ်၊ စာတော်တယ်၊ ပိုက်ဆံလည်းချမ်းသာတယ်၊ ဘာမှပြောစရာမလိုအောင် ပြည့်စုံတယ်။ ဒါပေမဲ့ ကောင်မလေးကကျတော့ အဲလိုမဟုတ်ဘူး။ ရုပ်ကလည်း အချောကြီးမဟုတ်ဘူး။ စာကလည်းမတော်၊ ဘာလုပ်လုပ် အမြဲတမ်း လွဲနေတဲ့သူပေါ့ ...

သူတို့နှစ်ယောက်ဟာ လုံးဝသပ်သပ်စီပဲနော်။ ကျောင်းတစ်ကျောင်းတည်းမှာ ရှိနေကြပေမယ့် လုံးဝသိကြတာမဟုတ်ဘူး ...





ဒါပေမဲ့ ... တစ်နေ့မှာတော့ ကောင်လေးနဲ့ ကောင်မလေး ကော်ရစ်တာတစ်ခုမှာ မျက်နှာချင်းဆိုင် တွေ့ကြတယ်။ တွေ့တယ်ဆိုရုံလေးပဲနော်။ ပြီးတော့ သူ့လမ်းသူသွားတာပဲ။ အဲဒီမှာ ကောင်မလေးရဲ့ပိုက်ဆံအိတ်က ကျကျန်နေခဲ့ရောတဲ့။ ကောင်လေးက ကောင်မလေးကို ပြန်လိုက်ပေးရာကတစ်ဆင့် သူတို့သိကျွမ်းခင်မင်ပြီး တစ်ပတ်လောက် အကြာမှာပဲ ရည်းစားတွေ ဖြစ်သွားကြတယ်"

"ဟယ် ... ဘယ်လိုကြီးလဲ"

ရွှေပုံက အဲဒီလိုမျိုးမှတ်ချက်ပြုလေလျှင် သူဟာ အသာပြုံးက ခေါင်းတစ်ချက်ပြ၍ ဆက်ပြောပါသည်။

"ဘာလို့ ဒီလောက်မြန်မြန် ရည်းစားဖြစ်သွားတာလဲဆိုတော့ ကောင်လေးက ဒီလိုမျိုးတွေးတယ်။ ကောင်မလေးသာ သူ့ရည်းစားဖြစ်မယ်ဆို အားလုံးက ကောင်မလေးကို ကံကောင်းလိုက်တာဟယ်လို့ တွေးကြမယ်။ ကောင်မလေးကို အားကျနိုင်တယ်။ ပြီးတော့ အဲဒီလို ကောင်မလေးနဲ့ တွဲတဲ့အတွက် သူဟာ လူကြားထဲမှာ ပိုပြီးပြောစမှတ်ပြုမယ်ပေါ့။ ဉာဏ်တုံးတာကိုမှ ရွေးရတယ်ဆိုပြီး Popular ဖြစ်မယ်ဆိုတဲ့အတွေးနဲ့ ကောင်မလေးကို ချစ်ခွင့်ပန်တာ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကကျတော့ ဒီလိုတွေးတာ။ သူ့လို ဉာဏ်တုံးတဲ့သူကို ချစ်ခွင့်ပန်တာဟာ တကယ်ချစ်လို့ပဲလေ။ ငါဟာ အရမ်းကံကောင်းတယ်ဆိုပြီး ကောင်လေးအချစ်ကို လက်ခံလိုက်တာ ...

အဲဒီလိုနဲ့ ရည်းစားဖြစ်ရင်းက ကောင်မလေးဟာ ကောင်လေး ဘာကြောင့် သူ့ကိုချစ်ခွင့်ပန်တယ်ဆိုတဲ့ ကောင်လေးရဲ့နောက်ဆုံးအတွေးကို သိသွားတယ်။ အဲဒီတော့ ကောင်မလေးက အကြီးအကျယ် ခံစားသွားရတာပေါ့။ ဒါကို ကောင်လေးကသိတော့ ရှင်းပြတယ်။ ဒါပေမဲ့ ကောင်မလေးက လက်မခံဘူး။ ကောင်မလေးဘက်က ကြည့်တော့လည်း မှန်ပါတယ် ...

သူ့ကို popular ဖြစ်အောင် တမင်တကာ ငတုံးကိုမှ ရွေးတွဲတယ်ဆိုပြီး ထင်သွားတော့ ကောင်မလေး ခံစားရတာပေါ့။

ဒါပေမဲ့ ကောင်လေးက အရင်ဆုံးတွေးတာ ကောင်မလေးကို ကံကောင်းစေချင်တဲ့ စေတနာကြောင့် တွဲတယ်ဆိုတာကို ကောင်မလေးက မသိတော့ ကောင်လေးကို မုန်းတယ်။ အမှန်တကယ်တော့ ကောင်လေးက ကျောင်း





မှာ တော်တယ်ဆိုပြီး အောင်မြင်နေတဲ့သူလေ။ အောင်မြင်နေတဲ့သူဟာ ကျော်ကြားမှုလည်း လိုချင်တာပေါ့။ အဲဒီအတွေးစိတ်ကြောင့် ကောင်လေးက popular ဖြစ်အောင်ဆိုတဲ့ အတွေးမျိုး ထည့်တွေးမိသွားတာ။ တကယ်တော့ ကောင်လေး ရည်ရွယ်တာ ကောင်မလေးဟာ သူနဲ့တွဲရင် လူတိုင်းက အားကျမယ်လေဆိုတဲ့ စေတနာနဲ့ပါ။ ပုံပြင်ကတော့ အဲဒါပဲ ရွှေပုံ ...

ကောင်လေးနဲ့ ကောင်မလေး ဘယ်သူ့ကို မှန်တယ်ပြောမလဲ ? ”

နေက မေးဆတ်ကာ မေးလိုက်လျှင်တော့ ရွှေပုံက မျက်မှောင်လေးကြုတ်ကာ စဉ်းစားနေပြီးမှ ...

“ကောင်လေး မှန်တယ်လို့ ယေဘုယျပြောနိုင်တယ် ထင်တယ်။ ဒါပေမဲ့ ကောင်လေး မှန်တာထက် ကောင်မလေးက ပိုမှန်လိမ့်မယ်။ ဘာလို့လဲဆိုတော့ ကောင်လေးရဲ့ စေတနာထက် အတွေးကြောင့် ကောင်မလေးဘက်မှာ အလွဲကြွဲ ခံစားခဲ့ရတာပဲ။ ကောင်မလေးက ကောင်လေးကို ငါ့လိုဉာဏ်တုံးတဲ့သူကိုမှ ချစ်ခွင့်ပန်တယ်ဆိုပြီး အထင်ကြီးတဲ့စိတ်ပါ,ပါပြီး ချစ်ခဲ့တာလေ ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးအပေါ်ကို အထင်ကြီးတဲ့စိတ်ပါထားပြီး ချစ်ခဲ့လို့ ကောင်မလေးက အရှုံးခံစားသွားရတာ။ သူက ပိုမှန်တယ်"

ရွှေပုံရဲ့အဖြေစကားကို ကြားလိုက်ရသောအခါ သူဟာ နှလုံးသားတစ်ခုလုံး နွမ်းဖတ်နုံးချိကာ မောဟိုက်သွားတော့သည်။ သူပြောတဲ့ ပုံပြင်လေးထဲက ကောင်လေးဆိုတာ သူ့ကို ရည်ရွယ်တာဖြစ်ပြီး၊ ကောင်မလေးဆိုတာကတော့ ရွှေပုံ့ကိုရည်ရွယ်တာဖြစ်သည်။ ရွှေပုံရဲ့မျှော်လင့်ချက်တွေကို ဟားတိုက်ခဲ့မိတဲ့ သူ့အတွက် ရွှေပုံ့ စိတ်ဟာ ဘယ်လိုသဘောထားမလဲဆိုတာ သိချင်တာကြောင့် သူဟာ ပုံပမာဆင်၍ ပြောလိုက်တာဖြစ်သည်။

အခု ရွှေပုံဖြေတဲ့ အဖြေအတိုင်းဆို သူဟာ ရွှေပုံ့ကို အရှုံးရက်စက်မိသွားတာပဲဖြစ်သည်။ ခွင့်လွှတ်ပါတော့ ရွှေပုံရယ်။

"ရွှေပုံ အဲဒီပုံပြင်လေးထဲက ကောင်လေးက ပါးစပ်ကသာ popular ဖြစ်ချင်တယ်လို့ ပြောပေမယ့် သူ့စိတ်ရင်းအမှန်က ကောင်မလေးကို လူတွေအားကျစေချင်တဲ့ စေတနာအစစ်နဲ့ ချစ်ခဲ့တာပါ။ ကောင်မလေးမှန်သလို ကောင်လေးကိုလည်း မှန်တယ်လို့ တွေးပေးစေချင်ပေမယ့် ကောင်မလေးက ကောင်လေးကို မုန်းသွားလောက်ပြီ။ ကောင်လေးက တကယ်ချစ်နေတာကို ကောင်မလေး မသိလောက်တော့ပါဘူး"





သူက တကယ်ကြီး ခံစားပြောနေတာကို ရွှေပုံက နားမလည်သလို ထုံပေပေ မျက်ဝန်းတွေနှင့်သာ ငေးကြည့်၍ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပြကာ ...

"အား ... ခေါင်းတွေ မူးလာပြီ။ ဘာတွေလဲ မသိဘူး။ ကျွန်မ အိမ်ပြန်ချင်ပြီ နေ။ ဒီမှာနေရတာ စိတ်တွေအရမ်း ရှုပ်ထွေးလာတယ်"

နေသည် ရွှေပုံ့ကို အရမ်းစိုးရိမ်သွားတာကြောင့် လက်မောင်းကို ဖေးကိုင်ထားကာ ကားဆီသို့ ဖြည်းဖြည်းချင်းခေါ်လာကာ ...

"ရွှေပုံ စိတ်ရှုပ်စရာတွေ ခေါင်းထဲထည့်မထားနဲ့နော်။ ကိုယ်က အလကား လျှောက်ပြောမိသွားတာ။ စိတ်ထဲမှာ ဘာမှမထားနဲ့နော် ...

ကိုယ် အိမ်ပြန်လိုက်ပို့ပေးမယ်။ နေသာရဲ့လားဟင်။ ခေါင်းအရမ်းမူးရင် ကိုယ့်ကိုပြောနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ပျာယာတွေခတ်ကာ စိတ်ပူနေတာကို ရွှေပုံက စိတ်ကျဉ်းကျပ်လာဟန်ဖြင့် သူ့လက်တွေကို အသာရုန်းဖယ်ကာ ခေါင်းညိတ်၍ ...

"အင်းပါ ... ကျွန်မကို အိမ်သာပြန်ပို့ပေးပါ။ အနားယူလိုက်ရင် သက်သာသွားမှာပါ"

နေသည် စိုးရိမ်မှုများစွာဖြင့်ပင် ရွှေပုံ့မျက်နှာတကြည့်ကြည့်ဖြင့် ကားကို အာရုံစိုက် မမောင်းနိုင်မှာစိုး၍ ကိုယ့်စိတ်ကိုယ် ဖြေလျှော့ကာ ရွှေပုံ့ကို အိမ်အရောက်ပြန်ပို့ပေးခဲ့ပါသည်။

ဩော် ... ရွှေပုံတိုးဝေ ... မင်းကို ဘာညာသာရကာ လေးပါလို့ လျှော့တွက်လိုက်မိတာ ကိုယ့်နှလုံးသားတစ်ခုလုံး ဖရိုဖရဲ ဖြစ်သွားတဲ့အထိကို မှားသွားပြီကွာ။

❣ ✦ ❣





## ၁၈

ရွှေပုံသည် အမှျင်မဖြတ်နိုင်ဘဲ ကျန်ရစ်ကာ သိမ်းရစက်နေသည့် ဓာတ်အတွက် တော်တော်လေးကို ရင်လေးနေမိသည်။ အခုချိန်မှာ နေ့ရဲ့စိတ်သဘောက ဘာဆိုတာကိုလဲ ရွှေပုံ သေချာသိချေပြီ။ ရွှေပုံ စာအုပ်တွေကို ထုတ်ဝေဖို့အတွက် သူကိုယ်တိုင် အားကြိုးမာန်တက် ဆောင်ရွက်ကာ ရွှေပုံလုပ်ရမယ့် proof စစ်တာ ဘာညာကအစ သူကပဲ ရွှေပုံ့ကိုယ်စား ဆောင်ရွက်လေသည်။ ကြာလာတော့ လူက အားလုံးရဲ့ဂရုစိုက်တာကို ခံနေရတာများတဲ့အခါမှာ စိတ်တွေက မွန်းကျပ်လာရသည်။

ဖေဖေ၊ မေမေ၊ ရွှေပုံ့သူငယ်ချင်းတွေ ပြီးတော့ နေစသဖြင့် အားလုံးကို လုံးဝမမှတ်မိဟန်ဆောင်ရတာဟာ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလှပါသည်။ ဘာကြောင့်များ ကိုယ့်ကိုယ်ကိုယ် အတိတ်မေ့ဟန်ဆောင်တဲ့လုပ်ဇာတ်ကြီး ခင်းမိမှန်းလည်း မသိတော့။ မပြောတတ်တော့ပါ။

ရွှေပုံရဲ့ အကယ်ဒမီရှော့ခ်တွေဟာ ပီပြင်လွန်းတာမို့ ကိုယ့်ဟာကိုယ်တောင် ဘယ်လိုဇာတ်သိမ်းရတော့မှန်းလဲ မသိတော့ပါ။

အစကတော့ ဒီလောက်ဆို ဘာညာသာရကာပါ။ အသာလေးမျှောလိုက်လို့ ရတယ်ဆိုပြီး လိမ့်ခဲ့တာ ဖြစ်ပေမယ့် အခုချိန်မှာ ဒါတွေဟာ အမှန်မဟုတ်ပါဘူး၊ ရွှေပုံဟာ အတိတ်မေ့ချင်ဟန်ဆောင်တာပါဆိုပြီး ဝန်ခံလိုက်လို့ကတော့ ကျန်တာတွေနောက်ထားဦး။ ဖေဖေနဲ့ မေမေက ဒီလောက်အကြာကြီး လိမ်ရကောင်းလားဆိုပြီး ရွှေပုံ့ကို ကျောပြင်ဖျောတင်တော့မှာဖြစ်သည်။ ပြီးတော့ နေ့ရဲ့စေတနာတွေကို ရွှေပုံ စော်ကားမိသွားမယ်။

အဲဒီတော့ ဘာလုပ်ရမလဲ။ ရွှေပုံသည် ခေါင်းတွေမီးတောက်လောက်အောင်ကို ပူပြင်းနေရတာဖြစ်သည်။ ရွှေပုံလည်း အစက နိုင်မယ်ထင်လို့ ဆတ်ဆော့မိပြီး ငါ့အတွက် ကုန်ကြမ်းဟဲ့ဆိုပြီး စိတ်ကူးယဉ်ကာ သရုပ်ဆောင်မိသော လုပ်ဇာတ်ကြီးကို ဘယ်သူမှမသိအောင် ဘယ်လိုဇာတ်သိမ်းရမလဲ။





အဲဒီစိတ်ကြီးက ရွှေပုံရဲ့ပျော်ရွှင်မှုတွေကို သိမ်းပိုက်လေသောအခါ တစ်ယောက်တည်း ကျိတ်ဆွေးကာ ရင်ပူနေရပေသည်။

ဒီလိုအတိတ်မေ့ချင်ဟန်ဆောင်ရင်းက နေ့ကို ကောင်းကောင်းကြီး ပညာပေးရာကတစ်ဆင့် သနားပြီး အခုလိုမှားပါပြီလို့တွေးမိတဲ့ အတွေးမျိုး တစ်ခါမှ မဝင်ခဲ့ချေ။

“သမီးရေ ... ရွှေပုံ ဖုန်းလာတယ်။ နေ့ဆီက ... ဖုန်းကိုင်လိုက်ဦး”

မေမေက တံခါးကို အသာခေါက်ကာ လှမ်းအော်ပြောလျှင် ရွှေပုံက “ဟုတ်ကဲ့ မေမေ”ဟု အော်ပြောလိုက်ကာ ဘေးကဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

“ဟယ်လို”

“ရွှေပုံ ... ဟန်းဖုန်းက ဘယ်လိုမှ ခေါ်လို့မရဘူး။ လူကြီးမင်းနဲ့ပဲ တိုးနေတယ်”

“ဟုတ်လား ... အင်း ... တိုင်မမိလို့ နေမှာပေါ့။ ဘာကိစ္စရှိလို့လဲ နေ့”

“ဩော် ... ပြောမှာပေါ့။ ကိုယ် ဟိုတစ်ခါ ပြောပြတာ မှတ်မိလား မသိဘူး ရွှေပုံ။ ရွှေပုံက စာရေးတာ အရှင်



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတယ်။ စာရေးဆရာမ ဖြစ်ချင်တယ်လို့ ကိုယ် ပြောဖူးတယ်လေ မှတ်မိလား”

ရွှေပုံက စာရေးဆရာမဆိုတဲ့ စကားကြောင့် ရင်က တဒိန်းဒိန်း ခုန်လာရပြီဖြစ်သည်။ ဘုရား ... ဘုရား သူ ဘာများ ပြောမလို့လဲ။ အဲဒီလို မသိဘူး မမှတ်မိဘူးဆိုပြီး ဘူးတစ်လုံး ဆောင်ထားရတဲ့ဘဝကိုလည်း အရမ်းစိတ်ညစ်နေရပြီဖြစ်သည်။ ပြီးတော့ ရွှေပုံရဲ့မျှော်လင့်ချက်တွေ အိပ်မက်တွေကို သူက လော လောဆယ်မှာ အသက်သွင်းပေးနေသူဖြစ်သည်။ ဒီလိုအသက်သွင်း ပေးမှုဟာ ရွှေပုံ အတိတ်မေ့သွားတဲ့အတွက် လျော်ကြေးသဘော မျိုးဖြစ်သည်။ အဲဒီဖီလင်ကြီးက အရမ်းခံစားရပါသည်။

“ဟယ်လို ... ရွှေပုံ ... ရွှေပုံရေ ... ကြားလားဟင်”

ရွှေပုံဘက်က အသံတိတ်သွားတာကြောင့် သူက ဖုန်းလိုင်းပြတ်သွားပြီ ထင်တာကြောင့် အသည်းအသန် ဟယ်လို လုပ်နေလျှင် ရွှေပုံက အတွေးစတို့ ပြတ်တောက်သွားကာ အသံ ပြန်ပြုရသည်။

“ဟယ်လို ... နေ ... ပြောပါ”

“သြော် ... အင်း ... ရွှေပုံ ... ကိုယ်ခုနပြောတာလေလေ မှတ်မိလားလို့”





“ဟုတ်ကဲ့ ... မှတ်မိပါတယ်”

“အဟား ... ဟုတ်ပြီ။ ရွှေပုံ့ရဲ့ဆန္ဒတွေ ပြည့်ဝတော့မယ်။ ဒီနေ့ညနေကျရင် ကိုယ် ရွှေပုံ့အိမ်လာပြီး ရွှေပုံ့ကိုလာခေါ် မယ်။ စာရေးဆရာမ ရွှေပုံတိုးဝေရဲ့ အထုတ်ဝေချင်ဆုံး စာအုပ်တိုက်ဖြစ်တဲ့ ကောင်းကင်ဘုံတိုက်ရဲ့ publisher တွေနဲ့ ပေးတွေ့မယ်။ ကိုယ်တို့အိမ်မှာ ညစာစားဖို့ စီစဉ် ထားတယ်”

မြတ်စွာဘုရား။ ရွှေပုံသည် အခုလို အခြေအနေမျိုး အတွက် ဘာပြန်ပြောလို့ ပြောရမှန်းတောင် မသိတော့ချေ။ ရွှေပုံရဲ့ စာမူတွေကို တကယ်ထုတ်ဝေပေးမယ့် ရွှေပုံ အင်မတန်မှ crazy ဖြစ်လှသော စာအုပ်တိုက်ကြီးရဲ့ ထုတ်ဝေသူနဲ့ တကယ်ကြီးတွေ့ ရတော့မယ်။

ဘာလုပ်ရမလဲ။ ရွှေပုံဟာ အတိတ်မေ့ဟန်ဆောင် ထားတဲ့ဘဝကြီးနဲ့ ကိုယ့်ရဲ့ထုတ်ဝေသူကို မတွေ့ချင်ပါ။ ရှင်းလေ ရှုပ်လေ ဖြစ်တော့မယ့် ဇာတ်ရှုပ်ကြီးကို ဘယ်လိုဇာတ်သိမ်းရမလဲ ဆိုတာလည်း မပြောတတ်တော့ချေ။ ဒီအချိန်ကြီးကျမှ ကျွန်မ အတိတ်မမေ့ခဲ့ပါဘူးဆိုပြီး ရှင်းပြရင်တော့ ရွှေပုံရဲ့ကြမ္မာဟာ



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဘက်သို့ ရောက်သွားပြီဖြစ်သည်။ ဟင့်အင်း ... မဖြစ်ပါဘူး။ ရွှေပုံ ဦးနေကျော်နဲ့တွေ့ဖို့ မဖြစ်ဘူး။

"ဟို ... ဟို ... နောက်မှတွေ့ပါလားဟင်။ ဟို ... မတွေ့ချင်လို့ပြောတာ မဟုတ်ပါဘူး။ ရွှေပုံက အတိုက်မေ့နေတော့လေ လူကြီးတွေနဲ့ဆက်ဆံပြီး ပြောရဆိုရတာ အဆင်မပြေဖြစ်မှာ စိုးလို့ပါ"

"မစိုးရိမ်ပါနဲ့ ရွှေပုံရာ။ ကိုယ့်အဖေကော အမေကောကို နားလည်အောင် ရှင်းပြထားပြီးသားပါ။ သူတို့က ရွှေပုံရဲ့ အရည်အချင်းနဲ့ talent ကို သဘောကျတယ်။ အတိတ်မေ့နေတာက တဒင်္ဂပါကွာ ...

အခုဆို ဆရာဝန်ကြီးကလည်း အခြေအနေတွေက ကောင်းနေတယ်လို့ ပြောထားတာပဲ။ ဘာမှအားမငယ်ပါနဲ့ ...

ကိုယ် လာခေါ်မယ်နော်။ အဲဒါဟာ ရွှေပုံ့အတွက် ကံကောင်းပျော်ရွှင်စေဖို့ပါကွာ။ ကဲ ... စာရေးဆရာမ၊ ကိုယ် ညနေငါးနာရီဆိုတာနဲ့ right time ရောက်လာစေရမယ်။ အဆင်သင့်နော် ... တာ့တာ"





နေက သူပြောချင်ရာပြောကာ ဖွပ်ဆို ဖုန်းချသွားလေတော့သည်။ ရွှေပုံ တွေဝေသွားသည်။ ပြီးတော့ တစ်နေရာရာကို ဘာမှန်းမသိ ငေးနေမိသည်။ ဟား ... မဖြစ်ပါဘူးကွာ။ အဲဒီလောက်ထိတော့ ရွှေပုံ မညာချင်တော့ဘူး။ တဖြည်းဖြည်းနဲ့ ရှုပ်သထက် ရှုပ်လာတဲ့ စိတ်တွေကိုလည်း ဒီ့ထက်ပိုပြီး မပင်ပန်းနိုင်တော့ဘူး။

ရွှေပုံက နံရံမှာကပ်ထားတဲ့ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်လေလျှင် အချိန်က တစ်နာရီခွဲတိတိကို ညွှန်ပြလေသည်။ အား ... ဘယ်လိုလုပ်ရမလဲ။ ရွှေပုံဟာ တစ်ကိုယ်လုံးတုန်ယင်လာကာ စိတ်တွေလှုပ်ရှားလွန်း၍ ဟိုဘက်ဒီဘက်လမ်းတွေလျှောက် ခေါင်းတွေကုတ်ကာ အကြ[illegible]က်နေရပါသည်။ ဘယ်လိုလုပ်ရပါ့မလဲ။

ဆုပ်လည်းရှူး စားလည်းရူးတော့မယ့် ပဒိုင်းသီးဘဝရောက်နေရတဲ့ ရွှေပုံ့အတွက် အခုချိန်မှာ အရမ်းခက်ခဲနေပြီဖြစ်သည်။ ထုတ်ဝေသူ[illegible]လိမ်ပြီး ဖောရှောလည်း မပြော့ချင်ပါ။ ဘာလုပ်ရမလဲ။ ရွှေပုံ ဘာလုပ်ရမလဲ ? ... ? ။

"ရွှေပုံရေ ... အိုဗာတင်း သောက်လိုက်ဦး။ ခဏနေတာနဲ့ ဆေးသောက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မချိုက အိုဗာတင်းခွက်ကို ဗန်းထဲထည့်၍ ရွှေပုံ့အခန်းထဲသို့ ယူမ,လာလျှင် ရွှေပုံသည် မချိုကို ဆတ်ခနဲကြည့်ကာ ဘာမှတော့မဆိုင်ဘဲ idea တစ်ခုက လင်းခနဲ ထွက်လို့လာပေတော့သည်။ ဆတ်ခနဲပေါ်တာကို ချက်ချင်းထလုပ်မှ ဖြစ်တော့မှာမို့ ရွှေပုံဟာ နောက်ဆုံးမှသားအတွက် အိုက်တင်အပြည့်သုံးလိုက်ရတော့သည်။

“အား ... မူးတယ် ... ခေါင်းထဲက အရမ်းမူးတယ်”

❣ ✦ ❣





ရွှေပုံ မူးလဲသွားလို့ ဆေးရုံပို့လိုက်တယ်ဆိုတဲ့ သတင်းကြားလေတဲ့အခါ နေဟာ ငယ်ထိပ်သွေးတက်ဆောင့်သလို ခေါင်းပွင့်မတတ် စိတ်ပူကာ ဆေးရုံသို့ အပြေးအလွှားလိုက်လို့ လာရလေသည်။ သူ ဆေးရုံရောက်တော့ သူ့ထက်ဦးအောင် ရောက်နေသူက ဟိုဘဲကြီး ကောင်းခန့်နိုင်ပဲ ဖြစ်သည်။ ဟား ... သိပ်ရှုပ်တာပဲ။ နေက စိတ်ထဲကနေ ဘဲကြီးကို ကျိတ်ကျိန်ဆဲလိုက်ရင်း မေ့စက်အိပ်ပျော်နေသော ရွှေပုံ့မျက်နှာလေးကို တစ်ချက်ကြည့်ကာ ...

“ဦး ... အန်တီ ... ရွှေပုံ ဘာဖြစ်တာလဲ ခင်ဗျ”

“ဆရာဝန်ကတော့ ဘာမှမဖြစ်ဘူး။ စိုးရိမ်စရာမရှိဘူးလို့တော့ ပြောသွားတယ်။ သမီး နိုးလာမှပဲ အခြေအနေဆက်ကြည့်တာပေါ့”

သူ့မိဘတွေကလည်း သမီးဖေနှင့်ဆိုတော့ သူ့ကို သိပ်တောင်စကားမပြောနိုင်ပါ။ အားလုံးက ရွှေပုံကို အရမ်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူနေကြတာပဲ ဖြစ်ပါသည်။ အဲဒီအချိန် ချယ်တို့အုပ်စုရောက်လာတာကြောင့် သူ့မှာ အူတူတူတော့ မဖြစ်တော့ချေ။

"စိတ်မပူပါနဲ့ နေရယ်။ ရွှေပုံ ဘာမှမဖြစ်လောက်ပါဘူး။ ဟင်း ဟင်း ... ဘာပဲဖြစ်ဖြစ် ငါတို့သူငယ်ချင်း ရွှေပုံ တကယ်ကံကောင်းတယ်။ နင့်ရဲ့ ဘာညာသာရကာ ကတိက ရွှေပုံနဲ့တွေ့မှပဲ တည်တော့တယ်"

စန္ဒီက ရှေ့မကြည့် နောက်မကြည့် စွတ်ပြောနေလျှင် ချယ်ရီနှင့် အိပိုက ပြုံးစိစိတွေ ဖြစ်ကုန်ကြသည်။ သူလည်း နည်းနည်းတော့ ရှိန်းတိန်းတိန်း ဖြစ်သွားရသည်။ ဟုတ်တော့လည်း ဟုတ်ပါကယ်လေ။ သူဟာ ရွှေပုံတိုးဝေကို မချစ်ဘူး အလကား ဘာညာသာရကာလေးပါဆိုပြီး ကြွေးကြော်ရင်းကမှ ဘယ်အချိန်မှာ ဘယ်လိုစိတ်ပြောင်းသွားမှန်းလဲ မပြောတတ်တော့ပါ။ အချစ်စိတ်ဆိုတာကလည်း အရမ်းကို ထူးခြားဆန်းပြားတယ် ထင်ပါသည်။

ကောင်မလေးတွေနဲ့ကြည်တဲ့ သူဟာ အချစ်ဆိုတာ အုန်းခြစ်လို လွယ်လွယ်လေး ချစ်လို့ရတယ် ထင်ထားပေမယ့် နက်နဲမှုတစ်ခုကိုတော့ သူ အခုမှ သေချာခံစားမိသွားတာဖြစ်သည်။

"ဟော ... သမီး ... ရွှေပုံ ... ဘယ်လိုနေသေးလဲဟင်"





ရွှေပုံက သတိရလာတာကြောင့် သူဟာ အာရုံတွေက ရွှေပုံ့ဆီမှာပဲ ကပ်ငြိတွယ်၍ ရွှေပုံ့ကိုပဲ ငေးကြည့်နေမိခဲ့သည်။ ရွှေပုံက ဘာမှပြန်မပြောသေးဘဲ ဟိုလူ့မျက်နှာကြည့် ဒီလူ့မျက်နှာကြည့်ကာ ထုံပေပေ လုပ်နေပြီးမှ ...

"ဖေဖေ ... မေမေ ... သမီး ဘာဖြစ်သွားတာလဲဟင်၊ ဟို... ဒီဒီတို့ နင်တို့ကကော ဘယ်ကဘယ်လိုရောက်လာတာလဲ"

"ဟာ ... သမီး ... ရွှေပုံ အားလုံးမှတ်မိတယ်"

"အင်း ... မှတ်မိပါတယ်၊ သမီး ခေါင်းပေါ်ကို အုန်းသီးပြုတ်ကျပြီး သမီး မေ့လဲသွားတာမဟုတ်လား"

"ဟာ ... ဝမ်းသာလိုက်တာ သမီးရယ်"

စသဖြင့် အပျော်တွေ အပျော်ဆင့်နေကာ ရွှေပုံ အတိတ်ကို ပြန်သတိရလာတဲ့အတွက် သူက ဘေးလူဖြစ်သွားရပေပြီ။ ရွှေပုံဟာ သူမ မိဘ သူငယ်ချင်း ပြီးတော့ ကောင်းခန့်နိုင်ကို စကားပြောနေပေမယ့် သူ့ကိုတော့ လှည့်တောင်မကြည့်ပါ။ သူရှိနေမှန်းသိရက်နဲ့ သူ့ကို မေ့ထားလိုက်ပြီလား။ အဲဒီအတွေးရယ် နောက်ပြီးတော့ အတိတ်ကို ပြန်သတိရသွားတာနဲ့ အတိတ်



www.burmeseclassic.com

www.burmeseclassic.com



မေ့စဉ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ အားလုံး အမှောင်တိကျသွားတယ်ဆိုတဲ့ ကြားဖူးနားဝရှိတာရယ်ကြောင့် သူဟာ နားလည်သဘောပေါက်နေပြီဖြစ်သည်။

ရွှေပုံ သူ့ကို သတိထားမိသွားရင် သူတို့ကြားက အဖုအထစ်တွေအတွက် နာနာကြည်းကြည်း မုန်းတီးပြီး သူ့ကို အော်ဟစ်မောင်းထုတ်နိုင်ပေသည်။ သူ မောင်းထုတ်ခံရတာထက် အခုမှ သတိရနိုးထလာကာစဖြစ်တဲ့ ရွှေပုံ့ရဲ့စိတ်အကြည်တွေကို သူ့ကြောင့် နောက်ကျိမှု မရှိစေရပါ။

ရွှေပုံ့အနားမှာ ရွှေပုံ့မိဘ၊ သူငယ်ချင်း၊ ပြီးတော့ လူချင်းရင်းနှီးကာ လူကြီးချင်းကြည်ဖြူထားတဲ့ ကောင်းခန့်နိုင်တို့က အသင့်ရှိနေကြပေသည်။ အရာအားလုံးကို ကွဲကွဲပြားပြားသိလာတဲ့ ရွှေပုံတိုးဝေအတွက် သူဟာ ဘေးလူဖြစ်နေပြီဆိုတာ သဘောပေါက်တာကြောင့် ရွှေပုံရယ်၊ ရွှေပုံ့အနားမှာ ဝိုင်းဝိုင်းလည် ဂရုစိုက်နေကြတဲ့လူတွေ တစ်ယောက်မှ မရိပ်မိအောင် အသာလေး တိတ်တဆိတ် ထွက်လာခဲ့သည်။

မင်းအတွက် အိပ်မက်တွေရှိတဲ့နေရာဟာ ကိုယ်နဲ့ ပတ်သက်နေလို့ မင်းငြင်းဆန်မှာ စိုးတဲ့အတွက် တစ်နေရာမှာ





ကိုယ်ဖယ်နေပေးပါ့မယ်။ ရွှေပုံရယ် ... ကိုယ့်ဘဝမှာ ဘာညာသာရကာပါလို့ထင်ခဲ့တဲ့ မိန်းမတစ်ယောက်ကို ချစ်တယ်လို့ မပြောရသေးခင်မှာ မုန်းတယ်လို့ မကြားနိုင်တဲ့အတွက် ကိုယ်ပဲ ဝင့်ခံလိုက်ပါတယ် ရွှေပုံ။

နေသည် သက်ပြင်းတစ်ချက်ချကာ တိတိကျကျ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ သူ့မိဘတွေကို နားဝင်အောင်ရှင်းပြမည်။ ပြီးရင် ရွှေပုံ့အတွက် သူ ဘယ်တော့မှ ဆော်မရှုပ်တော့ပါ။ အဲဒီဆုံးဖြတ်ချက်တွေနဲ့အတူ သူ့ရင်ထဲမှာလည်း အရမ်းဆွေးမြည့်နေကာ ခပ်ဆွေးဆွေးသီချင်းကို ညည်းမိသွားသည်။ အကယ်၍ ဒါဟာ ရုပ်ရှင်တစ်ကား ဆိုရင်တော့ ဒီဇာတ်ဝင်ခန်းအတွက် မင်းသားက မှိုင်တွေငေးမောကာ အရမ်းခံစားနေရပြီး ဇာတ်ဝင်သီချင်းကတော့ မျိုးကြီးရဲ့ ပြန်လာချိန်လေးက ဇာတ်ရှိန်မြင့်စေမယ့် သီချင်းပဲဖြစ်ပါလိမ့်မည်။

"လမ်းခရီးများ အဆုံးထိမရောက်ခင် xxx လေထဲက အိမ်ငယ်လေးလဲပြိုပြီ xxx စတေးခဲ့သမျှ တစ်ခုမှ အဖတ်မတင် xxx မုန်းထားသမျှ အရာရာနောက်ကျကုန်ပြီ xxx ပြန်မျှော်နေမိ xxx ပြန်လာချိန်လေး xxx ယုံကြည်နေမိ xxx



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ခဲ့သမျှ xxx တောင်းပန်တယ် xxx ပြန်မျှော်နေမိ xxx

နင်နို့ဝင်ချိန်လေး xxx

ရင်ထဲလမ်းရှင်းထားတယ် xxx အကုန်လုံးကျောခိုင်းတယ် xxx xxx မင်းလေးတစ်ယောက်ကလွဲရင်”

❣✦❣





## ၁၉

ရွှေပုံရဲ့ လုပ်ဇာတ်ကြီးအတွက် ဇာတ်သိမ်းခန်းဟာ လှလှပပလေးနှင့် ဘာဟာကွက်မှမရှိအောင် သိမ်းနိုင်ခဲ့တဲ့အတွက် အားလုံးက ဝိုင်းပြီး အကယ်ဒမီပေးကြသလို ဖူးဖူးမှုတ်ဂရုစိုက်ကြတာဖြစ်သည်။ ထို့အတူ အိမ်ကိုရောက်လာကြပါသော ရွှေစည့်သည်များဖြစ်ကြသည့် ကောင်းကင်ဘုံ စာအုပ်တိုက်ရဲ့ ထုတ်ဝေသူ ဇနီးမောင်နှံက ရွှေပုံ့ကို သတင်းလာမေးရင်း စာအုပ်ထွက်ဖို့ Confirm ဖြစ်ပြီဆိုတဲ့အကြောင်း စသဖြင့် စာအုပ်ကိစ္စတွေကို ဖောင်းပေးပြောသွားပါသည်။ စာရေးဆရာမဖြစ်ခွင့်ရသွားပေ့အတွက် အရမ်းပီတိဖြစ်ပေမယ့် အခုဟာလေးမှာ လုံးပကြီးကို ပျော်ရက်ချက်သားကောင်းနေတဲ့ လူတစ်ယောက်ကို သတိတရဖြစ်နေဘာခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံ သတိပြန်ရလာကတည်းက ရွှေပုံ့အနားကထွက်သွားသော နေဟာ သူ့အပြစ်သူသိပြီး ရွှေပုံ့ဆီမလာတော့တာဖြစ်ပေမယ့် အတိတ်မေ့ဟန်ဆောင်ခဲ့စဉ်ကာလက သူ့ဂရုစိုက်မှု၊ ကူညီဖေးမမှုတွေ သူ့ကို အရမ်းပဲ သတိရမိကာ တွေ့ချင်မိပေသည်။ ဒီဒီ၊ အိပို့နဲ့ ချယ်ကတော့ အခြေအနေမှန်ကို ဘာမှမသိတာကြောင့် ရွှေပုံ့ကို လာမတွေ့တဲ့အတွက် ဒေါသူပုန်တွေထနေကြပါသည်။

"တောက် ... လုံးဝ ( ...)ရေးမပါဘူး၊ ငါတို့ကတော့ နင် အတိတ်မေ့နေတုန်းက ပျာပျာသလဲ ဂရုစိုက်တဲ့သူ့ကိုကြည့်ပြီး ကိုကောင်းခန့်ထက်တောင် အမှတ်တွေပိုပေးနေတာ၊ နင့်ကို သူ တကယ်ချစ်တာပေါ့၊ အခုတော့ဟယ် ... သင်းယုတ်မာလွန်းတယ်၊ အိမ်တစ်ချက်လာဖို့မပြောနဲ့ ဖုန်းတောင်တစ်ချက်မဆက်ဘူး"

ရွှေပုံ့ ရည်းစားဟု ထင်နေသော နေ့ကို ဒီဒီတို့က မကျေမချမ်းပြောနေကြတာဟာ အဖြစ်မှန်ကိုမသိကြလို့ပါ။ အတိတ်မေ့ချင်ယောင်ဆောင်ပြီး အားလုံးကို အရူးလုပ်ခဲ့တဲ့ ရွှေပုံ့ရဲ့လှို့ဝှက်ချက်ကို သိသွားပြီဆိုရင် တကယ့်ကို အခါးတွေရပြီး ဝွမ်းမှာ ဖြစ်တာကြောင့် ဒီကိစ္စကို ရွှေပုံနဲ့ ကိုယ်စောင့်နတ်ပဲ သိစေပြီး ဘယ်သူ့မှ





အသိမခံတော့ဖို့ ဆုံးဖြတ်လိုက်တော့သည်။ ဘာမှ ခြေရာလက်ရာ သဲလွန်စမကျန်ရလေအောင် သဲလွန်စဖြစ်စေမယ့် ဒိုင်ယာရီတောင် လုံးဝမရေးပေ။

"ဟဲ့ ... ရွှေပုံ ... နင် နေ့ကို လျှော့မတွက်နဲ့နော်၊ သူ့မှာ အကပ်ခံချင်လို့ ဝိုင်းနေတဲ့ ဆော်တွေမှ အပုံလိုက်၊ အားလုံးက ဖလားချည်းပဲနော်၊ နင် ကျန်နေလို့မဖြစ်ဘူး"

"ငါသိပါတယ်ဟာ၊ အချစ်ဆိုတာ ထိန်းချုပ်လို့ရတာမဟုတ်ဘူး၊ သူ ဘယ်သူနဲ့ပဲရှုပ်ရှုပ် တစ်နေ့တော့ တကယ်ချစ်တဲ့သူဆိုတာတွေ့ပြီးမှ ဆုံးရှုံးရရင် ရင့်ကျက်သွားမှာပါ ...

မိန်းမတစ်ယောက်ရဲ့ ရင့်ကျက်မှုက တစ်ယောက်ယောက်ကို ချစ်မိရာမှစတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ရင့်ကျက်မှုကတော့ တစ်ယောက်ယောက်ကို ဆုံးရှုံးလိုက်ရာကနေ စတယ်ဟ"

"အမယ် ... မိန်းမ သိပ်ယုံကြည်နေတယ်ပေါ့လေ၊ ပြောစမ်းမှန်မှန်၊ နင် သူ့ကို ဘယ်တုန်းက စချစ်သွားတာလဲ"

ဘယ်တုန်းက စချစ်သွားတာလဲဆိုတဲ့အမေးကြောင့် ရွှေပုံ့ရင်ခုန်သံတွေကို အနည်းငယ်တော့ အဖျားခတ်သွားပါသည်။ နေ့ကိုချစ်မိသွားခဲ့လား။ အဲဒီအတွက် အဖြေဟာ အတိအကျမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ယေဘုယျကြည့်ရင် ရုပ်ချောတယ်၊ အပြောကောင်းတယ်၊ ပြီးတော့ မိန်းကလေးတွေ ရင်ခုန်ချင်စရာ ခပ်မိုက်မိုက် Body နဲ့ တော်တော်မော့ကြည့်ယူရမယ့် အရပ်မြင့်မြင့်ကြီးကို ပိုင်ဆိုင်ထားတဲ့ အတွက် အားလုံးကတော့ ရင်ခုန်ကြမှာပဲ။ ရွှေပုံလည်း မိန်းကလေး ထဲက မိန်းကလေးတစ်ယောက်ပဲလေ။ ဒီလို အမိုက်စားလေးကို သင်တန်းမှာစတွေ့ကတည်းက [ချယ်နဲ့မပြတ်ခင်အချိန်ထိ] ကြည့် လို့ရသေးတာပဲ။ သူ ကိုယ့်ရှေ့ကဖြတ်သွားရင် ဒီလိုပဲ မျက်စိ အစာကျွေးလိုက်တာပဲ။

"အခု အတိတ်မေ့ချင်ဟန်ဆောင်တုန်းက သူ့ရဲ့ဂရု စိုက်မှုတွေဟာ ရွှေပုံ့ကို ချစ်လာစေသလားဆိုတာတော့ အတိအကျ မသိ။ မာကျောနေတဲ့ စိတ်တွေဟာ တဖြည်းဖြည်း ပျော့ပျောင်းလာ လျက် နည်းနည်းတော့ သာယာမိသွားတာမျိုးလည်း ဖြစ်နိုင်ပါ သည်။

ချစ်တယ် မချစ်ဘူး အဖြေထုတ်ဖို့အတွက် သက် သေပြချက် မခိုင်လုံသေးတာတော့ အမှန်ပင်။

"ငါ သူ့ကို သံယောဇဉ်တော့ရှိပါတယ်၊ သူက ငါ့အတွက် ငါ့အိပ်မက်တွေရှိရာနေရာကို လိုက်ပို့ပေးတဲ့သူပါ၊ သူ့ရဲ့အာ မခံချက် အများကြီးပါလို့လည်း ငါ ဒီလောက်ထိ မြန်မြန်





ဆန်ဆန် စာအုပ်ထွက်ဖို့ဖြစ်လာတာ၊ နေ့ကို ငါ အဲဒီအတွက် အရမ်းကျေးဇူးတင်တယ်"

"ဟဲ့ ... ငါတို့မေးတာ ဖြေဦးလေ"

အတင်းမေးနေတာကြောင့် ရွှေပုံသည် တစ်ချက်ပြုံး လိုက်ရင်းက အဖြေတစ်ခု ပေးလိုက်သည်။

"အချစ်မှာ အချိန်ကာလ သတ်မှတ်ပြစရာမရှိဘူး၊ ချစ်တယ် လို့ စထင်တဲ့အချိန်မှာ သူဟာ ကိုယ့်နှလုံးသားရဲ့ နေရာ အပြည့်နီးပါးကို ယူပြီးသွားပြီ၊ အဲဒီတော့ ဘယ်တုန်းက စချစ်တာလဲလို့မမေးနဲ့ တိတိကျကျဖြေလို့ မရဘူး"

"အမယ်လေး ... စာရေးဆရာမစစ်စစ်ကြီး ဖြစ်တော့မှာ မလို့လားမသိဘူး၊ အချစ်နဲ့ပတ်သက်တဲ့ဒိုင်တွေက သိပ်ဖွင့် တတ်နေပါ့လား၊ ဒါနဲ့ဟာ ... သူ နင့်ဆီ ဘာလို့ မလာ တာလဲဆိုတာကို ငါ စဉ်းစားနေတာဟ၊ ပြီးတော့ နင် ကိုခန့်နဲ့ နေ ဘယ်သူ့ကိုရွေးမလဲ ဆိုတာ စဉ်းစားနေသေး တယ်၊ ဟဲ့ ... ဘယ်သူ့ကိုရွေးမှာလဲ"

ချယ့်ရဲ့မေးခွန်းအတွက် ရွှေပုံသည် လူနှစ်ယောက် ကို မျက်စိထဲ သွားပြီးမြင်ယောင်လို့လာပါသည်။ ကောင်းခန့်နိုင် ဆိုတဲ့ ကိုခန့်ဟာ ရွှေပုံ့အတွက်တော့ ရင်ခုန်စေလောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အီစီကလီအဆင်လေးဖြစ်သည်။ နေ့ကျပြန်တော့ ရွှေပုံဟာ အစမှာ အမြတ်ကတ်ပြီး မုန်းခဲ့ပေမယ့် နောက်ပိုင်းမှာ သာယာသလိုရှိသွားသည်။ တကယ်တမ်း နဖူးတွေ့ဒူးတွေ့ စဉ်းစားကြည့်ရင်တော့ အားလုံးဟာ မက်လောက်စရာတွေချည်းပဲ ဖြစ်နေပါသည်။

အဲဒီမေးခွန်းအတွက် ရွှေပုံသည် ပခုံးတစ်ချက်သာ တွန့်ပြနိုင်ခဲ့ပါသည်။

❦ ✦ ❦







ချစ်နေရတာနဲ့ အချစ်ခံရတာမှာ

ဘယ်ဟာက ပိုကောင်းမယ်ထင်လဲ ?

ကိုယ်ကပဲ ချစ်နေရပြီး ကိုယ်ချစ်သလောက်ပြန်မရရင်

ဝမ်းနည်းစရာကြီး ။

အချစ်တော့ခံရပါရဲ့

ကိုယ့်ကိုချစ်တဲ့သူကို ကိုယ်က မချစ်မနှစ်သက်ပါဘူးဆို

စိတ်ပျက်စရာကြီး ။


ဟွန့် ... နှစ်ခုလုံး အဆင်ပြေတာတော့ မရှိဘူးထင်

တယ် နော် ! ! ။

www.burmeseclassic.com

www.burmeseclassic.com







အခြေအနေတွေက မဟုတ်တာကတော့ တော်တော့ကိုမဟုတ်တာပဲဖြစ်သည်။ တစ်လနီးနီးလောက် ရှိနေပြီဖြစ်တာကြောင့် စိတ်ထဲမှာ နည်းနည်း ခိုးလိုးခုလုဖြစ်လာကာ ကျလိကျလိဖြစ်လာကြောင့် PCOဖုန်းကနေတစ်ဆင့် သူ့ရဲ့ဖုန်းနံပါတ်တွေကို နှိပ်ကာ ခေါ်ဆိုလိုက်ရင်တော့ စက်ပိတ်ထားပါသည်ပဲ အော်နေတော့သည်။

ဒီကာလတွေမှာ ရွှေပုံ့ရဲ့စာမူတွေဟာလည်း လုံးချင်းဝတ္ထုစာအုပ်အဖြစ်နဲ့ ထွက်ရှိလာတော့မှာမို့ သူ့ကိုလည်း ကျေးဇူးတင်စကားပြောချင်နေသည်။ ထုတ်ဝေသူရဲ့သားဖြစ်တာကတစ်ကြောင်း၊ ရွှေပုံ့ကို ဒီနေရာသို့ရောက်လာအောင် အာမခံပေးခဲ့တဲ့ နေ့ကို တွေ့ချင်လာတဲ့အခါ ဘယ်လိုမှ ဆက်သွယ်လို့မရတာဟာ အရမ်းကိုဆိုးဝါးပါသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"နင်ကလဲဟာ ... လွယ်တာကို ခက်အောင်သိပ်လုပ်တာပဲ၊ နေ ဘယ်ရောက်နေလဲဆိုတာ နင်သိချင်ရင် သူ့မိဘကို မေးလိုက်ပေါ့၊ သူ့မိဘတွေနဲ့ နင်လည်း ခင်နေ ရင်းနှီးနေတာပဲဟာ"

"အား ... အဲဒီလိုမျိုးကြီးတော့ မမေးချင်ပါဘူးဟာ၊ ဒါပေမဲ့ ... သူ အိမ်မှာမရှိဘူးဟ၊ ဟိုရက်က ဦးနေကျော်တို့က ငါတို့မိသားစုကို ထမင်းစားဖိတ်တာ သွားတော့ သူ့ကို လုံးဝ အရိပ်အယောင်တောင် မတွေ့မိဘူးဟ၊ ဘယ်ရောက်သွားတာလဲမသိဘူး၊ သင်တန်းမှာလည်း တွေ့တော့တာမှ မဟုတ်တာ"

"အေး ... အဲဒါဆိုရင်တော့ ထူးတယ်၊ နေ ဘယ်ရောက်သွားတာလဲ၊ သူ့ဘော်ဒါ သော်ဇနဲ့ ဒီပကို မေးကြည့်ရင်ကော ..."

"မေးပြီးပြီ၊ ရှိပါတယ်ပဲပြောတယ်၊ ဘာမှ အတိအကျမသိဘူး"

ရွှေပုံဟာ မပြောမဆိုဘဲ ရွှေပုံ့အနားက ထွက်ခွာသွားတဲ့အတွက် ဘာကို ဝမ်းနည်းမှန်းမသိ ဝမ်းနည်းမိနေတာက





တော့ အမှန်ပဲဖြစ်သည်။ နေ့ကို ရွှေပုံဟာ အရင်တုန်းကသာ မုန်းခဲ့မိတာပါ။

အခုချိန်မှာ မချစ်နိုင်သေးပေမယ့်လည်း ...

"နင် သူ့ကို ချစ်နေတာ သေချာပြီ ရွှေပုံ၊ နင် ဒီလို ယောက်ယက်ခတ်နေတာကို ငါ တစ်ခါမှမမြင်ဖူးဘူး၊ နင် အခု ဒီလောက် Worry တွေများနေတယ်ဆိုကတည်းက ဘာဆိုတာ ငါတို့ ခန့်မှန်းတတ်ပါတယ်၊ နင်က မချစ်ဘူးငြင်းလည်း နင့်နှလုံးသားကတော့ မငြင်းနိုင်တော့ပါဘူး ...

နင် အခု နေ ပျောက်သွားလို့ နေမထိထိုင်မသာနဲ့ ယောက်ယက်ခတ်နေတာ ငါသိတယ်ဟာ၊ ဘာမှ စိတ်မပူနဲ့ ငါ သော်ဇကို သေချာမေးပေးမယ်၊ ခဏလေး ... ဖုန်းခေါ် လိုက်ဦးမယ်"

ချယ်က လျှင်မြန်သွက်လက်စွာဖြင့် သူမရဲ့ iphone ကို ထုတ်ကာ သော်ဇဆီ ဖုန်းခေါ်လိုက်တော့သည်။ Speaker ဖွင့် ပြီးပြောတာကြောင့် ရွှေပုံတို့က အတိုင်းသားကြားနေရတာဖြစ်သည်။

"ဟယ်လို ... ချယ်ရီ ဘာကူညီရမလဲ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... သော်ဇ ကျေးဇူးပြုပြီး ကျွန်မမေးတာလေးကို အမှန်အတိုင်းဖြေပေးပါနော်၊ သော်ဇလည်း သိထားသင့်သလောက် သိထားမှာပါ၊ ရှင့်အဖြေက အရေးကြီးနေလို့ပါ၊"

"ဟို ... ဟိုဟာ နေက မပြောပါနဲ့လို့ မှာထားတယ်ဗျ၊ ပြီးတော့ သူက ရွှေပုံတိုးဝေကို အစလေးတောင် မပြောပါနဲ့တဲ့၊ ချယ်ရီ့ကိုတော့ ကျွန်တော် အားနာပါတယ်ဗျာ၊ သူဘယ်မှာလဲလို့တော့ မမေးပါနဲ့၊ သူ့ဘာသာသူ တစ်ယောက်တည်း အေးဆေးနေပါစေဗျာ"

ဘယ်လိုမေးမေး မပွင့်တဲ့ အဲဒီ သစ္စာစောင့်ပါးစပ်ကြီးအတွက် ရွှေပုံသည် ချယ်ရီကို တွန်းဖယ်ကာ ဝင်ပြောရလေတော့သည်။

"ဟယ်လို ... သော်ဇ ကျွန်မ ရွှေပုံပါ၊ ကူညီပါ သော်ဇရယ်၊ သူက သူ့ဘာသာသူ ထင်ကြေးတွေနဲ့ ထွက်သွားတာပါ၊ ကျွန်မ သူ့ကို လုံးဝ စိတ်မခုပါဘူး၊ ကျွန်မရဲ့ အိပ်မက်တွေကို သူက ပီပြင်လာအောင် ပုံဖော်ပေးခဲ့တဲ့သူပါ၊ ကျွန်မ ဒီလောက်ပြောရင် ကျွန်မစိတ်ကို ကိုသော်ဇ





မှန်းနိုင်ပါတယ်၊ ကူညီပါ ... သူ သူ့အိမ်မှာ မရှိဘူးဆိုတာတော့ ကျွန်မ အတိအကျသိတယ်၊ သူ အခုဘယ်မှာလဲဟင် ?"

ရွှေပုံ့စကားအဆုံးမှာ အတန်ငယ်တိတ်သွားပြီးမှ သက်ပြင်းချသံတစ်ခုကို အရင်ကြားရပြီးမှ ...

"ကောင်းပြီ ... ကျွန်တော် ပြောပြမယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ရွှေပုံတိုးဝေ၊ သူ မင်း အတိတ်မေ့တုန်းက မင်း ရည်းစားပါလို့ လိမ်ပြောခဲ့ရတာဟာ မင်းအနားမှာ နေခွင့်ရအောင်လို့ပါ၊ မင်းကို သူ တကယ်ချစ်သွားတာ၊ နေ ပြောပြောနေကြ ဘာညာသာရကာဆိုတဲ့စကားကို မင်းကို ချစ်သွားတဲ့အချိန်ကစပြီး သူ မပြောတော့ဘူး၊ ငါတို့သူငယ်ချင်း နေက မိန်းကလေးတွေအတွက် အရှုပ်ထုပ်ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ မင်းအတွက်တော့ သူဟာ အကောင်းဆုံးတွေပဲ စဉ်းစားပေးခဲ့တဲ့သူပါ ...

အဲဒီတော့ကွာ ... ငါတို့ဘက်က Request လုပ်ပါရစေ၊ သူရှိတဲ့နေရာကို သွားပြီး သူ့နှလုံးသားကို နောက်တစ်ခါ နာကျင်အောင် ထပ်မလုပ်ပါနဲ့၊ မင်းက သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘာညာသာရကာမဟုတ်ဘူး ရွှေပုံတိုးဝေ၊ သူ့ရဲ့နှလုံးခုန်သံတွေပဲ"

အဲဒီစကားကြားရရင် အမှားကြီးကျူးလွန်ခဲ့မိသည့်ကိစ္စတွေအတွက် ဖြေရှင်းချက်ကို ဘယ်လိုထုတ်ရမယ်မှန်းလဲမသိတော့ပါ။ နေဟာ လုံးဝကို အပြစ်ကင်းစင်သူဖြစ်သွားပြီး လုံးဝအချစ်သူရဲကောင်းကြီးဖြစ်နေတဲ့အချိန်မှာ ရွှေပုံကတော့ သူ့အချစ်ကိုရအောင် တမင်တကာကြီး အတိတ်မေ့ချင်ဟန်ဆောင်တဲ့ မူလကျိမကြီးဖြစ်လို့သွားပေပြီပေါ့။

"သော်ဇ ... သူအခု ဘယ်မှာလဲဟင်"

"ရန်ကုန်မှာပဲရှိပါတယ်၊ သန်လျှင်ဘက်က သူ့ဦးလေးဆီမှာ သွားနေတယ်၊ အဲဒီကို မလိုက်သွားပါနဲ့၊ မနက်ဖြန်ဒဂုံမှာ သူ Assignmentတင်စရာရှိတယ်၊ ဆယ်နာရီလောက်ကျောင်းကိုရောက်လိမ့်မယ်၊ မင်း သွားချင်တယ် ဆိုရင်အဲဒီကိုပဲသွားလိုက်ပါ ရွှေပုံ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူးပါပဲ သော်ဇ"

"ဪ ... ခဏလေး ရွှေပုံတိုးဝေ၊ အချစ်ဆိုတာ ကြက်ဟင်းခါးသီးလိုပဲ၊ လက်ခံနိုင်သူအတွက်ကတော့ စားလို့





ကောင်းတယ်၊ လက်မခံနိုင်သူအတွက်ကတော့ တော်တော်ခါးတယ်ဆိုတော့ မင်းလည်း နေ့အပေါ် စိတ်ထားဘတ်ဖို့ပဲလိုမှာပါနော်၊ ဟုတ်လား"

ဟင် ... ဟင် ... ဒီဒိုင်ကြီးကို ရင်းရင်းနှီးနှီးကြားဖူးသည်ပဲ။ ရွှေပုံရဲ့စာအုပ်ထဲက စကားလုံးတွေပဲ။ ဒါကို ဘယ်လိုသိတာလဲ။ အဲဒီအတွေးအတွက် သော်ဇကပဲ ဖြေပေးသွားခဲ့ပါသည်။

"နေက မင်းရဲ့ စာဖတ်ပရိတ်သတ်တစ်ယောက်ပါ ရွှေပုံ၊ မင်းရဲ့ဝတ္ထုတွေကို သူ သေချာဖတ်ပြီး ကြိုက်တယ် လုံးဝဖြစ်နိုင်တယ်ဆိုမှ သူ့အဖေကို အဲဒီစာမူတွေ ပြခဲ့တာပါ၊ ကောင်းကင်ဘုံစာအုပ်တိုက်အတွက် မင်းက ဘယ်သူ့ Pressure မှမပါဘဲ ကိုယ်ပိုင်အရည်အချင်းရှိလို့ ပါပလစ်ရှာက စင်တင်ပေးတာပါ၊ အဲဒီစကားက နေ့ အကြိုက်ဆုံးစကားပဲ ရွှေပုံ ... ဒါပဲနော် ...

CU"

သော်ဇ ဖုန်းချသွားလေလျှင် ရွှေပုံသည် ရှင်းလင်းသွားတဲ့ အသိတရားတွေနဲ့အတူ ဆုံးဖြတ်ချက်ကိုလည်း ယတိပြတ်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်တော့သည်။ ဟင့်အင်း ... ရွှေပုံ မချစ်ဘဲမနေနိုင်တော့ဘူး။ နေ့ရဲ့ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ခွင့်ရရှိခဲ့တဲ့ ကံထူးသူ ရွှေပုံ့ဘဝကိုလည်း ဘာနဲ့မှမလဲချင်ခဲ့တော့။ အဲဒီအတွက် ဘယ်သူမှ မသိခဲ့ပေမယ့် အတိတ်မေ့ချင်ယောင်ဆောင်ခဲ့တဲ့ လုပ်ဇာတ်ကို ဒီအတိုင်းထားကာ ပြည့်ဖုံးကားချပြီး မျက်စိစုံမှိတ် ချစ်ဖို့ပဲဖြစ်သည်။

အဲဒီလိုလုပ်လိုက်တာဟာ နှစ်ယောက်စလုံး ကောင်းဖို့အတွက်ပဲဖြစ်သည်။ လိပ်ပြာသန့်သန့်နဲ့ သူ့အချစ်တွေကို ကြိုဆိုဖို့ရာ ရွှေပုံ့မှာ တစ်ရန်ရှင်းရဦးပေမည်။ ရွှေပုံ့အနား တကပ်ကပ်ဖြစ်နေတဲ့ ကောင်းခန့်နိုင်ကို အပြတ်ဖြတ်ဖို့ ချက်ချင်းပဲ ဖုန်းခေါ်ကာ ကိုယ့်ခံစားချက်တွေအတွက် ဖွင့်ဟဝန်ခံခဲ့ပါသည်။

"ကိုခန့်ကို အရမ်းအားနာပါတယ်၊ ရွှေပုံ ကိုခန့်ကို မချစ်နိုင်ဘူး၊ လူကြီးတွေ ရည်ရွယ်ထားတယ်ဆိုပေမဲ့ တရားဝင်ဒါဖြစ်ရမယ်လို့ မသတ်မှတ်ထားတဲ့အတွက် ရွှေပုံ့မှာ ငြင်းခွင့်ရှိပါတယ်၊ ဆောရီးပါ ... ကိုခန့်၊ ရွှေပုံ ကိုခန့်ကို မချစ်နိုင်ဘူး"

"ဒါဆို ရွှေပုံက ဘယ်သူ့ကို ချစ်တာလဲ ?"





ကိုခန့်က ကြေကြေကွဲကွဲအသံဖြင့် မေးခွန်းထုတ်လာလျှင် ရွှေပုံသည် အလှပဆုံး အပြုံးတစ်ပွင့်ကို ဆင်မြန်းကာ တစ်လောကလုံးကို ကြေညာရဲသည်အထိ သတ္တိတွေရှိနေ၍ ရွှေပုံ့ချစ်သူနာမည်ကို ဖွင့်ပြောပြခဲ့ပါသည်။

ပရိသတ်ကြီးလည်း သဘောပေါက်ပါလိမ့်မည်။ ရွှေပုံ့ချစ်သူ ဘယ်သူဆိုတာ မပြောလည်းသိနိုင်သည်အထိ ရွှေပုံ့ အမူအရာတွေက ဖလန်းဖလန်းထနေခဲ့ပါသည်။

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ကျောပိုးအိတ်ကို စလွယ်လျှိုသိုင်းကာ လေးတိလေးကန်ခြေလှမ်းတွေဖြင့် အသက်မပါသလို လျှောက်လာသည့် သူ့ကိုမြင်ရင် အားလုံးက လေနေတဲ့ကောင်လေးလို့ သဘောပေါက်ပါလိမ့်မည်။ အချစ်ဆိုတာ ဘာညာသာရကာအဆင့်မှာ ထားလို့ရတဲ့ ခံစားမှုမဟုတ်မှန်း သူ သိသွားတဲ့အခါ အချိန်တွေက နှောင်းကုန်ကာ အားလုံးပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ မင်းကို အချိန်တိုင်းလွမ်းတယ် ရွှေပုံရယ်။

"ဟေ့ ... ရှောင်ရင်လွတ်တယ်ဟေ့ ... လာထား အာဘွား"

အနောက်က အူကြောင်ကြောင်အသံတွေနဲ့ အတူ သူ့ခေါင်းကို ဘုန်းဆို လာထိမှန်တာကြောင့် ဆတ်ခနဲ ကောက်ယူ





၍ အဲဒီရှောင်ရင်လွတ်တယ်ဆိုတဲ့ စိန်ခေါ်မှုအတွက် ကောဖို့နောက်လှည့်ကြည့်လျှင် ကော်ရစ်တာတောက်လျှောက်က ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မရှိဘဲ ရှင်းလို့ လင်းလို့နေပါသည်။ တောက် ... ဒါ သက်သက်မဲ့ ရန်စတာ။ နေသည် ဘောလုံးကို ဘုန်းခနဲ မြေပြင်ပေါ်လို့ လွတ်ချကာ ခြေထောက်ဖြင့် ထောက်ဖိထားပြီး ...

"ဟေ့ကောင် ... ထွက်ခဲ့စမ်း၊ အခုမှ သွေးကြောင်နေတာလား၊ ထွက်ခဲ့ ... ဝမ်း ဝမ်းချင်း မဆွဲရဲရင် အုပ်စုဖွဲ့ပြီး လာခဲ့လိုက်၊ လက်အားနေလည်း ချေးကိုင်ထားကွ"

သူက စိတ်ပေါက်ပေါက်ဖြင့် ပျစ်ပျစ်နှစ်နှစ်တွေ ထွက်ကုန်လျှင် ထောင့်အကွယ်တစ်ခုမှ ဂျယ်လိုလို မတ်လိုလို ညှောင်နာနာအသံတစ်ခုက ထွက်ပေါ်လာသည်။

"မဆွဲရဲပါဘူး၊ ချေးလည်း ကိုင်ချင်ပါဘူး၊ ဝေါ့ ... ရှံစရာကြီး၊ ဒါနဲ့ ဘာလို့ ဒီလောက်ဒေါသတွေခွီးပြီး စွတ်အော်နေတာလဲ၊ ဘာလဲ ... သျှောင်ပေစူးကေ ပျက်သွားမှာစိုးလို့လား၊ ဒါမှမဟုတ် ဆော်က မုန်းတယ် ပြောလိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



အနှာပေါင်းကို ပြန်အဆွဲခံလိုက်ရတာကြောင့် နေဟာ ဒေါသတွေက မီးကုန်ယမ်းကုန်ပေါက်လာကာ အမုန်းဝှန်းဖို့ စိန်ခေါ်လိုက်သည်။

"ဟေ့ကောင် ... ယောကျ်ားဆို နံရံနောက်က လက်သီးပြမနေနဲ့ မင်းထွက်ခဲ့စမ်း၊ ခွေးမသား ... မင်း သေပြီပဲ၊ ထွက်ခဲ့စမ်း"

နေက အသားကုန် ထင်တိုင်းကြဲပေမယ့် နံရံအကွယ်က ကောင်က ထွက်ကိုမလာသေး။ ကြောက်ချေးပန်းနေပြီထင်တယ်။ သူက ထွက်မလာရဲတော့လည်း ဆွဲထုတ်ရတာပေါ့။ နေက သူ့ရဲ့ အသံလာရာ နံရံကွယ်ကို သွား၍ ရိပ်ခနဲ အရိပ်ကို ဆွဲထိုးဖို့ လက်အရွယ်မှာတော့ ခပ်သွက်သွက်အော်သံတစ်ခုကို ကြားရလေသည်။

"ဟိုး ... ဟိုး ... ဟိုးထား ဒေါသကလည်း ကြီးလိုက်တာ၊ ကြောက်စရာကြီး၊ ဘာလို့ ဒီလောက်တောင် သတ်ချင်ဖြတ်ချင်နေရတာလဲ"

သူက အဲဒီအသံကြောင့် ကြည့်လိုက်လျှင် သူ ဆွဲထိုးတော့မယ့် သူဟာ ရွှေပုံပဲ ဖြစ်လို့နေသည်။ ဟား ... ဘာတွေလဲ။





"ကဲ ... အသေသတ်ချင်နေတဲ့ ကိုယ်တော် တကယ်သတ်မှာလား သမီးကို"

ပြောင်ချော်ချော်လေသံဖြင့် ပြောနေသော ရွှေပုံ့ကို သူဟာ အံ့ဩလွန်း၍ ဘာပြန်ပြောရမှန်းကို မသိတော့ပေ။ Crazy စိမ်း တီရှပ်နဲ့ အနက်စိုစို ဂျင်းဘောင်းဘီဝတ်ထားကာ မျက်မှန်က မှန်မပါတဲ့ Fancy အဝါရောင် ကိုင်းမျက်မှန်ကြီးတပ်ထားသေးသည်။ လုံးဝကို နေပူထဲထွက်ရင် ခွေးလိုက်ဆွဲအောင် စီးထားတဲ့ဖိနပ်က ပန်းဆီရောင် Walking Shoe ဖြစ်သည်။ တက်ကနီကာလာတွေဝတ်ဆင်ကာ သူ့ဆီ ဘယ်ကဘယ်လို ရောက်ချလာမှန်းမသိတဲ့ ရွှေပုံကို သူက အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား ငေးကြည့်နေလျှင် ရွှေပုံက မျက်နှာပေးအိုက်တင်ကောင်းကောင်းဖြင့် သူ့ကို မှုန်တေတေကြည့်ကာ မေးတစ်ချက်ဆတ်ပြ၍ ...

"ပြောစမ်း ... မှန်မှန်၊ ဘယ်ကောင်မလေးနဲ့ ကြူချင်လို့ ထွက်သွားရတာလဲ"

ဟား ... မေးခွန်းတွေကလည်း အသစ်တွေပါလား။ နေသည် လည်ချဉ်ချင်ဖြစ်လာပေမယ့် ကိုယ့်ရဲ့ချစ်ခြင်းတရားတို့



www.burmeseclassic.com

www.burmeseclassic.com



စုပုံရာဟာ ဘယ်မှာဆိုတာတော့ အတိအကျသိပါသည်။ အခြေအနေဟာ အကောင်းဘက်ကို ဦးတည်ဖို့ပဲ ဖြစ်ပါစေ။

"ဘယ်ကောင်မလေးနဲ့မှ မကြူပါဘူး၊ ကိုယ်တကယ်ချစ်တဲ့ကောင်မလေးဆီက မုန်းတယ်လို့ ကြားရမှာကို မခံစားနိုင်လို့ မကြားရတဲ့နေရာမှာ ခဏသွားပုန်းနေတာ"

သူ့စကားကြောင့် ရွှေပုံက မျက်စောင်းကြီးတစ်ချက် သူ့ကို စွန့်ကြဲပေးသနားကာ မှန်မပါတဲ့ မျက်မှန်ကြီးကို ချွတ်ကာ ဘောင်းဘီအိတ်ကပ်မှာ ချိတ်လိုက်ပြီးမှ ...

"ဘယ်သူက မုန်းတယ်လို့ ပြောမှာလဲ"

ဟား ... ဒီလောက်ဆို သူ သဘောပေါက်ပေပြီ။ သူ ရှိမယ့်နေရာကိုတောင် အရောက်လာပြီး သူ့ကို လာစကားပြောတယ်ဆိုကတည်းက အားလုံး အိုခေသွားပြီဖြစ်ကြောင်း အော်တိုပေါက်သွားသည်။ နေဟာ မျက်နှာချင်းဆိုင်ရပ်နေရာမှ သူမဘေးသို့ ဇတ်ဆို တိုးကပ်သွားကာ ...

"ဒါဆို ချစ်တယ်ပေါ့နော်၊ ဟုတ်လားဟင် ရွှေပုံ"

သူက အဲဒီစကားကို တိုးတိုးလေးမေးလိုက်လျှင် သူမက စူပုပ်ပုပ်မျက်နှာဖြင့် သူ့ကို မော့ကြည့်ကာ ...





"ဘာကိုချစ်တယ်ပေါ့လဲ၊ ဘယ်သူ့ကို လာမေးနေတာလဲ၊ ကန်တော့ပါသေးရဲ့"

"ဟား ... I'm sorry၊ ကိုယ်မှ ရွှေပုံ့ကို ရည်းစားစကား မပြောရသေးတာ၊ ရွှေပုံ ... ဖြစ်ပျက်ခဲ့သမျှ တောင်းပန်ပါတယ် ...

ကိုယ့်ဘဝမှ တစ်ခါမှ မချစ်ဘူးတဲ့ အချစ်နဲ့ ချစ်မိသွားတာပါ၊ ကိုယ် မင်းကို ချစ်တယ် ရွှေပုံ"

"ဟုတ်လား ... အချစ်ကျွမ်းရင် ဟိုမှာ သွားလုပ်ပါလား၊ လစာကောင်းတယ်၊ International အုန်းသီးခြစ်လုပ်ငန်းမှာလေ"

ရွှေပုံက သူ့ကို အတည်ပေါက်ကြီးဖြင့် ပြောက်စားလုပ်တာကို သူက ချစ်မြတ်နိုးမဝစွာဖြင့် ငေးကြည့်ကာ ...

"မင်းကို ကိုယ် အဖြူစင်ဆုံးနှလုံးသားနဲ့ ချစ်တာပါ ရွှေပုံရယ်၊ ကိုယ်ကလေ ရွှေပုံ့ကို ဘယ်တော့မှ ပြန်မဆုံနိုင်ဘူးလို့ ထင်ထားတာ"

သူ့စကားကြောင့် ရွှေပုံက မခိုးမခန့်ပြုံးကာ သူ့ကို မျက်ကဲရွှယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ဟင်းခါးသီးကို လက်ခံနိုင်သူကတော့ စားကောင်းတယ်ပဲ ပြောကြမှာပဲ၊ ကျွန်မကလည်း ကြက်ဟင်းခါးသီးကို လက်ခံနိုင်ပါတယ်"

ဟား ... သေလို့ရတဲ့ အဖြေတစ်ခွန်းက ရင်ကို လာခိုက်စေသည်။

အဲဒီအတွက် ရွှေပုံရဲ့ အချစ်တွေကို ရရှိခွင့်ရတဲ့ သူဟာလည်း ရွှေပုံ့ကို တကယ်ချစ်တယ်ဆိုတာ သူ့ကိုယ်သူ အသိဆုံးဖြစ်တာကြောင့် ရွှေပုံ့ရဲ့လက်သန်းလေးနားသို့ သူ့လက်သန်းလေးတစ်ဖက်ကို အသာထိကပ်ကာ ခိုင်ခိုင်မာမာ ကတိတစ်ခု ပေးလိုက်သည်။

"ဒီစကားက ကိုယ် တစ်သက်လုံး တည်မယ့်စကားပါ၊ ရွှေပုံ့အတွက် ကတိစကားပေါ့၊ ရွှေပုံ့ဆီက အချစ်ကိုရရှိတဲ့အတွက် ကိုယ် အရမ်းဝမ်းသာတယ်၊ ဘယ်သူ့ကိုမှ မချစ်ဖူးတဲ့ အချစ်မျိုးပါ၊ ကျန်တာတွေအားလုံးဟာ ကိုယ့်ဘဝရဲ့ ဘာညာသာရကာတွေ ဖြစ်သွားပြီ"

သူ့ကတိစကားအတွက် ရွှေပုံက သူ့ကို ပေစောင်းစောင်းဖြင့်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်ပြ၍ ...





"ဟုတ်ပါပြီ ကိုဘာညာသာရကာကြီးရယ်၊ အဲဒီစကားနဲ့ ညီ,မညီ စောင့်ကြည့်လိုက်ဦးမယ်၊ ခုတော့ ရှင့် Assingnment သွားတင်စို့ ... လာ"

... လို့ဆိုပြီး ရွှေပုံက သူထိကပ်ထားတဲ့ လက်သန်းလေးကို သူမလက်သန်းလေးနဲ့ ဆတ်ခနဲချိတ်ကာ သူ့ကို ခေါ်သွားတော့သည်။ ဘာညာသာရကာလေးပါဆိုတဲ့ သူမဟာ အခုချိန်မှာတော့ တစ်ကမ္ဘာစာလောက် အရေးပါမှန်း သဘောပေါက်ပြီဖြစ်သည်။

အချစ်က ဘာညာသာရကာ နေကြာကွာစေ့လိုပေါ့ပေါ့လေး သဘောထားလို့မရဘူးဆိုတာတော့ လက်ခံလိုက်ပါ မိတ်ဆွေတို့။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

10th Dec 2011.

(02:43) A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Maeminbon"

BURMESE CLASSIC .com

www.burmeseclassic.com